www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ပုံပြင်လေလားမိစ္ဆာစား

BURMESE CLASSIC .com

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် တွေဝေနေ၏။

သူ ဘာဆက်လုပ်ရမည်ကိုဝေခွဲမရနိုင်ဘဲဖြစ်နေမိသည်။

အတန်ကြာငြိမ်နေပြီးမှ....

သူသည် သက်ပြင်းတစ်ချက်ချကာ....

"ငါဟာ ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်း ဖော်ထုတ်ဖို့ လာတာပဲ၊ ကြောက်နေလို့ဖြစ်မလား၊ တာဝန်ကျေအောင်တော့ထမ်းဆောင်ရမှာပေါ့"

သူသည် ကိုယ့်ကိုယ်ကိုအားတင်းကာ ညောင်ကျပ်ပင်ကြီးဆီသို့ခရီးဆက်လေသည်။ မကြာမီမှာပင်....

"ဂူး... ဂူး... ဂူး"

ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံများက အရပ်လေးမျက်နှာမှထွက်ပေါ်လာ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် တောခွေးများ၏အန္တရာယ်ကိုလည်း သတိထားနေရသည်။

ညသည် ပို၍အေးစိမ့်ကာ ပို၍ချောက်ချားဖွယ်ရာကောင်းလာလေ၏။ ရှောင်မာသည် ရှေ့သို့ဝါးတစ်ရိုက်ခန့်ခရီးနှင်ပြီးနောက် တဖြည်းဖြည်းချင်းရပ်တန့်လိုက်မိပြန်သည်။

ယခုဆိုလျှင်....

သူသည် ညောင်ကျပ်တောအုပ်ထဲသို့ရောက်ရှိနေပြီဖြစ်ပေသည်။ တောအုပ်ကိုဖြတ်၍ဖောက်လုပ်ထားသော တောလမ်းကလေး၏တစ်ဖက်တစ်ချက်တွင် သစ်ပင်ချုံနွယ်များထူထပ်စွာရှိနေကြလေသည်။

လေတိုက်၍ချုံပုတ်များလှုပ်ယမ်းသွားသောအခါ မကောင်းဆိုးဝါးများပြေးလွှားသွားသည်ဟုထင်မှတ်ရ၏။

သစ်ပင်များနောက်ကွယ် အမှောင်ထုထဲမှနေ၍....

တစ်စုံတစ်ယောက်က သူ့အား ချောင်းမြောင်းကြည့်ရှုနေသည်ဟုလည်းထင်နေမိ၏။

မြိုးမြိုးချွတ်ချွတ်အသံများ ဟိုမှဒီမှထွက်ပေါ်လာသည်ဟုလည်းထင်မိလေသည်။



အကြောက်အလန့်မရှိဟု ကိုယ့်ကိုယ်ကိုထင်မှတ်ထားသော ရှောင်မာသည် တစ်ကိုယ်လုံးအေးစက်တောင့်တင်းသွား၏။

သူသည် အံတင်းကင်းကြိတ်လိုက်ပြီး....

"လောကပေါ်မှာ မကောင်းဆိုးဝါးဆိုတာမရှိဘူး... လူသူကင်းမဲ့တဲ့တောထဲတောင်ထဲကိုရောက်လာပြီးမှ ဘာကြောင့် စိတ်ထဲအလိုလိုချောက်ချားလာရတာပဲ၊ ဒါမျိုးလူတိုင်းဖြစ်တတ်ကြတာချည်းပဲ၊ ဘာကြောက်စရာရှိသလဲ"

ကိုယ့်ကိုယ်ကိုအားပေးနှစ်သိမ့်လိုက်ပြန်သည်။

သူရောက်ရှိနေသောနေရာမှာ ဘိန်းစားပုဂ္ဂိုလ်အသတ်ခံခဲ့ရသည့်နေရာနှင့် မလှမ်းမကမ်းနေရာဖြစ်သည်။

ပုဂ္ဂိုလ်သေဆုံးနေပုံကို သူ၏မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်လာမိလေသည်။ သူသည် နောက်ကြောင်းလှည့်ရန် ဟန်ပြင်လိုက်မိ၏။

သို့သော်.... သူသည်ခေါင်းခါလိုက်ပြီး....

"မဖြစ်သေးပါဘူး၊ ငါဒီအတိုင်းလှည့်ပြန်သွားရင် သူရဲဘောကြောင်တဲ့လူတစ်ယောက်လို့ လှောင်ပြောင်ခံရတော့မယ်"

ယင်းသို့တွေးမိသည်နှင့်....

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်မိပြန်လေသည်။ ထိုစဉ် သူ၏နားထဲသို့ထူးခြားသောအသံတစ်သံ ထိုးဖောက်ဝင်ရောက်လာသည်ကိုကြားလိုက်ရသည်။

ထိုအသံကား မြင်းခွာသံဖြစ်၏။

မြင်းခွာသံသည် သူ့ရှေ့ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ညအချိန်မတော် ဘယ်သူများပါလိမ့်"

တွေးရင်း....

ရှောင်မာသည် ရှေ့တူရူသို့လှမ်းကြည့်လိုက်၏။

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများက ပို၍ကျယ်လောင်လာသည်။ တစ်စထက်တစ်စနီးကပ်လာပြီဟုနားလည်လိုက်သည်။

သူကြည့်နေစဉ်မှာပင်... ရှေ့ဘက်တောလမ်းပေါ်မှ မြင်းစီးသမားတစ်ဦးဘွားခနဲပေါ်လာတော့၏။

ထိုလူသည် မြင်းကိုဒုန်းစိုင်းနင်လာနေခြင်းဖြစ်ရာ တစ်ခဏအတွင်းမှာပင် ရှောင်မာနှင့်ပို၍ပို၍နီးကပ်လာ၏။ ရှောင်မာက ဘယ်သူလဲဟုအော်မေးရန်ဟန်ပြင်လိုက်သော်လည်း မမေးဖြစ်တော့ပါ။



အကြောင်းမှာ... မြင်းစီးသမားအား သေသေချာချာတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

သန်မာထွားကျိုင်းသည့်မြင်းနက်ကြီးတစ်ကောင်ပေါ်၌ တိုက်ပွဲဝင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူတစ်ယောက် ....

ထိုလူ၏လက်ထဲတွင်... အရောင်တဖိတ်ဖိတ်ဝင်းလက်နေသောဓားတစ်လက်ကိုကိုင်ဆောင်ထား၏။

ထိုလူ၏ဦးခေါင်းသည် လည်ပင်းမှတိတိရိရိပြတ်နေ၏။

ဦးခေါင်းမပါသည့်ခန္ဓာကိုယ်ကြီးက....

ဓားတဝင့်ဝင့်နှင့်မြင်းကိုဒုန်းစိုင်းနှင်လာပုံမှာ အသည်းယားစရာကောင်းလှတော့သည်။

ကြောက်တတ်သူများအဖို့....

ထိုမြင်ကွင်းကိုမြင်ရုံဖြင့်ပင် အကြောက်လွန်ကာ ဘိုင်းခနဲလဲကျသတိလစ်သွားနိုင်ပေသည်။

ရှောင်မာကိုယ်တိုင်လည်း....

အံ့ဩထိတ်လန့်ကာ ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

"ဒါ... ဒါ ရွှမ်ပဂိုင်စန်းတချွေပါလား"

မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် ခွမ်ဟိုင်စန်းတချွေနှင့်နဖူးတွေ့ဒူးတွေ့ရင်ဆိုင်တွေ့လိုက်ရပြီဖြစ်ပေသည်။

ရှောင်မာထိတ်လန့်မှင်တက်နေစဉ်မှာပင်....

ခွမ်ဟိုင်စန်းတချွေသည် ဓားကိုဝှေ့ယမ်းကာ သူ့ထံသို့ တစ်ဟုန်ထိုး ဒုန်းစိုင်းတိုးဝင်လာနေပြီဖြစ်သည်။

ရှောင်မာကား မလှုပ်မယှက်ငေးကြည့်နေဆဲပင်....



## လှည့်ကွက်

"ခွပ်ခွပ်... ခွပ်ခွပ်"

"ခွပ်ခွပ်... ခွပ်ခွပ်"

တိတ်ဆိတ်သောဝန်းကျင်တွင်....

မြင်းခွာသံများသည် တခွပ်ခွပ်ဖြင့် ကျယ်လောင်စွာ မြည်ဟီးထွက်ပေါ်လာလေသည်။

မြင်းများကြားမှ မြင်းစီးသမားတစ်ယောက် ဘွားခနဲထွက်ပေါ်လာသည်။

ထိုမြင်းစီးသမားသည် အနက်ရောင်မြင်းကြီးကိုစီး၍ တိုက်ပွဲဝင်သံချပ်ဝတ်တန်ဆာဝတ်ဆင်ထားသည့် ဦးခေါင်းမပါသည့်ခန္ဓာကိုယ်ကြီးဖြစ်ပေသည်။

ထိုဦးခေါင်းမပါသောခန္ဓာကိုယ်ကြီးသည်....

www.burmeseclassic.com

www.burmeseclassic.com



ချင်းဟိုင်ဒေသတစ်ခုလုံး ဖိန့်ဖိန့်တုန်ကြောက်ရွံ့သွားအောင် သတင်းကြီးနေသော....

ရှမ်ဟိုင်စန်းတာ့ဗွေပင်ဖြစ်တော့၏။

"ဟီး... ဟီး... ဟီး"

စူးရှကျယ်လောင်သော မြင်းဟီသံကြီးထွက်ပေါ်လာ၏။

သူသည် အရောင်တဖိတ်ဖိတ်တောက်ပနေသည့်မိစ္ဆာစေး ကိုဝင့်ကာဝင့်ကာဖြင့်ဒုန်းစိုင်းနှင်လာရာ....

ရှောင်မာနှင့် တစ်စထက်တစ်စနီးကပ်လာလေသည်။

ရှောင်မာသည် ရှမ်ဟိုင်စန်းတာ့ဗွေနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရပြီဖြစ်သည်။

မကောင်းဆိုးဝါးတစ္ဆေသရဲဆိုသည်ကို ယုံကြည်မှုမရှိသည့် ရှောင်မာသည် တစ်သက်နှင့်တစ်ကိုယ် မကြုံတွေ့ဖူးသောဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရသဖြင့်....

ကြက်သီးဖျန်းဖျန်းထကာ ခြေဖျားလက်ဖျားများ အေးစက်သွားအောင်ပင် ကြောက်ရွံ့ထိတ်လန့်သွားလေတော့၏။

ဘိန်းစားပုကျူးသေဆုံးနေပုံကိုလည်း ပြန်လည်မြင်ယောင်လာမိလေသည်။



ရှမ်ဟိုင်စန်းတာ့ဗွေသည် သူ့ကိုလည်း ဘိန်းစားပုကျူးကဲ့သို့ ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲအောင်တိုက်ခိုက်တော့မှာ သေချာလှသည်။

ရှောင်မာ၏ခန္ဓာကိုယ်မှသွေးကြောသွေးများသည် ရုတ်ခြည်းဆိုသလို အုံ့ဩဖွယ်ကောင်းလောက်အောင်ပျောက်ဆုံးသွားချေပြီ။

"အား..."

စူးစူးရှရှတစ်ချက်အော်လိုက်ပြီး မြင်းဇက်ကြိုးကိုဆောင့်ဆွဲကာ နောက်ပြန်လှည့်ပြီးမောင်းပြေးလေသည်။

"ဖြောင်း... ဖြောင်း... ဖြောင်း"

"ဖြောင်း... ဖြောင်း... ဖြောင်း"

ရှောင်မာနှင့် ရှမ်ဟိုင်စန်းတာ့ဗွေတို့ စီးနင်းသောမြင်းခွာသံများသည် တောလမ်းတစ်လျှောက် ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

ရှောင်မာသည် ဘာမျှမစဉ်းစားနိုင်တော့ဘဲ အသက်ဘေးမှလွတ်အောင်ပြေးလေတော့၏။

ရှမ်ဟိုင်စန်းတာ့ဗွေကလည်း အလွတ်မပေးဘဲ သူ့နောက်မှ ထက်ကြပ်မကွာလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှဓားကြီးကိုဝင့်ကာဝင့်ကာလိုက်နေပုံမှာ အသည်းယားစရာပင်ကောင်းနေတော့သည်။

ဓားတစ်ချက်အခုတ်ခံလိုက်ရသည်နှင့်....

ဦးခေါင်းနှင့်ခန္ဓာ ကိုယ်အိုးစားကွဲမှာသေချာလှသည်။

"ဟိုင်း... ဟိုင်း"

ရှောင်မာသည် မြင်းကိုအော်ငေါက်ကာ ဒုန်းစိုင်းနှင်နေလေ၏။ သူ၏စိတ်များ မည်မျှလှုပ်ရှားနေသနည်းဆိုသော်...

တစ်ဟုန်ထိုးပြေးသွားသည့် မြင်းပြေးနှုန်းကိုပင် နှေးကွေးလွန်းလှသည်ဟုထင်မှတ်နေမိလေ၏။

တောလမ်းအတိုင်းပြေးပါက လွတ်မြောက်ရန် မလွယ်ဟုတွေးကာ လမ်းဘေးပြောင်းခင်းထဲသို့မြင်းကိုမောင်းချလိုက်သည်။

ပြောင်းခင်းအတွင်းသို့ ကမူးရှူးထိုးဝင်သွားပြီး မကြာမီမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားလေတော့၏။

oooo



ပြောင်းခင်းတစ်ခုလုံးလှုပ်ရှားသွားသည်။

ပြောင်းပင်များတဖျောင်းဖျောင်းမြည်ကာ ကျိုးကျကုန်လေ၏။ ပြောင်းခင်းတစ်ခုလုံးဖြောင်းဆန်သွားသည်။

"ခွပ်ခွပ်... ခွပ်ခွပ်"

"ဟီး... ဟီး... ဟီး"

မြင်းနက်ကြီးနှင့်ရွှမ်ဟိုင်စန်းတစ္ဆေသည် ပြောင်းခင်းစပ်သို့ရောက်သည့်အခါ ခြေလှမ်းရပ်လိုက်၏။

အဝေးသို့ရောက်သွားသည့်ရှောင်မာအား ခေါင်းမပါသောခန္ဓာကိုယ်ကြီးဖြင့်မျှော်ကြည့်သလိုရှိနေသည်။

ပြီးမှ....

မြင်းနက်ကြီးကိုဦးပြန်လှည့်ကာ ညောင်ကျပ်တောအုပ်ထဲသို့ပြန်လည်ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုံတွေ့မိသူတိုင်း ခေါင်းပြတ်အောင်တိုက်ခိုက်တတ်သော ထိုတစ္ဆေသည် သူ့အားဘာကြောင့်လွှတ်ပေးလိုက်ရပါသနည်း။

ရှောင်မာသည် သူ၏အကြောင်းကိုစုံစမ်းဖော်ထုတ်မည့်သူ ဖြစ်ရာ ပို၍ပင်တိုက်ခိုက်သင့်သည်မဟုတ်ပါလား။

၀၀၀၀



ရွှမ်ဟိုင်စန်းတစ္ဆေ ညောင်ကျပ်တောအုပ်ထဲသို့ ပြန်လည်ဝင်ရောက်လာပြီး မကြာမီမှာပင် လမ်းဘေးရှိ ချုံပုတ်များနောက်မှ လူတစ်စုထွက်ပေါ်လာသည်ကိုမြင်ရလေသည်။

ထိုလူစုကား ဝံဖြူကျေးရွာမှဝမ်စီမ်းတို့လူစုပင်ဖြစ်သည်။

သူတို့သည် ရွှမ်ဟိုင်စန်းတစ္ဆေအားရင်ဆိုင်ရန်ရောက်ရှိလာကြခြင်းဖြစ်သည်။ ထိုလူစုအားတွေ့လိုက်သည်နှင့် ရွှမ်ဟိုင်စန်းတစ္ဆေသည် မြင်းကိုရပ်တန့်လိုက်လေ၏။ လက်ထဲမှဓားကို ဓားအိမ်ထဲသို့ ထိုးသွင်းလိုက်သည်။

ထို့နောက် ကိုယ်ကျပ်အင်္ကျီကြားမှဦးခေါင်းထွက်လာပြီး....

"ပြေးလိုက်တာတန်းနေတာပဲ"

ဟုပြောလိုက်လေသည်။ သူ၏စကားကြားသည့်အခါ....

"ဟား... ဟား... ဟား"

"ဟား... ဟား... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်စိမ်းတို့လူစု ဟားတိုက်ရယ်မောလိုက်ကြလေသည်။

"ဒီကောင်က တို့ရွာမှာလာပြီး လူစွာလုပ်တာကွ၊ ခုတော့ ဘာတတ်နိုင်သေးလဲ"

ဝမ်စိမ်းကကြုံးဝါးလိုက်၏။

မျက်နှာဝ၌ ကျောက်ပေါက်မာရှိသောလူငယ်တစ်ဦးက....

"ဒီကောင့်ကိုခြောက်လှန့်မယ့်အစား တစ္ဆေလက်ချက်ဆိုပြီး အပြတ်ရှင်းလိုက်ဖို့ကောင်းတယ်"

"ဟုတ်တယ်... ဟုတ်တယ်"

အရပ်ရှည်သောလူငယ်တစ်ဦးက ထောက်ခံလိုက်သည်။

ဝမ်စိမ်းကလက်ကာပြလိုက်သည်။

"သူ့ကိုရှင်းပစ်လို့မဖြစ်သေးဘူး... သူက မင်းမှုထမ်းတစ်ဦး ဆိုတော့ ပြဿနာပေါ်လာနိုင်တယ်၊ ကြောက်လန့်အောင် ခြောက်လှန့်လိုက်ရင် သူထွက်ပြေးသွားမှာပဲ၊ တို့ချင်းဟိုင်ဒေသရဲ့ကိစ္စကို တို့ဘာသာဖြေရှင်းကြတာပေါ့၊ ကဲ... တို့အကြောင်းသိသွားလို့မဖြစ်ဘူး၊ လူစုခွဲရအောင် ကျောက်ပေါက်မာနဲ့ အရှည်ကြီးကငါနဲ့လိုက်ခဲ့... ရွာတောင်ဘက်ကဝင်မယ်... ကျန်တဲ့လူတွေက ဟိုဘက်ကကွေ့ပတ်ပြီး ရွာမြောက်ဘက်ကဝင်ကြ"



ဝမ်စိမ်းသည် သူ၏ဒေသပေါင်းအပါများအားစီစဉ်ပေးပြီး မြင်းနက်ကြီးစီးနင်းထားသူအားပျာမ်းခေါ်လိုက်၏။

"ပော့... လူပု"

"ဘာလဲကွ... ဝမ်စိမ်း၊ နောက်တစ်ခေါက်လောက် ခြောက်လှန့်ပေးရဦးမှာလား"

မြင်းနက်ကြီးစီးသောလူပုဆိုသူက လှမ်းပြောလိုက်၏။

ဝမ်စိမ်းက....

"တော်လောက်ပါပြီကွာ ဒီည တို့ရဲ့လုပ်ရပ်တွေပေါ်ပေါက်သွားလို့မဖြစ်ဘူး၊ ရှောင်မောက အတွေ့အကြုံရှိတဲ့မင်းမှုထမ်းတစ်ဦးကွ... သူခြောက်လှန့်ခံရတာကိုကျေနပ်မှာမဟုတ်ဘူး"

"မကျေနပ်တော့ကော ဘာဖြစ်သေးသလဲ"

ဝမ်စိမ်းခေါင်းခါလိုက်သည်။

"ဒီလို ပြီးစလွယ်ပြောလို့မရဘူးလေ... မင်းမှုထမ်းတစ်ဦး တစ်စုံတစ်ခုဖြစ်သွားရင် လုံရှန်မြို့တော်ဝန်ကလက်ပိုက်ကြည့်နေပါ့မလား၊ မြို့တော်ဝန်ဟာ နေပြည်တော်အထိပေါက်ရောက်တဲ့ အမတ်ကြီးတစ်ဦးဖြစ်တယ်ဆိုတာမမေ့နဲ့ဦး"

"ဒါဆိုငါဘာလုပ်ရမလဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



လူပုကမေးရာ…

ဝမ်စိမ်းက….

“မိုးလင်းလို့ ရှောင်မာကလိုက်ပြီးစုံစမ်းတဲ့အခါ တကယ်ပဲ တစ္ဆေခြောက်ခံရတယ်လို့ထင်အောင် ပိပိရိရိလုပ်ရမယ်… မင်းက ညောင်ကျပ်ပင်ကြီးအနီးကိုရောက်သည်အထိ… မြင်းကိုခြေရာထင်အောင်စီးသွား၊ ညောင်ကျပ်ပင်ကြီးနားကနေထွက်လာပြီး ဒီနေရာမှာပြန်ပြီးပျောက်ကွယ်သွားတဲ့သဘောပေါ့ကွာ… ပြီးမှ တခြားလမ်းကလှည့်ပြန်လာခဲ့”

“ကောင်းပြီ… ငါသွားမယ်”

“အေး….”

လူပုသည် ချက်ချင်းပင်မြင်းကိုဒုန်းစိုင်းစီးနင်းထွက်ခွာသွားလေ၏။ ဝမ်စိမ်းကား ရှောင်မာအား ခြောက်လှန့်နိုင်ခဲ့သည့်အတွက် အကျေနပ်ကြီးကျေနပ်လျက်ရှိနေလေသည်။

ဝဝဝဝ



“ခွပ်ခွပ်… ခွပ်ခွပ်”

ဒုန်းစိုင်းနှင်လာသောမြင်းခွာသံများ ထွက်ပေါ်လာ၏။

လူပုသည် မြင်းကိုဒုန်းစိုင်းနှင်ကာ…

သတင်းကြီးလှသည့် ညောင်ကျပ်ပင်ကြီးအနီးသို့ ရောက်ရှိလာလေသည်။

ကုန်းမို့မို့တောင်စောင်းလေးတစ်ခုပေါ်၌ တည်ရှိနေသော ထိုအပင်ကြီးကာ အကိုင်းအခက်များဝေဝေဆာဆာဖြင့် အုံ့အုံ့ဆိုင်းဆိုင်းရှိနေ၏။

ထိုအပင်ကြီးနှင့်မလှမ်းမကမ်း၌ နာမည်ကျော်ရွှမ်ဟိုင်စန်း၏မြေပုံရှိလေသည်။

လူပုသည် ထိုအပင်ကြီးအနီးသို့ရောက်သည့်အခါ မြင်းကိုရပ်လိုက်လေသည်။ ထို့နောက် မြင်းပေါ်မှခုန်ဆင်းပြီး ပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူလာခဲ့သည့်လမ်းတစ်လျှောက်တွင် မြင်းခွာရာများ အထင်းသားကျန်ရစ်ခဲ့သည်ကို လရောင်ဖြင့်တွေ့ရသဖြင့် သူကျေနပ်သွားလေသည်။

သူသည် တစ်ချက်ပြုံးလိုက်ပြီး....

"ဟင်း... ဟင်း... ရောင်မာသာလိုက်စုံစမ်းရင် အရှုံးဖြစ်မှာသေချာတယ်"

နှုတ်မှရေရွတ်ရင်း ကိုယ်ကျပ်အင်္ကျီကိုချွတ်ပစ်လိုက်သည်။

ထိုအခါ ခန္ဓာကိုယ်သေးသေးကွေးကွေးရှိသည့်လူငယ်လေးတစ်ယောက်ဖြစ်ကြောင်းပေါ်လွင်လာ၏။

လူပုက ကိုယ်ကျပ်အင်္ကျီနှင့်ဓားကို စောင်ကြမ်းတစ်ထည်ဖြင့်ထုပ်ကာ မြင်းကုန်းနှီးတွင်ချည်နှောင်လိုက်သည်။

လူဗလံလေးဖြစ်သောကြောင့် ပွယောင်းယောင်းကိုယ်ကျပ်အင်္ကျီဝတ်ပြီး ဖက်ပုကာဦးခေါင်းဝှက်ထားလိုက်သောအခါ....

ညအမှောင် လရောင်အောက်တွင် ဦးခေါင်းမပါသောခေါင်းပြတ်ခန္ဓာကိုယ်ကြီးတစ်ခုပမာထင်ရတော့သည်။

လူပုတို့သည် ရွှမ်ဟိုင်စန်းတစ္ဆေဟန်ဆောင်ကာ ရောင်မာကြောက်လန့်သွားအောင်ခြောက်လှန့်ခဲ့ကြခြင်းသာဖြစ်ပေတော့၏။



လူပုက မြင်းနက်ကြီး၏လည်ဆံမွေးကိုပွတ်သပ်ရင်း....

"မင်း ငြိမ်ငြိမ်နေနော်... တို့တွေအပြန်ခရီးမှာ မြင်းခွာရာမထင်ရအောင် မင်းရဲ့မြင်းခွာကိုအဝတ်နဲ့ထုပ်ထားရမယ်၊ ငါကမင်းကိုဒုန်းစိုင်းမစီးတော့ပါဘူးကွာ... ဖြည်းဖြည်းပဲစီးသွားတော့မှာပါ"

ထိုစဉ်....

"ဟီး... ဟီး... ဟီး"

မြင်းနက်ကြီးတစ်ချက်ဟီးပြီးလျှင် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ မြင်းနက်ကြီးဂဏှာမငြိမ်ဖြစ်သွားခြင်းကြောင့် လူပုမျက်မှောင်ကြုတ်သွားပြီး....

"မင်းဘာဖြစ်နေတာလဲ... ငြိမ်ငြိမ်နေစမ်းကွာ"

ထိုသို့ပြောလိုက်မှ မြင်းနက်ကြီးကပို၍လှုပ်လှုပ်ရှားရှားဖြစ်လာတော့၏။

"ဂစ်...."

ညဥ့်ငှက်တစ်ကောင်က စူးစူးဝါးဝါးအော်မြည်ကာ မလှမ်းမကမ်းမှဖြတ်သန်းသွားလေသည်။

"ဝုတ်... ဝုတ်... ဝူး"

ဝံပုလွေဘက်မှခွေးအူသံသဲ့သဲ့ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ညသည် ရုတ်ခြည်းပင်ချောက်ချားဖွယ်ကောင်းလောက်အောင်တိတ်ဆိတ်သွားပြန်၏။

လူပုမျက်မှောင်ကုပ်သွားသည်။

ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်၏။

ဤတွင်... မလှမ်းမကမ်းတစ်နေရာမှလှုပ်ရှားမှုတစ်ခုဖြစ်ပေါ်လာသည်ကိုတွေ့ရလေသည်။

ရေဘဝဲလက်ချောင်းများသဖွယ် အမွှာမွှာထိုးထွက်နေသော သစ်မြစ်များကြားမှ လူရိပ်တစ်ခုတိုးထွက်လာသည်ကိုတွေ့လိုက်ရခြင်းဖြစ်လေသည်။

လူပု၏ခန္ဓာကိုယ် ဆတ်ခနဲတောင့်တင်းသွား၏။

ကြက်သီးလည်း ဖျန်းခနဲထသွားသည်။

"ဘယ်သူလဲ"

မေးလိုက်သည့်စကားသံပင် တုန်ယင်နေ၏။

ညောင်ကျပ်ပင်ကြီး၏သစ်ပင်များကြားမှ ထွက်ပေါ်လာသူသည် လူပုရှိရာသို့တစ်လှမ်းချင်းလှမ်းလာနေ၏။

ထိုလူသည် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားပြီး လက်ထဲ၌အရောင်တဖိတ်ဖိတ်တောက်နေသောဓားတစ်လက်ကိုင်ထား၏။



ခန္ဓာကိုယ်ထွားကျိုင်းနေသော်လည်း ဦးခေါင်းမပါသဖြင့် အင်္ဂါမစုံလင်သောခန္ဓာကိုယ်ကြီးဖြစ်နေ၏။

ထိုဦးခေါင်းပြတ်နေသောခန္ဓာကိုယ်ကြီးက ဓားဝှေ့ယမ်းပြီး ရှေ့တိုးလာနေသည်မှာ ထိတ်လန့်အံ့သြစရာကောင်း၏။

လူပုမှာ မယုံနိုင်အောင်ဖြစ်သွားလေသည်။

မျက်လုံးကိုပွတ်ကာထပ်ကြည့်လိုက်သော်လည်း ထိုချောက်ချားဖွယ်ကောင်းသောလူသည် ပျောက်ကွယ်မသွားဘဲ ရှေ့သို့တိုးမြဲတိုးလာနေသည်ကိုတွေ့ရ၏။

လူပုနှင့်တဖြည်းဖြည်းနီးကပ်လာသည်။

ထိုအခါမှ ကြောင်နေသောလူပုသတိဝင်လာပြီး....

"ရွှမ်ဟိုင်စန်းတစ္ဆေ... အမယ်လေး"

ကြောက်လန့်တကြားအော်ကာ ချာခနဲလှည့်၍ သုတ်ခြေတင်ပြေးလေတော့၏။ သူသည်... ရွှမ်ဟိုင်စန်းတစ္ဆေအဖြစ်ရုပ်ဖျက်ကာရှောင်မာကိုခြောက်လန့်ခဲ့သည်။

ယခုတော့ တကယ့်ရွှမ်ဟိုင်စန်းတစ္ဆေနှင့်ပက်ပင်းတိုးနေရပြီဖြစ်လေသည်။

ပြေးရန်ကြိုးစားသော်လည်းနောက်ကျသွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်ပိုင်စန်းတစ္ဆေက အနီးသို့ရောက်လာပြီး ဓားကိုင်ထားသောလက်ကိုဝှေ့ယမ်းလိုက်ရာ ပြင်းထန်သောဓားချက်သည် လူပုံ၏လည်ဂုတ်ပေါ်သို့တည့်တည့်မတ်မတ်ကျရောက်သွား၏။

လူပုံမှာ အသံပင်မထွက်နိုင်တော့ပါ။ ဦးခေါင်းနှင့်ခန္ဓာကိုယ်အိုးစားကွဲကာ မြေပေါ်ဝုန်းခနဲလဲကျသွားလေတော့၏။

ဝဝဝဝ



ကျေးဇူးရှင်

---

အချိန်မည်မျှကြာသွားမှန်းမသိ။

"အား...."

စူးရှသောအော်ဟစ်သံနှင့်အတူ ရှောင်မာသတိပြန်ရလာ၏။ သတိရလျှင်ရချင်းပင်....

"ခေါင်းပြတ်တစ္ဆေကြီး"

ဟုစူးစူးဝါးဝါးအော်လိုက်ပြန်၏။

"ဆရာလေးသတိထားပါ"

အိမ်ထိန်းကြီးဂူစု၏အသံထွက်ပေါ်လာသည်။ ထိုအခါမှ ရှောင်မာသတိဝင်လာပြီးဟိုဟိုဒီဒီကြည့်လိုက်မိသည်။

သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခုအတွင်း ရောက်ရှိနေသည်ကိုသိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော ခုတင်တစ်လုံးပေါ်၌လဲလျောင်းနေခြင်းဖြစ်သည်။ အခန်းအတွင်း၌ ရွှမ်ဟိုင်စန်းခေါင်းပြတ်တစ္ဆေရှိမနေဘဲ စိုးရိမ်ပူပန်စွာကြည့်သူနှစ်ယောက်ကိုတွေ့ရသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ အိမ်ထိန်းကြီးဝူစုဖြစ်ပြီး… ကျန်တစ်ယောက်မှာ အသက် ၁၆ နှစ်၊ ၁၇ နှစ်သာရှိသေးသည့်မိန်းကလေးတစ်ဦးဖြစ်သည်။

သူမသည် ကျေးတောသူလေးဖြစ်သည့်တိုင် နတ်မိမယ်ပမာ ချောမောလှပသည့်တောပန်းတစ်ပွင့်ဖြစ်ပေသည်။

ညောင်ကျပ်တောအုပ်၊ ခေါင်းပြတ်တစ္ဆေ၊ မြင်းနက်ကြီးဘာဆိုဘာမျှမတွေ့ရတော့ပါ။ မိမိသည် အန္တရာယ်မှလွတ်မြောက်ပြီး အိမ်ထိန်းကြီးဝူစုထံသို့ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ရှောင်မာနားလည်မိသည်။

ဝူစုသည် ခုတင်အနီးသို့တိုးကပ်ပြီး…

"ဆရာလေး… သက်သာရဲ့လား"

ယခုမှ မိမိ၏တစ်ကိုယ်လုံးခြစ်ခြစ်တောက်ပူနေသည်ကို သူသတိပြုမိလိုက်ပြန်သည်။

"လက်စသတ်တော့ ငါဖျားနေတာကိုး"



"ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်းစုံစမ်းမယ်ဆိုပြီး ထွက်သွားတော့ ကျုပ်စိတ်ပူပြီးတားခဲ့ပေမယ့် ဆရာလေးလက်မခံခဲ့ဘူးမဟုတ်လား။ ဆရာလေးထွက်သွားတဲ့တစ်ညလုံး ကျုပ်လည်းအိပ်မပျော်ဘူး၊ ဘာဖြစ်မလဲလို့ ရင်တထိတ်ထိတ်ဖြစ်နေခဲ့ရတာ၊ မိုးလင်းခါနီးမှ မနေနိုင်တော့ဘဲ ရွာထဲကလူငယ်လူရွယ်တွေကိုခေါ်ပြီး လိုက်လာခဲ့တာ၊ အဲဒီတော့မှ ဆရာလေး ပြောင်းခင်းထဲမှာ လဲကျသတိမေ့နေတာကို တွေ့ရတော့တာပဲ"

အိမ်ထိန်းကြီးဝူစုကရှင်းပြလိုက်ခြင်းဖြစ်သည်။

သူ ဘာမျှမပြောနိုင်ပေ။

ဝူစုကဆက်ပြောလိုက်ပြန်၏။

"ဆရာလေး သတိလစ်နေတာ သုံးရက်ရှိသွားပြီ၊ ကျုပ်က လုံရှန်မြို့တော်ဝန်ဆီကိုတောင် အကြောင်းကြားတော့မလို့ ပြင်နေတာ၊ အခု ဆရာလေးသတိရလာတာကံကောင်းတယ်"

ရှောင်မာကလက်နှစ်ဖက်ဆုပ်၍ဦးညွှတ်ကာ…

"ဦးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဟုပြောလိုက်သည်။

ဝူစုကပြုံး၍လက်ကာပြရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကအရေးမကြီးပါဘူး၊ တကယ်တမ်းကျေးဇူးဆပ်ရမှာက ဟောဒီကတူမလေးကျင်းကျင်းနဲ့ဒေါ်လေးကျင်စုတို့ကိုပဲ"

မိန်းမချောလေးကိုညွှန်ပြ၍ပြောသည်။

ရှောင်မာလှမ်းကြည့်လိုက်သည့်အခါ ကျင်းကျင်းဆိုသော မိန်းမချောလေးက သူ့အားပြုံးပြနေသည်ကိုတွေ့ရ၏။

"တူမလေးကျင်းကျင်းက ကျုပ်တို့ရွာမှာ အချမ်းသာဆုံးဖြစ်တဲ့ထင်အိရဲ့သမီးပါ၊ ဒေါ်လေးကျင်စုနဲ့လဲ ဆွေမျိုးတော်တယ်လေ"

ဝူစုကမိတ်ဆက်ပေးသည်။

ဒေါ်လေးကျင်စုအမည်ကိုကြားရပြန်သဖြင့် ရှောင်မာ ပို၍စိတ်ဝင်စားလာမိသည်။

ကျင်စုနှင့် တစ်ခေါက်တော့သွားတွေ့လိုက်ဦးမည်ဟု စိတ်ထဲတေးထားလိုက်သည်။ ထိုစဉ် ကျင်းကျင်းက လင်ဗန်းတစ်ချပ်ကိုင်၍ရှေ့တိုးလာ၏။ ဝူစုကလင်ဗန်းထဲမှပန်းကန်ကိုယူ၍....

"ဆရာလေး... ဆေးတစ်ခွက်လောက် သောက်လိုက်ပါဦး"

ပန်းကန်ထဲ၌ အစိမ်းရောင်ဆေးရည်များရှိနေ၏။

ရှောင်မာသည် ကိုယ့်ကိုယ်ကိုဖျားနေမှန်းသိ၍ မငြင်းဘဲယူသောက်လိုက်၏။



တစ်ပန်းကန်လုံးသောက်ပြီးမှ....

"ကျေးဇူးပါပဲဗျာ"

"အစ်ကို ဗိုက်ဆာနေလားမသိဘူး... ဆန်ပြုတ်ပြုတ်ထားတာရှိပါတယ်၊ ပူပူလေးသောက်လိုက်မလားဟင်"

ကြင်နာမှုလွှမ်းသော အလွန်နူးညံ့သိမ်မွေ့သည့်လေသံဖြင့် ကျင်းကျင်းကပြောလာသည်။

သူ၏ရင်ထဲလှုပ်ရှားသွား၏။

ဗိုက်ထဲ၌လည်းဆာလောင်နေသဖြင့် ခေါင်းညိတ်လိုက်၏။

သူမက ဆန်ပြုတ်ကိုချက်ချင်းသွားယူသည်။

ထိုစဉ်....

"အိမ်ထိန်းကြီး... အိမ်ထိန်းကြီး"

အပြင်ဘက်မှခေါ်သံများထွက်ပေါ်လာသည်ကိုကြား၏။

ထိုအသံများကြောင့် ဝူစုမျက်နှာမသာမယာဖြစ်သွား၏။

"ဆရာလေး နေသာသလိုနေပါ... ကျုပ်အပြင်သွားလိုက်ဦးမယ်၊ သိပ်တော့မကြာပါဘူး"

ဝူစုသည်ပြောပြီး ထွက်သွားရန်ဟန်ပြင်လိုက်ရာ....

"ကိစ္စရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ရောင်မာကလှမ်းမေးလိုက်သဖြင့် ဝူစုခြေလှမ်းတုံ့သွားပြီး သက်ပြင်းတစ်ချက်မသိမသာချ၍....

"အင်း... မထူးဆန်းတော့ပါဘူးလေ၊ ရွာထဲက လူပုဆိုတဲ့ လူငယ်တစ်ယောက်ပျောက်ဆုံးနေတယ်၊ ရွှမ်ဟိုင်စန်းတစ္ဆေရဲ့လက်ချက်မိသွားပြီလို့ထင်တယ်၊ အဲ့ဒါကို လူစုပြီးလိုက်ရှာကြမလို့၊ ကျုပ်သွားလိုက်ဦးမယ်... ဆရာလေးအနားယူလိုက်ပါ"

ပြောပြီးသည်နှင့် ဝူစုသည် အခန်းတွင်းမှထွက်ခွာသွားလေတော့၏။

ဝဝဝဝ



## အဆောင်ကောင်း

---

ကျင်းကျင်းသည် ရောင်မာအားအလွန်ဂရုစိုက်သည်။ ဆန်ပြုတ်တိုက်ကျွေးပြီး အနီးမှပြုစုပေးသည်။ ရောင်မာပင်လျှင် အားတုံ့အားနာဖြစ်လာရ၏။

"အစ်ကို ထပ်ယူဦးမလား"

"တော်ပါပြီညီမရယ်... ကျေးဇူးပါပဲ"

ကျင်းကျင်းက ပန်းကန်များကိုသိမ်းဆည်း၍ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"ညီမ ခဏနေပါဦး"

သူက ရုတ်တရက်ဟန့်တားလိုက်သဖြင့်....

ကျင်းကျင်းက နောက်ပြန်လှည့်ကာ....

"ဘာများခိုင်းစရာရှိလို့လဲ... ပြောပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ညီမဟာ ဒေါ်လေးကျင်စုရဲ့တူမဆိုတာအမှန်ပဲလား"

ခုမြင်ဖူးသောဒေါ်လေးကျင်စုကို ဘာကြောင့်မှန်းမသိ။ ရှောင်မာစိတ်ဝင်စားမိသည်။

"ဟုတ်ပါတယ် ဒေါ်လေးကျင်စုဟာ ကျွန်မမေမေကျင်စန်းရဲ့ညီမပါ၊ မေမေနဲ့ဒေါ်လေးက အမြွှာညီအစ်မတွေဖြစ်ကြပါတယ်ရှင်"

ဒေါ်လေးကျင်စုတွင် ကျင်စန်းအမည်ရှိသောအမြွှာအစ်မတစ်ယောက်ရှိသေးကြောင်းသိလိုက်ရ၏။

ကျင်စန်းနှင့်ကျင်စုတို့အမြွှာညီအစ်မသည် စိတ်ဝင်စားဖွယ်ကောင်းသူများဟု စိတ်ထဲကအလိုလိုထင်မှတ်လာသည်။

"ညီမနဲ့ဒေါ်လေးကျင်စုတို့ ကျုပ်ကိုကူညီခဲ့ကြတာမြို့ဝန်မင်းကိုတင်ပြပေးပါ့မယ်၊ မြို့ဝန်မင်းက ညီမတို့ကို သူကောင်းပြုမှာပါ"

ရှောင်မာ၏စကားကြောင့် သူမမျက်မှောင်ကုပ်သွား၏။

"အစ်ကို... လုံရှန်မြို့ကိုပြန်တော့မလို့လားဟင်"

သူခေါင်းခါလိုက်သည်။

"ဟင့်အင်း... မပြန်သေးပါဘူး"

"ဒါဖြင့် အစ်ကို ဒီမှာဆက်နေဦးမယ်ပေါ့"



"ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ"

သူမမျက်နှာလေးညှိုးသွား၍ခေါင်းငုံ့ထားလိုက်သည်။ သူအံ့သြသွား၏။ တစ်ခုခုထူးခြားနေသည်ဟုစိတ်ထဲကထင်မိ၏။

"ညီမ... ဘာဖြစ်လို့လဲ ပြောပါဦး"

သူမက ညှိုးငယ်သောမျက်နှာဖြင့်....

"အစ်ကိုပြန်သွားတာအကောင်းဆုံးဖြစ်ပါလိမ့်မယ်၊ ရွှမ်ဟိုင်စန်းတဈေကိုဖော်ထုတ်ဖို့ကိစ္စ လက်လျှော့လိုက်ပါတော့ရှင်၊ တဈေတစ်ကောင်ကိုအရေးယူဖို့ဆိုတာမဖြစ်နိုင်ပါဘူး၊ ဝံဖြူရွာသားတွေနည်းတူ အစ်ကိုလဲဒုက္ခရောက်မှာစိုးရိမ်လို့"

သူပြုံးလိုက်သည်။

"ညီမက ကျုပ်အတွက်စိုးရိမ်နေတာကိုး"

"ဟုတ်ပါတယ်အစ်ကို... ရွှမ်ဟိုင်စန်းတဈေကြောင့် အသတ်ခံရသူတွေမနည်းတော့ပါဘူး၊ ဝံဖြူရွာသားတွေဟာ တစ်ချိန်က သူတို့လူစုကိုတိုက်ခိုက်ချေမှုန်းခဲ့ကြလို့ ခုချိန်မှာပြန်ပြီး လက်စားချေခံရတာသဘာဝကျပါတယ်၊ ဒါပေမယ့် အစ်ကိုနဲ့ဘာမှမဆိုင်ဘဲ ဒုက္ခပေးခံရမှာမတရားပါဘူး၊ ဒါကြောင့် အစ်ကိုပြန်သွားတာအကောင်းဆုံးပဲလို့ ကျွန်မပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျင်းသည် ကျေးတောသူပီပီစိတ်ထားဖြူစင်ရိုးသားလှချေသည်တကား။

"ညီမ... ကျုပ်အတွက်ဘာမှမပူနဲ့... ကျုပ်က ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စကိုဖော်ထုတ်သွားမှာပါ"

သူမ ဘာမျှမပြောတော့ပါ။

ခပ်သွက်သွက်လှမ်းသွား၏။

သို့သော် အခန်းဝအရောက်တွင် သူ့အားလှည့်ကြည့်ပြီး...

"အစ်ကို ဒီရွာကလူငယ်ခေါင်းဆောင်ဝမ်စိမ်းကို သတိထားပါရှင်"

အရေးတကြီးလေသံဖြင့်ပြောဆိုမှာကြားပြီး ချာခနဲလှည့်၍ ထွက်သွားလေသည်။

oooo



ကျင်းကျင်း ထွက်သွားပြီဖြစ်သည်။

ရောင်မာသည်... ခုတင်ပေါ်၌သက်တောင့်သက်သာလဲလျောင်းရင်း နဖူးပေါ်လက်တင်၍ ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်များကိုပြန်ပြောင်းစဉ်းစားလိုက်သည်။

အခြားကိစ္စများထက် ခေါင်းပြတ်သရဲနှင့်တွေ့ခဲ့ရသည်ကို အဓိကထား၍တွေးလိုက်ခြင်းဖြစ်သည်။

သရဲတစ္ဆေဆိုသည်ကို သူလက်ခံယုံကြည်ခြင်းမရှိပါ။

သို့သော်... ရွှမ်ဟိုင်စန်းတစ္ဆေနှင့်နဖူးတွေ့ဒူးတွေ့တွေ့ခဲ့ရသည့်အခါကြောက်ရွံ့၍ပြေးလာခဲ့ရသည်။

"ငါ... ငါဘာကြောင့် ဒီလောက်တောင်သူရဲဘောကြောင်ခဲ့ရတာပါလိမ့်"

ကိုယ့်ကိုယ်ကိုမကျေမနပ်ဖြစ်လာမိသည်။

သိုင်းလောကအတွေ့အကြုံရှိသူ၊ သတ္တိကောင်းသူ၊ ရန်သူနှင့်ရင်ဆိုင်ရာတွင် အသက်စွန့်ရမည်ကိုမကြောက်မရွံ့သူဟု...

www.burmeseclassic.com

www.burmeseclassic.com



နာမည်ရခဲ့ပြီးမှ ခွမ်ဟိုင်စန်းတစ္ဆေနှင့်တွေ့သည့်အခါ အဘယ်ကြောင့်သွေးကြောင်ခဲ့ရပါသနည်း။

ရှောင်မာသည် သူ့ကိုယ်သူ နားမလည်နိုင်အောင်ပင် ဖြစ်ခဲ့ရလေသည်။ သူ့အနေဖြင့် ညှို့မှုအထိ သူရဲဘောမကြောင်သင့်သည်ကအမှန်ပင်။

ထူးတော့ထူးဆန်းလှသည်။

ယခုရက်ပိုင်းအတွင်းမှာပင် သူ၏စိတ်အစဉ်သည် လေးလံထိုင်းမှိုင်း၍ ဦးခေါင်းထဲနောက်ကျိကျိဖြစ်နေသလိုခံစားရသည်။

အလိုလိုနေရင်း အားအင်များကုန်ခမ်းကာလေးလံထိုင်းမှိုင်းနေ၏။ ထို့ပြင်....

ဘာမှမဟုတ်ဘဲ စိုးရိမ်ပူပန်စိတ်များက နေရင်းထိုင်ရင်းကြံဖန်ဖြစ်ပေါ်နေသည်ဟုလည်းခံစားနေရ၏။

ဝံဖြူကျေးရွာကိုရောက်လာပြီး ရက်ပိုင်းအတွင်းမှာပင် သူ၏ကိုယ်စိတ်နှစ်ပါးစလုံး သိသိသာသာကြီးပြောင်းလဲသွားခြင်းဖြစ်ပေသည်။

တုံးတိုက်တိုက် ကျားကိုက်ကိုက်နေလာခဲ့သော ရှောင်မာသည် ယခုအခါ ထစ်ခနဲဆိုထိတ်ခနဲကြောက်လန့်နေတတ်ပြီဖြစ်၏။



အဘယ့်ကြောင့်ပါနည်း။

သူ့ကိုယ်တိုင်ပင် မည်သို့မျှနားမလည်နိုင်အောင် ဖြစ်နေရပြီဖြစ်သည်။

ရှောင်မာသည် တွေးရင်းတွေးရင်း ရင်တထိတ်ထိတ်ခုန်ကာအသက်ရှူကျပ်သလိုဖြစ်လာသဖြင့် ရင်ဘတ်ကိုလက်ဖြင့်ဖိထားရာမှ ကောင်းမေပေးလိုက်သောဆွဲကြိုးလေးကို အမှတ်မထင်စမ်းမိလိုက်လေသည်။

ကောင်းမေပြောလိုက်သည့်စကားများကိုလည်း ချက်ချင်းဆိုသလိုကြားယောင်လာသည်။

ထိုဆွဲကြိုးလေးသည် ကံကောင်းစေပြီး ဘေးအန္တရာယ်များမှလွတ်မြောက်စေသည်ဟုဆိုခဲ့သည်မဟုတ်ပါလား။

ကံကောင်းစေသောငွေဆွဲကြိုးလေး....

ထိုကံကောင်းစေသောဆွဲကြိုးလေးကြောင့် အသက်ဘေးမှလွတ်မြောက်လာခဲ့ရခြင်းပေလော။

အလွန်တရာရက်စက်ကြမ်းကြုတ်သော...

ခွမ်ဟိုင်စန်းလူသတ်ကောင်သည် သူ့အား မသတ်ဘဲလွှတ်ပေးလိုက်သည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တမင်လွှတ်ပေးလိုက်ခြင်းလော...

သို့မဟုတ်....

လိုက်၍မမီခြင်းလော။

အဖြစ်မှန်ကို ရှောင်မှာအနေဖြင့် မည်သို့မျှစဉ်းစားမရနိုင်ဘဲဖြစ်နေတော့သည်။

oooo

## မလုံမလဲ

ပျောက်ဆုံးနေသောလူပုကို လိုက်လံရှာဖွေနေကြသူများသည် နောက်ဆုံးတွင် လူပုကိုရှာဖွေတွေ့ရှိသွားကြ၏။

သို့သော် အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့ခြင်းမဟုတ်ပါ။ အသက်ဝိညာဉ်ကင်းမဲ့နေသောလူပု၏အလောင်းကို ညောင်ကျပ်ပင်ကြီးအနီး၌ ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ထုံးစံအတိုင်း လူပု၏အလောင်းမှာ ဦးခေါင်းနှင့်ခန္ဓာကိုယ်အိုးစားကွဲလျက်ရှိသည်။ ရွှမ်ဟိုင်စန်းတစ္ဆေ၏လက်ချက်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိပြီ။

ဝံဖြူရွာသားများသည် ရွှမ်ဟိုင်စန်းတစ္ဆေကိုပို၍ ကြောက်ရွံ့လာကြတော့သည်။ လူငယ်လူရွယ်များအတွင်း၌လည်း လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရွှမ်ဟိုင်စန်းတစ္ဆသည် မိမိတို့ထံ ရောက်ရှိမလာဟု မည်သူအတပ်ပြောနိုင်ပါမည်နည်း။

ထို့ကြောင့်....

စိုးရွံ့ထိတ်လန့်စိတ်များသည် လူငယ်များကြား တစ်စထက် တစ်စတုန်လှုပ်ချောက်ချားဖွယ်ပျံ့နှံ့လျက်ရှိနေတော့၏။

၀၀၀၀



လူငယ်ခေါင်းဆောင်ဝမ်စီမ်း၏နေအိမ်....

ဝမ်စီမ်း၏အိမ်၌ ကျောက်ပေါက်မာနှင့်အရှည်ကြီးတို့ရောက် ရှိနေကြလေသည်။

သူတို့သည် စားပွဲတစ်လုံး၌ဝိုင်းဖွဲ့ထိုင်ကာ အရက်သောက် နေကြသည်။

အေးမြသောရာသီဥတုရှိသည့်တောင်ပေါ်ဒေသ၌ ကြိုချက် သောအရက်ဖြစ်ရာ မီးတောက်အောင်ပြင်းသောအရက်ဖြစ်သည်။

အရက်သုံးခွက်စီသောက်ပြီးသောအခါ ဝမ်စီမ်း အရှည်ကြီး နှင့်ကျောက်ပေါက်မာတို့၏မျက်နှာများ အဆီပြန်ကာနီရဲလာကြကုန် လေသည်။

အရက်ရှိန်ရလာသောအခါ....

“တောက်....”

ဝမ်စီမ်းကတက်တစ်ချက်ခေါက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ရွှမ်ဟိုင်စန်းတစ္ဆေ သောင်းကျန်းနေတာကိုသိလျက်နဲ့ လူပုကိုတစ်ယောက်တည်းလွှတ်လိုက်တာမှားတာပဲ၊ ငါ့ကြောင့် လူပုသေရတာ"

ဝမ်စိမ်းကမချိတင်ကဲလေသံဖြင့်ပြောလေသည်။

"ငါ လိုက်မသွားလို့ပဲကွ… လူပုက ကြောက်တတ်တဲ့ကောင်မဟုတ်တာမို့ ငါလိုက်သွားလဲ အကြောင်းထူးမှာမဟုတ်ဘူးဆိုပြီး နေခဲ့တာ"

အရှည်ကြီးကဝင်ပြောခြင်းဖြစ်သည်။

ကျောက်ပေါက်မာက….

"ရှောင်မာကို ငါတို့ခြောက်လှန့်လွှတ်လိုက်တာကိုသိသွားလို့ ရွှမ်ဟိုင်စန်းတစ္ဆေက တကယ်ထွက်လာတာ ဖြစ်နိုင်တယ်၊ ကြာရင် တစ္ဆေကောင်ရဲ့လက်ချက်နဲ့ ငါတို့ဝံဖြူကျေးရွာသားတွေ လုံးပါးပါးတော့မယ်ထင်တယ်၊ မဖြစ်ဘူး… ရှောင်မာနဲ့ပေါင်းပြီး ဖော်ထုတ်ချေမှုန်းရင် မကောင်းဘူးလား"

သူ၏စကားကို ဝမ်စိမ်းလက်မခံနိုင်ချေ။

"တော်စမ်းပါ တစ္ဆေစုတ်ကိုဖော်ထုတ်မယ်ဆိုပြီး ကြောက်တတ်လိုက်တာ၊ ငါတို့ခြောက်လှန့်တုန်းကထွက်ပြေးသွားလိုက်တာ



အကြောက်လွန်ပြီးဖျားသွားတယ်မဟုတ်လား… သူ့ကိုသွား အားကိုးနေလို့ ဘာအကြောင်းထူးမှာလဲ"

ဝမ်စိမ်းက ခေါင်းခါခါလည်ခါခါနှင့်ပြောလေသည်။

ကျောက်ပေါက်မာက…

"မဟုတ်သေးဘူးလေ… သူဟာ လုံရှန်မြို့ဝန်ရဲ့လူမဟုတ်လား၊ မြို့ဝန်က…. "

ကျောက်ပေါက်မာ၏စကားမဆုံးမီမှာပင်….

"တော်စမ်းပါကွာ"

ဝမ်စိမ်းက စိတ်မရှည်သလိုအော်ငေါက်လိုက်ရာ….

ကျောက်ပေါက်မာမှာဇောဒမတက်နိုင်တော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့၏။ ဝမ်စိမ်းက….

"တို့ ရှောင်မာကိုခြောက်လှန့်ခဲ့လို့ လူပုအသတ်ခံလိုက်ရတဲ့ကိစ္စ ဘယ်သူမှမသိစေနဲ့၊ အားလုံးနှုတ်လုံပါစေ… တစ္ဆေစုတ်ကို ရင်ဆိုင်ဖို့အသင့်ပြင်ထား… ဒီရက်ပိုင်းထဲမှာ…."

ဝမ်စိမ်း စကားဆုံးအောင်မပြောလိုက်ရပါ။

အကြောင်းမှာ… မိန်းကလေးတစ်ယောက်က ကလေးတစ်ယောက်ကိုချီပိုးလျက် အိမ်ထဲဝင်လာခြင်းကြောင့်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသားအမိမှာ....

ဝမ်စိမ်း၏ဇနီးရင်ရှမ်းနှင့်သားလေးဝမ်ကျောင်းတို့ ဖြစ်ကြလေသည်။ ဝမ်စိမ်းသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခဲ့ရာ ကလေးတစ်ယောက်ပင်ရနေပြီဖြစ်သည်။

ဝမ်စိမ်း၏သားလေးဝမ်ကျောင်းသည် အိမ်ထဲရောက်သည်နှင့်မိခင်ရင်ရှမ်း၏လက်ထဲမှရုန်းထွက်ပြီး ဖခင်ဝမ်စိမ်းထံသို့ပြေးသွားလေသည်။

"ငါ့သားတောင် ပြန်လာပြီကိုး"

ဝမ်စိမ်းကဆီးကြို၍ပွေ့ဖက်ပြီးနမ်းရှုံ့လိုက်သည်။

ဝမ်ကျောင်းက....

"ဖေဖေ... အဒေါ်ကြီးကျင်စန်းက အားရင် ခဏလာပါဦးတဲ့၊ ပြောင်းခင်းတွေကိစ္စပြောချင်လို့တဲ့ မှာလိုက်တယ်"

သူ၏သားသည် အရွယ်နှင့်မလိုက်အောင် သွက်လက်ချက်ချာသူဖြစ်ပေသည်။

အဒေါ်ကြီးကျင်စန်း၏အမှာစကားကို ဒိုးဒိုးဒေါက်ဒေါက်ပြောချလိုက်ရာ ဝမ်စိမ်းမှာတပြုံးပြုံးနှင့်ကျေနပ်သွားလေ၏။

သားဖြစ်သူအားခေါင်းညိတ်ပြရင်း....



"အေး... အေး၊ ဖေဖေသွားလိုက်ပါ့မယ်"

ပြောရင်း ဇနီးသည်အားလှမ်းကြည့်လိုက်သည်။

ဇနီးသည်ရင်ရှမ်းက....

"ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စ ပေါ်ပေါက်လာတော့ တစ်ရွာလုံးတုန်လှုပ်ချောက်ချားနေပြီး ဘယ်သူမှအလုပ်ကောင်းကောင်းအလုပ်မလုပ်နိုင်ကြတော့ဘူး၊ အဒေါ်ကြီးကျင်စန်းက သူ့ရဲ့ပြောင်းခင်းတွေကိုတာဝန်ယူဖို့ အစ်ကို့ကိုပြောမယ်ထင်တယ်"

ဝမ်စိမ်းနှာခေါင်းရှုံ့လိုက်၏။

"ဟင်း... သူ့ယောက်ျားကြီးက အိပ်ရာထဲလဲနေတာတောင် စီးပွားရေးကိုတစ်ချက်မှအလစ်ဟင်းမခံဘူး၊ ရွှမ်ဟိုင်စန်းတစ္ဆေကိုလဲ ထည့်တွက်မှာမဟုတ်ဘူး၊ ရဖို့တစ်ခုတည်းကိုသာ အမြဲတမ်းစဉ်းစားနေတဲ့လူစားမျိုးပဲ... သေရင်ကိုယ့်နောက်ပါမှာကျနေတာပဲ၊ ညီမပြောသလို သူတို့ပြောင်းခင်းတွေကိစ္စ ပြောစရာရှိလို့ဖြစ်မှာပေါ့၊ သူ့ဆီကလစာရိက္ခာယူထားတာဆိုတော့ သူတို့ခေါ်တော့လဲ သွားလိုက်ရသေးတာပေါ့လေ"

ဝမ်စိမ်းသည် ထင်းအိနှင့်ကျင်စန်းတို့ဇနီးမောင်နှံပိုင်ဆိုင်သောယာခင်း၊ ပြောင်းခင်းများကိုတာဝန်ယူလုပ်ကိုင်ပေးနေရသည့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများ၏ခေါင်းဆောင်ဖြစ်သည်။ ထင်းအိတို့ထံမှလစာ ရိက္ခာယူပြီး တောင်ယာလုပ်ငန်းကိစ္စ အဝဝကိုကြီးကြပ်ဆောင်ရွက်ပေး ရသူဖြစ်သည်။

ထင်းအိသည် မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝခဲ့သူဖြစ်ပြီး ဝံဖြူရွာပတ်ဝန်းကျင်၌ သူပိုင်ဆိုင်သောတောင်ယာမြေများမှာ လက်ညှိုးထိုးမလွဲအောင်ရှိနေပေသည်။

ချမ်းသာကြွယ်ဝသည့်အရှိန်အဝါဖြင့် ဇနီးသည်ကွယ်လွန် သွားပြီးသည့်နောက်ပိုင်းတွင်...

ဝံဖြူကျေးရွာ၏ အချောအလှထိပ်ခေါင်တင်များဖြစ်ကြ သောကျင်စုနှင့်ကျင်စန်းတို့အပျိုစင်အမြွှာညီအစ်မအနက် အငယ်ဖြစ် သောကျင်စန်းကိုလက်ထပ်ယူနိုင်ခဲ့လေသည်။

ထိုအချိန်တွင် ထင်းအိမှာ အသက်ရှစ်ဆယ်ကျော်ပြီဖြစ်၍ ကောင်းစွာလှုပ်ရှားသွားလာနိုင်ခြင်းမရှိတော့ချေ။

ကျန်းမာရေးကလည်းချို့ယွင်းလာသဖြင့်....

အိပ်ရာထဲ လဲလျောင်းနေရပြီဖြစ်သည်။

ဒုတိယဇနီးသည် ကျင်စန်းကား အသက်လေးဆယ်ကျော်ရှိ ပြီဖြစ်သည်။



သို့တိုင်အောင်....

သူမသည် လေးဆယ်ကျော်အရွယ်ဟု မထင်မှတ်ရလောက် အောင် ငယ်ရွယ်နုပျိုပြီးချောမောလှပနေဆဲဖြစ်လေသည်။

အကြောင်းမသိသူများက သူမအား အသက်သုံးဆယ်ပင် မပြည့်နိုင်လောက်သေးဟုထင်မှတ်ရလောက်အောင် အရွယ်တင်နု ပျိုသူဖြစ်လေသည်။

ဝမ်စိမ်းက ကျင်စန်းအကြောင်းတွေးနေစဉ်မှာပင် ရင်ရှမ်း သည် အရှည်ကြီးနှင့်ကျောက်ပေါက်မာတို့ဘက်သို့လှည့်ကာ....

"အစ်ကို... လူပုသတင်းကိုကြားရာ စိတ်မကောင်းလိုက်တာ ရှင်၊ သူဟာ ရွာထဲမှာမနေဘဲ ဘာကြောင့် ညောင်ကျပ်ပင်ကြီးအနီး ကိုသွားရတာလဲ... မစဉ်းစားတတ်အောင်ပါဘဲရှင်"

ဝမ်စိမ်း၊ အရှည်ကြီး၊ ကျောက်ပေါက်မာနှင့်လူပုတို့မှာ အ လွန်ရင်းနှီးသည့်သူငယ်ချင်းများဖြစ်ပြီး အမြဲတစေ တပူးတတွဲတွဲသွား လာနေတတ်ကြသူများမဟုတ်ပါလား။

ဝမ်စိမ်း၏အိမ်သည်....

လူပုအတွက်စားအိမ်သောက်အိမ်ဖြစ်ရာ ရင်ရှမ်းနှင့်ပါ ခင် မင်ရင်းနှီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ရှမ်း၏စကားကြောင့် ကျောက်ပေါက်မာတို့ တစ်ဦးကို တစ်ဦးကြည့်လိုက်မိကြ၏။

မည်သူကမျှ ဘာမှမပြောဘဲငြိမ်နေလိုက်ကြ၏။

ဝမ်စိမ်းက....

"ကဲ... ညီမ သားကိုခေါ်ထားဦး၊ အစ်ကိုသွားလိုက်ဦးမယ်"

ထင်းအိန္ဒိုကျင်စန်းတို့အိမ်သို့ သွားရန်ဖြစ်သည်။

ဝမ်စိမ်းကထွက်ခွာရန်ပြင်သည်နှင့်....

အရှည်ကြီးနှင့် ကျောက်ပေါက်မာတို့ကလည်း သူနှင့်အတူ လိုက်သွားရန်ထိုင်ရာမှထလိုက်ကြသည်။

ထိုအချိန်တွင်...

ရင်ရှမ်းသည် ဝမ်စိမ်းအနီးတိုးကပ်သွားပြီး....

"အစ်ကို... ဒီမိန်းမကြီးကျင်စန်းကိုသတိထားနော်၊ သိပ်ပြီး အရောမဝင်နဲ့... သူ့နဲ့ပတ်သက်ပြီးကြားရတဲ့သတင်းတွေက တစ်ခုမှ မကောင်းဘူး"

သူမက ဝမ်စိမ်းကိုတီးတိုးပြောလိုက်ခြင်းဖြစ်သည်။

သူမ၏စကားကြောင့်... ဝမ်စိမ်းမှာ ကွက်ခနဲမျက်နှာပျက် သွားလေသည်။



သို့သော် ချက်ချင်းဣန္ဒြေဆည်လိုက်ပြီး....

"ညီမရယ်... သူများ သွားပုပ်လေလွင့်ပြောတိုင်း မယုံစမ်း ပါနဲ့၊ အစ်ကိုကလဲ ဒီလိုလူစားမျိုးမဟုတ်ပါဘူး... သိပ်လဲစိုးရိမ်မနေ ပါနဲ့၊ ကဲ... အစ်ကိုသွားမယ်"

ဝမ်စိမ်းသည် ဇနီးသည်၏မျက်နှာကိုမကြည့်ဘဲ ခပ်သွက် သွက်ထွက်သွားလေတော့သည်။

ဝဝ၀ဝ

www.burmeseclassic.com

www.burmeseclassic.com



## မသက်ာဖွယ်ရာ

ဝံဖြူကျေးရွာတွင် သတင်းတစ်ခုထွက်ပေါ်လာ၏။

လူပုအသတ်ခံလိုက်ရသည့်ကိစ္စနှင့်ပတ်သက်ပြီး....

လူပု၏အမေက နတ်ဝင်သည်လောင်ရှိထံသွားရောက်မေးမြန်းရာ နတ်ဝင်သည်လောင်ရှိက....

"ဝံဖြူရွာသူရွာသားတွေ ငါ့ကိုမလေးမစားလုပ်ကြတယ်၊ ဒါကြောင့် လူပုကိုအပြစ်ပေးလိုက်တာပဲ၊ မကြာခင် ငါကိုယ်တိုင်ဝံဖြူကျေးရွာထဲဝင်ပြီး ငါ့ကိုမလေးမစားလုပ်တဲ့လူတွေကို မှတ်လောက်သားလောက်ဖြစ်အောင်ဆုံးမဦးမယ်"

ဟုပြောလိုက်သည်။ ထိုစကားသည် ရွှမ်ပဟိုင်စံနီးတချွေက နတ်ဝင်သည်ထံ ဝင်ရောက်ပူးကပ်ပြောဆိုခြင်းဖြစ်သည်ဟု လူပု၏အမေကပြောသည်။



ထိုသတင်းစကားသည် ဝံဖြူတစ်ရွာလုံးပျံ့သွား၏။

ထို့ကြောင့်....

လူပုက ရွှမ်ပဟိုင်စံနီးတချွေအား မည်သို့မလေးမစားပြုလုပ်ခဲ့သည်ကို လူတိုင်းကသိချင်လာကြလေတော့သည်။

oooo

ရှောင်မာသည် နေကောင်းသွားသည်နှင့် အိပ်ရာထဲ၌မနေတော့ဘဲ ရွာထဲရောက်လာလေသည်။

ဝံဖြူကျေးရွာမှာ ရွာကြီးတစ်ရွာဖြစ်သည်။

အလွန်စည်ကားသောရွာကြီးတစ်ရွာဖြစ်၏။

သို့သော်.... ရွှမ်ပဟိုင်စံနီးတချွေပေါ် ပေါက်လာပြီးနောက်ပိုင်းတွင် ဝံဖြူရွာသည် စည်ကားသိုက်မြိုက်မှုကင်းမဲ့လျက် တိတ်ဆိတ်ခြောက်သွေ့သွားလေတော့၏။

ယခင်က လမ်းကြီးလမ်းငယ်အသွယ်သွယ်တွင် လူအများသွားကြလာကြဖြင့် ပွဲဈေးတန်းကြီးသဖွယ်စည်ကားနေလေ့ရှိသော်လည်း ယခုအခါတွင်မူ ယခင်နှင့်မတူ။ ထူးခြားစွာခြောက်ကပ်တိတ်ဆိတ်လျက်ရှိနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလိုလို အကြောင်းကိစ္စမရှိဘဲ အိမ်အပြင်သို့ မထွက်ကြတော့ပါ။

အကြောင်းကိစ္စရှိ၍ အိမ်ပြင်ထွက်ရမည်ဆိုလျှင်လည်း ခပ်သုတ်သုတ်သွားလာဆောင်ရွက်ကြတော့သည်။

အထူးသဖြင့်... ညအချိန်ရောက်ပြီဆိုသည်နှင့် မည်သူမျှ အိမ်ထဲမှအိမ်ပြင်မထွက်ဝံ့ကြတော့ပေ။ ထို့ကြောင့် ဝံဖြူရွာသည် တစ်နေ့တခြား ရွာပျက်ကြီးနှင့်ပင်တူလာလေတော့၏။

ဝဝဝဝ

မွန်းလွဲပိုင်းအချိန်သာရှိသေးသည်။

ဝံဖြူရွာတစ်ရွာလုံး တိတ်ဆိတ်ခြောက်ကပ်နေ၏။

ရှောင်မာ ရွာထဲသို့ရောက်လာသည့်အခါ ရွာထဲ၌ သွားလာလှုပ်ရှားနေသူ တစ်ယောက်စ နှစ်ယောက်စသာရှိသည်ကိုတွေ့ရလေသည်။ ထိုသူများသည် နောက်ကျောမလုံဟန်ဖြင့် ခပ်သုတ်သွားလာနေကြခြင်းဖြစ်သည်။

မည်သူကမျှ ရှောင်မာ့အားအရေးမစိုက်ချေ။

ရွမ်ဟိုင်စန်းတစ္ဆေနှင့်တွေ့ပြီးနောက် ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်နေသောရှောင်မာ့အတွက် စိတ်သက်သာရာရစရာပင်ဖြစ်ပေတော့သည်။

အကယ်၍ ထိုသူများကသာ သူ့ကိုသတိထားပြီးကွက်ကြည့်ကွက်ကြည့်လုပ်လာလျှင် သူ့အနေဖြင့် အနေရခက်ပွယ်ပင်ဖြစ်လေသည်။ အကြောင်းမှာ....

www.burmeseclassic.com

www.burmeseclassic.com



စွမ်ဟိုင်စန်းတစ္ဆေကိုဖမ်းဆီးမည်ဟု ကြွေးကြော်နေသူက စွမ်ဟိုင်စန်းတစ္ဆေနှင့်ပက်ပင်းတိုးသည့်အခါ....

ကြောက်ဒူးတုန်ပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်ထွက်ပြေးခဲ့သောကြောင့်ပင်။ ယင်းအတွက်ကြောင့်လည်း ရှောင်မာသည် ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်နေခဲ့ရခြင်းဖြစ်သည်။

သူသည် မလုံမလဲဖြင့် ဟိုဟိုသည်သည်ကြည့်ရင်းလျှောက်လာစဉ် လမ်းကြားလေးတစ်ခုမှထွက်လာသောမိန်းကလေးတစ်ဦးကိုတွေ့လိုက်ရလေသည်။

ထိုမိန်းကလေးသည် သူအကြောက်လွန်ပြီး သတိလစ်သွားခဲ့စဉ်က သူ့အားပြုစုစောင့်ရှောက်ခဲ့သည့်ကျင်းကျင်းဖြစ်နေ၏။

သူမ၏အိမ်၌တည်းခိုခဲ့သည့်ကာလတစ်လျှောက် ဒေါ်လေးကျင်စုချက်ပြုတ်ပေးသည့် စားစရာများကိုယူလာပေးသူမှာလည်း သူမပင်ဖြစ်သည်။

ရှောင်မာသည် ဝမ်းသာအားရဖြင့် သူမအားလှမ်းခေါ်ရန်ဟန်ပြင်လိုက်သည်။

သို့သော် သူမသည် သူ့အားမမြင်ဘဲခြံဝင်းတစ်ခုအတွင်းသို့ဝင်ရောက်သွားလေသည်။



ရှောင်မာကပြေးလိုက်သွားရန်ဟန်ပြင်လိုက်ပြီးမှ....

ရုတ်တရက် ခြေလှမ်းတုံ့ခနဲရပ်လိုက်သည်။

အကြောင်းမှာ... ထိုခြံဝင်းအား သူကောင်းစွာမှတ်မိလိုက်ခြင်းကြောင့်ဖြစ်သည်။

ထိုခြံဝင်းကား လှပသောခြံဝင်းကြီးတစ်ခုဖြစ်သည်။

ခြံဝင်းအတွင်း၌ ခမ်းနားထည်ဝါသောအဆောက်အအုံကြီးတစ်ခုရှိနေ၏။

ရှောင်မာသည် ဝံဖြူကျေးရွာသို့ရောက်လာခဲ့သည့်ညက မြင်ကွင်းတစ်ခုကို ဖျတ်ခနဲပြန်လည်မြင်ယောင်လာမိသည်။

ထိုမြင်ကွင်းကား အခြားမဟုတ်ချေ။

ခြံဝင်းအတွင်းရှိ သစ်ပင်တစ်ပင်အောက်တွင် မိုးမမြင် လေမမြင်ချစ်ရည်လူးကာ ကြည်နူးနေခဲ့ကြသောချစ်သူနှစ်ဦးကို မမျှော်လင့်ဘဲမြင်တွေ့ခဲ့ရသည်မဟုတ်ပါလား။

ထိုစဉ်က သူတွေ့ခဲ့ရသောအမျိုးသမီးမှာ သူမပင်ဖြစ်နေသည်လော။

အဘယ်ကြောင့်မှန်းမသိ။ ရှောင်မာ၏ရင်ထဲ၌ထူးခြားသောဝေဒနာတစ်ရပ် ခံစားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူခြံဝင်းကိုငေးမောကြည့်နေစဉ်မှာပင်....

သူမသည် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။ ရှောင်မာသက်ပြင်းချလိုက်သည်။

သူသည် သူမဝင်ရောက်သွားသည့် ခြံဝင်းရှေ့မှဖြတ်ကာ ဆက်၍လျှောက်ခဲ့လေသည်။

သူ၏ခြေလှမ်းများကား ဦးတည်ရာမဲ့နေသည်။

သူ မည်သည့်နေရာသို့သွားရမည်နည်း။

သူ၏ခြေလှမ်းများသည် တဖြည်းဖြည်းနှေးကွေးသွားကာ နောက်ဆုံးရပ်တန့်သွားလေသည်။

ထိုအချိန်မှာပင်....

၀၀၀၀



တစ်ကောင်ကြွက်

"ဒေါင်ဒေါင်... ဒေါင်ဒေါင်"

ခေါင်းလောင်းထိုးသံများကိုကြားလိုက်ရလေသည်။

ရှောင်မာလှမ်းကြည့်လိုက်သောအခါ မလှမ်းမကမ်းတစ်နေရာ၌ တုံးဖြူများသုတ်ထားသည့်သစ်သားခြံစည်းရိုးများ ကာထားသောဘုံကျောင်းလေးတစ်ကျောင်းကိုတွေ့လိုက်ရသည်။

ဘုံကျောင်းလေးမှာသေးငယ်သော်လည်း သန့်ရှင်းသပ်ရပ်မှုရှိပြီး မြင်လိုက်ရုံနှင့်ရင်ထဲအေးမြသွားလောက်ပေသည်။

ဘုံကျောင်းလေးကိုငေးမောကြည့်နေစဉ်မှာပင်....

"အစ်ကိုကြီး...."

နောက်ကျောဘက်မှခေါ်သံကို ကြားလိုက်ရလေသည်။

သူလှည့်ကြည့်လိုက်သောအခါ....

www.burmeseclassic.com

www.burmeseclassic.com



ပြေးလာနေသည့်ကောင်လေးလောက်ဝီးအား တွေ့မြင်လိုက်ရလေသည်။ လောက်ဝီးသည် ထုံးစံအတိုင်း ညစ်ထေးသောအဝတ်အစားများဝတ်ဆင်ထားကာ ညှိုးနွမ်းသောမျက်နှာထားရှိလေသည်။

"ဩော်... ညီလေးပါလား"

လောက်ဝီးက စိုးရိမ်မကင်းဟန်ဖြင့် ရှောင်မာ့အားလှမ်းကြည့်ကာ...

"အစ်ကိုကြီး နေမကောင်းဘူးဆို၊ ရွှမ်ဟိုင်စန်းတစ္ဆေနဲ့လည်း တွေ့ခဲ့သေးတယ်ဆို"

လောက်ဝီးက အမောတကောမေးလေသည်။

ရှောင်မာမှာ စကားမပြောနိုင်အောင်ဖြစ်သွားလေသည်။

ရွှမ်ဟိုင်စန်းတစ္ဆေနှင့်တွေ့ဆုံစဉ်က ကြောက်အားလန့်အားထွက်ပြေးမိခဲ့သည့်အဖြစ်ကိုပြန်တွေးမိကာ ရှက်ရွံ့စိတ်များပင်ဖြစ်ပေါ်လာလေသည်။

ရွှမ်ဟိုင်စန်းတစ္ဆေနှင့်တွေ့ပြီး လန့်ဖျား ဖျားသွားသည်ဟု ဝံဖြူကျေးရွာအတွင်းသတင်းများ ပျံ့နှံ့သွားမည်မှာသေချာလှသည်။

ထို့ကြောင့်....



ရှောင်မာသည် ကိုယ့်ကိုယ်ကိုလိပ်ပြာမလုံဖြစ်ကာ မည်သူ့ကိုတွေ့တွေ့ မျက်နှာပူနေမိတော့၏။ ထိုအချိန်တွင်... လောက်ဝီးထံမှစကားသံထွက်ပေါ်လာပြန်လေ၏။

"ရွှမ်ဟိုင်စန်းတစ္ဆေနဲ့တွေ့ခဲ့ရပေမယ့် အစ်ကိုကြီးအသက်ရှင်နေတာ သိပ်ကံကောင်းတယ်လို့ပြောနေကြတယ်"

လောက်ဝီးစကားကြောင့် ရှောင်မာ မျက်မှောင်ကုပ်သွားသည်။ သူသည် လောက်ဝီးအားစိုက်ကြည့်လိုက်ပြီး....

"ဘယ်လို... ငါသိပ်ကံကောင်းတယ်ဟုတ်လား"

လောက်ဝီးခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်အစ်ကိုကြီး ရွှမ်ဟိုင်စန်းတစ္ဆေနဲ့တွေ့တဲ့လူတိုင်းဦးခေါင်းနဲ့ခန္ဓာကိုယ် အိုးစားကွဲသွားရတာချည်းပဲ၊ ဘယ်သူမှမလွတ်ဘူး၊ အသက်ရှင်လွတ်မြောက်လာသူဆိုလို့ အစ်ကိုကြီးတစ်ယောက်ထဲပဲရှိသေးတယ်၊ အစ်ကိုကြီးမှာ တစ္ဆေသရဲကိုကြောက်စရာမလိုတဲ့လက်ဖွဲ့အဆောင်ကောင်းတစ်ခုရှိမယ်လို့ပြောနေကြတယ်"

ထိုစကားကြောင့် ရှောင်မာသည် စိတ်ထဲအနည်းငယ်သက်သာသလိုရှိသွားလေသည်။

လောက်ဝီးကဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးနေမကောင်းတဲ့သတင်းကို ကျွန်တော်ကြားပါတယ်၊ ဒါပေမယ့် ကျွန်တော်လာမကြည့်ရဲဘူး... အိမ်ထိန်းကြီးဝူစုကို ကြောက်ရတယ်၊ သူကကျွန်တော့်ကိုမောင်းထုတ်မှာ... ကျွန်တော် နေ့တိုင်းလိုလိုအိမ်ရှေ့ကဖြတ်လျှောက်သွားတာ၊ အစ်ကိုကြီးများတွေ့ရမလားလို့"

လောက်စီးက မိမိအပေါ်ခင်မင်ရင်းနှီးနေသဖြင့် ရှောင်မာ ပြုံးလိုက်မိလေသည်။

"မင်းလာချင်ရင်လာလို့ရပါတယ်... အိမ်ထိန်းကြီးဝူစုက သဘောကောင်းပါတယ်"

လောက်စီးခေါင်းခါလိုက်သည်။

"မဟုတ်ဘူး... အိမ်ထိန်းကြီးဝူစုက ကျွန်တော့်ကိုအမြဲတမ်း အပြစ်မြင်နေတာဗျ"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"နေပါဦး... ဘာကြောင့်များ သူကမင်းကိုအပြစ်မြင်နေရတာလဲ... ပြောစမ်းပါဦး"

လောက်စီးမျက်နှာငယ်သွားသည်။

နှမ်းလျသောလေသံဖြင့်....



"ကျွန်တော်ကမိဘမဲ့တစ်ကောင်ကြွက်ဖြစ်နေတော့ သူများ ခိုင်းသမျှလုပ်ပေးပြီး အသက်မွေးဝမ်းကျောင်းခဲ့ရပါတယ်၊ စေတနာ ရှင်ဒေါ်လေးကျင်စုက ကျွန်တော့်ကိုခေါ်ပြီး ကျွေးမွေးပြုစုခဲ့ပါတယ်၊ သူ့ယာထဲမှာ အလုပ်လုပ်ခိုင်းပါတယ်... မြင်းတွေကိုထိန်းကျောင်း ခိုင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကိုအလုပ်မလုပ်ဘူးဆိုပြီး ဒေါ်လေး ကမောင်းထုတ်လိုက်တာနဲ့ တစ်ရွာလုံးက ကျွန်တော့်ကိုအပြစ်မြင်ပြီး မခေါ်မပြောဘဲ ပစ်ပယ်ထားကြတော့တာပါပဲခင်ဗျာ၊ အိမ်ထိန်းကြီး ဆိုရင် ကျွန်တော့်တွေ့တာနဲ့ ရိုက်မောင်းပုတ်မောင်းလုပ်တော့တာ ပါပဲ"

လောက်စီးကရှည်လျားစွာပင်ပြောလိုက်လေ၏။

ရှောင်မာက....

"ဒေါ်လေးကျင်စုက စေတနာကောင်းလွန်းလို့ တစ်ရွာလုံး က သူ့ကိုချစ်ခင်လေးစားကြတယ်မဟုတ်လား၊ မင်းက ဘာလို့ သူ့ဆီ မှာအလုပ်ကောင်းကောင်းမလုပ်တာလဲ"

"ကျွန်... ကျွန်တော်"

လောက်စီးသည် မည်သို့ပြောရမှန်းစဉ်းစားမရဟန်ဖြင့် ထစ် ထစ်ငေါ့ငေါ့ဖြစ်နေပြီး ခေါင်းငုံ့ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာက သူ့အားနှစ်သိမ့်လိုက်၏။

"ကဲပါလေ... မင်းကတစ်ယောက်တည်းပဲဆိုတော့ ငါ ဒီက ပြန်သွားရင် မင်းကိုပါခေါ်သွားမယ်... ငါနဲ့လိုက်မလား"

ထိုစကားကြားသည့်အခါ လောက်ဝီးခမြာ ဆတ်ခနဲခေါင်း ထောင်ထလာလေသည်။

သူ၏မျက်လုံးများလည်း အရောင်တဖိတ်ဖိတ်တောက်ပ လာလေသည်။ မျှော်လင့်ချက်ကြောင့် သူ၏မျက်နှာတစ်ခုလုံး ရွှင် လန်းတက်ကြွလာလေသည်။

"အစ်ကိုကြီး တကယ်ပြောတာလား"

လောက်ဝီးကဲ့သို့လူငယ်တစ်ဦး၏ဘဝသည် အချိန်မရွေး ပျက်စီးနိုင်ပြီး ဒုစရိုက်နယ်ပယ်ထဲရောက်သွားနိုင်သည်။ ထို့ကြောင့် သူ့အားလုံရှန်မြို့သို့ခေါ်ဆောင်သွားကာ ကောင်းလျှံ၏ဆိုင်၌ အလုပ် သွင်းပေးရန် ရှောင်မာစိတ်ကူးမိ၏။

သူသည် လောက်ဝီးအားပြုံးပြလိုက်ပြီး....

"တကယ်ပေါ့... မင်း ငါနဲ့လိုက်ခဲ့မယ်ဆိုရင် မင်းကိုအလုပ် သွင်းပေးမယ်၊ ကောင်းကောင်းမွန်မွန်နေရမယ်၊ ကောင်းကောင်း မွန်မွန်စားရမယ်၊ ဒါပေမယ့် အလုပ်တော့ကြိုးစားလုပ်ရမယ်"



လောက်ဝီးသည် ပျာပျာသလဲခေါင်းညိတ်ကာ....

"စိတ်ချပါအစ်ကိုကြီး... ဘယ်လောက်ပဲ ပင်ပန်းတဲ့အလုပ် ဖြစ်ပါစေ၊ ကျွန်တော်လုပ်ပါ့မယ်"

လောက်ဝီးက မဆိုင်းမတွ စိတ်အားထက်သန်စွာပြန်ပြော လိုက်ခြင်းဖြစ်သည်။ ရှောင်မာက လောက်ဝီးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

"ဒါနဲ့... မင်းရဲ့ဦးလေးနဲ့နေတယ်လို့ တစ်ခါက မင်းငါ့ကို ပြောခဲ့ဖူးတယ်နော်"

လောက်ဝီးခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဦးလေးဝမ်းကွဲတော်ပါတယ်၊ သူ့ဆီမှာ နေရပေမယ့် ထမင်းနပ်မှန်အောင်မစားရပါဘူး... ကျွန်တော့်ကို...."

လောက်ဝီးသည် ရှေ့မဆက်နိုင်ဘဲရပ်ထားပြန်၏။

ရှောင်မာကလက်ကာပြလိုက်ပြီး....

"ကဲ ထားလိုက်ပါတော့... ငါ ပြန်သွားတဲ့အခါ မင်းလိုက်ခဲ့ ပေါ့ဟုတ်ပြီလား"

"ကျေး... ကျေးဇူးတင်လိုက်တာအစ်ကိုကြီးရာ"

ရှောင်မာသည် ကောင်းကင်ပေါ်မော့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နေလုံးကြီးသည် အနောက်ဘက်တောင်စွယ်၌ မေးတင်နေပြီဖြစ်သည်။ အစာရှာထွက်သောငှက်ငယ်များပင် အိပ်တန်းဝင်ရန် အုပ်ဖွဲ့ပျံသန်းနေလေပြီ။

ညနေစောင်းစပြုလေပြီ။

မကြာမီ နေဝင်တော့မည်။

"ကဲ... ငါပြန်ဦးမယ်၊ နောက်မှတွေ့ကြတာပေါ့ဟုတ်လား"

ရှောင်မာက လောက်ဝီး၏ပခုံးကိုပုတ်ကာနှုတ်ဆက်လိုက်သည်။ လောက်ဝီးခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... အစ်ကိုကြီး၊ ကျွန်တော်လဲသွားတော့မယ်"

"အေး... အေး"

ရှောင်မာသည် နှုတ်ဆက်ထွက်ခွာသွားသော လောက်ဝီးကိုငေးကြည့်နေ၏။

သူ၏မြင်ကွင်းမှ လောက်ဝီးပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေပြီးမှ အိမ်ထိန်းကြီးဂူစုထံသို့ပြန်လှည့်လာခဲ့၏။

ထိုအချိန်မှာပင်....

မြင်းတစ်ကောင်ကိုဆွဲ၍ ခေါင်းငိုက်စိုက်ချပြီးသွားနေသူတစ်ဦးကို အမှတ်မထင်လှမ်းမြင်လိုက်ရသည်။



ထိုလူကား မုဆိုးကြီးစီတောက်ပင်ဖြစ်၏။

စီတောက်၏အခြေအနေက သိပ်မဟန်။

ရှောင်မာ ရင်ထိတ်သွား၏။

ချက်ချင်းပင် စီတောက်နောက်သို့ ကပျာကယာပြေးလိုက်သွားလေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## ရှောင်ပြေးလိုသူ

မုဆိုးကြီးစီတောက်....

ချင်းဟိုင်တောင်တန်းတစ်လျှောက် အလွန်ကျော်ကြားထင်ရှားသောမုဆိုးကြီးတစ်ဦးဖြစ်သည်။ သူသည် အစဉ်သဖြင့် ရဲရင့်တက်ကြွသောအသွင်ရှိသူဖြစ်သည်။

သို့သော် ယခုအခါတွင်မူ သူ့အသွင်သည် တစ်မျိုးထူးခြားနေ၏။ သူသည် အဝတ်အစားပိုသိပတ်သီနှင့် မြင်းတစ်ကောင်ကိုဆွဲပြီးသွားနေ၏။

မြင်းပေါ်၌ဝန်စည်စလှယ်များတင်ထား၏။

သူ အမြတ်တနိုးထားသည့် ဒူးလေးကြီးကိုလည်းတွေ့ရ၏။

သူ့ပုံစံသည် သူအမြတ်နိုးဆုံးပစ္စည်းများယူဆောင်၍ ဝံဖြူရွာမှအပြီးအပိုင်ထွက်ခွာသွားတော့မည့်ပုံမျိုးဖြစ်သည်။



အဘယ့်ကြောင့်ပါနည်း။

မုဆိုးကြီးစီတောက်အနေဖြင့် အဘယ့်ကြောင့် ဝံဖြူရွာကို စွန့်ခွာသွားလိုရပါသနည်း။

ရှောင်မာသည် မုဆိုးကြီးစီတောက်၏နောက်သို့ ခပ်သွက်သွက်လိုက်သွားပြီး....

"မုဆိုးကြီးဘယ်လဲဗျ"

ဟုလှမ်းမေးလိုက်၏။ ရုတ်တရက်ထွက်ပေါ်လာသည့်မေးသံကြောင့် မုဆိုးကြီးစီတောက်လှည့်ကြည့်လိုက်၏။

ရှောင်မာ့ကိုတွေ့သဖြင့် ခြေလှမ်းရပ်လိုက်သည်။

"မင်း ဘာလာရှုပ်ဦးမလို့လဲ"

မုဆိုးကြီးစီတောက်၏အသံက ရှောင်မာ့ကိုလိုလားပုံမရပါ။

ရှောင်မာက...

"ဦးကိုနှောင့်ယှက်တာမဟုတ်ပါဘူး၊ ဦး ဒီရွာကထွက်သွားဖို့ဆိုရင် တားမလို့ပါ"

"ဘာကွ"

မုဆိုးကြီးစီတောက် ဒေါသတကြီးဖြစ်သွားသည်။

ရှောင်မာကတည်ကြည်သောမျက်နှာထားဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ လုံရှန်မြို့တော်ဝန်ရဲ့အမိန့်နဲ့ ဒီရွာကိုလာခဲ့တာပါ၊ ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စကိုဖော်ထုတ်လို့မပြီးမချင်း ဘယ်သူမှ ဒီရွာကထွက်သွားလို့ မရပါဘူး၊ ဘာကြောင့်လဲဆိုတော့ လူတိုင်းလူတိုင်းဟာ တရားခံဖြစ်နိုင်တဲ့အခြေအနေမှာရှိနေကြလို့ပါ"

ထိုစကားကြောင့် မုဆိုးကြီးစီတောက်မှာ ဒေါသအလွန်အမင်းထွက်သွားလေ၏။

မျက်တောင့်နီကြီးဖြင့်ရှောင်မာ့ကိုကြည့်ကာ...

"မင်းဘာသာ ဘာကောင်ဖြစ်ဖြစ် ငါကရုမစိုက်ဘူး... ငါက တရားခံလဲမဟုတ်ဘူး၊ ရွှမ်ဟိုင်စန်းကိစ္စက ဖြေရှင်းလို့မှမရတာဘဲ၊ ဖြေရှင်းလို့မရတဲ့ကိစ္စမှာတရားခံရှာတာ မင်းရူးနေလို့ပဲ၊ မင်းကိုယ်တိုင်သူနဲ့တွေ့ခဲ့ရတာပဲမဟုတ်လား"

ရှောင်မာလက်မခံနိုင်ပါ။

"သရဲတစ္ဆေက လူသတ်မှုကျူးလွန်တယ်ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ဒီကိစ္စ တစ်နေ့အဖြေမှန်ပေါ်မှာပါ"

စီတောက်ကမြေပေါ်တံတွေးထွေးချပြီး....

"ထွီ... မင်းရူးနေပြီ"

"ဘာပဲဖြစ်ဖြစ် ဦးထွက်သွားတာကိုခွင့်မပြုနိုင်ဘူး"



ရှောင်မာက ပြတ်ပြတ်သားသားပင်ပြောလိုက်၏။

မုဆိုးကြီးစီတောက်ကအံကြိတ်ကာ....

"ငါထွက်သွားမယ်ဆိုရင်ကော"

"ကျုပ်ကတားဆီးရပါလိမ့်မယ်"

မုဆိုးကြီးစီတောက်သည် ရှောင်မာ့အား ပမာမခန့်ကြည့်ကာလှောင်ရယ်ရယ်လိုက်သည်။

"ကောင်းပြီ... ငါသွားမယ်၊ မင်းတားနိုင်ရင်တားပေတော့"

မုဆိုးကြီးစီတောက်သည် စကားဆုံးသည်နှင့်မြင်းကိုဆွဲ၍ထွက်သွားလေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးစီတောက်သည် ရှောင်မာဟန့်တားသည့်ကြားမှ ဂရုမစိုက်ဘဲ မြင်းကိုဆွဲ၍ထွက်ခွာသွားပြီဖြစ်သည်။

"ရပ်လိုက်"

ရှောင်မာကအော်ငေါက်ဟန့်တားလိုက်၏။

မုဆိုးကြီးစီတောက်က အရေးမစိုက်ပါ။ ဟန့်တားကာမှပို၍ ပင် ခပ်သွက်သွက်လှမ်းထွက်သွားလေသည်။

ရှောင်မာ လက်ပိုက်ကြည့်နေ၍မရတော့ပါ။

နောက်မှလိုက်၍ လမ်းပိတ်ဟန့်တားလိုက်၏။

မုဆိုးကြီးစီတောက်က ရှောင်ထွက်သွား၏။

ယင်းသို့ဖြင့်... တစ်ယောက်ကတား တစ်ယောက်ကရှောင် လိုက်နှင့် တဖြည်းဖြည်းရွာအပြင်သို့ရောက်သွားကြလေတော့၏။

၀၀၀၀



နေညိုပြီဖြစ်သည်။

မုဆိုးကြီးစီတောက်သည် ပြောင်းခင်းနံဘေးရှိ သစ်ပင်တစ်ပင်အောက်၌ထိုင်ချလိုက်၏။ နောက်မှလိုက်လာသောရှောင်မာက စီတောက်အားတောင်းပန်လိုက်သည်။

"ဦး... ထွက်မသွားပါနဲ့ဗျာ"

ရှောင်မာအနေဖြင့် မည်သို့ပင်တောင်းပန်စေကာမူ... မုဆိုးကြီးစီတောက်က လက်ခံမည့်သဘောမရှိချေ။

အကယ်၍ စီတောက်ကသာလက်မခံဘဲ ခေါင်းမာနေမည်ဆိုလျှင် မဖြစ်ဖြစ်သည့်နည်းနှင့်တားဆီးရန် ရှောင်မာဆုံးဖြတ်ထားပြီးဖြစ်ပေသည်။

"မင်း ဘာကြောင့် ဒီလောက်တားနေရတာလဲ... ဘာလဲ ငါ့ကိုလူသတ်တရားခံထင်နေလို့လား... တကယ့်လူသတ်ကောင်က ရွှမ်ဟိုင်စန်းတစ္ဆေကွ"

www.burmeseclassic.com

www.burmeseclassic.com



စီတောက်ကမကျေမနပ်ပြောသည်။

"နေပါဦး... ဦးကကော ဘာဖြစ်လို့ ထွက်သွားချင်ရတာလဲ"

ရှောင်မာကပြန်မေးသည်။

"နတ်ဝင်သည်လောင်ရှီပြောတာ မင်းမကြားမိဘူးလား"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ဘာပြောလို့လဲဗျ"

စီတောက်က...

"ဘာပြောရမလဲ... ရွှမ်ဟိုင်စန်းတစ္ဆေက ရွာထဲဝင်လာပြီး သောင်းကျန်းတော့မယ်တဲ့၊ တစ်ရွာလုံးအုံးအုံးကျက်ကျက်ဖြစ်နေတာပဲ၊ မင်းကြည့်လေ... ဘယ်သူကအိမ်အပြင်ထွက်ဝံ့လို့လဲ"

စီတောက်၏စကားကြောင့်....

"ဟား... ဟား... ဟား"

ရှောင်မာရယ်မောလိုက်သည်။

စီတောက်မျက်မှောင်ကုပ်သွားပြီး....

"မင်းဘာရယ်တာလဲ၊ နတ်ဝင်သည်လောင်ရှီရဲ့စကားကို မင်းမယုံဘူးဟုတ်လား"

ရှောင်မာက....



"သူပြောတာမှန်သမျှ မှန်ရမယ်လို့ ဘယ်သူပြောနိုင်မှာလဲ"

စီတောက်က အားကျမခံပြန်ပြော၏။

"ဟ... သူဟောတိုင်းမှန်လို့ပြောတာပေါ့ကွ"

ရှောင်မာခေါင်းယမ်းလိုက်သည်။

"သူပြောတိုင်းမှန်တယ်ဆိုရင် ရွှမ်ဟိုင်စန်းတစ္ဆေကို သူဖမ်းတီးနေတာပဲဖြစ်မယ်၊ သူဟာတရားခံပဲဖြစ်လိမ့်မယ်ဗျ"

"မင်း... မင်း"

စီတောက်မှာ ဘာပြောရမှန်းမသိဘဲ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ ရှောင်မာက....

"မဖြစ်ဘူး... နတ်ဝင်သည်လောင်ရှီနဲ့သွားတွေ့ပြီး သူ့ကိုစစ်ဆေးမေးမြန်းရလိမ့်မယ်"

"မင်းကြိုက်သလိုလုပ်... ငါ့ကိုတော့မတားနဲ့"

စီတောက်ပြောရင်းထိုင်ရာမှထလိုက်၏။ ရှောင်မာက...

"အမှန်တော့... ဦးက နတ်ဝင်သည်ရဲ့စကားကြောင့် ထွက်သွားချင်တာမဟုတ်ဘူး၊ ဟိုတစ်ချိန်က ရွှမ်ဟိုင်စန်းကို ဒူးလေးနဲ့ပစ်ခဲ့မိတာကြောင့် ကိုယ့်ကိုယ်ကိုလိပ်ပြာမလုံဖြစ်ပြီး ထွက်သွားချင်နေတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စီတောက်မှာမငြင်းသာတော့ဘဲ....

"ဟုတ်တော့ကော ဘာဖြစ်သလဲ"

"ဦးဟာ တစ်ချိန်က ရွှမ်ဟိုင်စန်းကိုမကြောက်ဘဲ ဒူးလေးနဲ့ ပစ်ခဲ့သေးတာပဲ၊ အခုချိန်ကျမှ ဘာကြောင့် ကြောက်နေရတာလဲ၊ ဒီတစ်ခါ သူ့ကိုထိအောင်ပစ်နိုင်တဲ့အခွင့်အရေးရနိုင်တာပဲ"

ရှောင်မာ၏စကားကြောင့် စီတောက်မျက်လုံးပြူးသွားလေသည်။ သူသည် ရှောင်မာ့ကိုကြောင်၍ကြည့်နေမိ၏။

"ဒီတစ်ခါ မြင်းကိုမဟုတ်ဘဲ သူ့ကိုထိအောင်ပစ်ချလိုက်ပေါ့ ဗျာ၊ ဒါမှ တစ်ခါတည်းကိစ္စပြတ်သွားမှာ"

ရှောင်မာကထပ်၍ပြောလိုက်ရာ စီတောက်မှာငေးငိုင်တွေဝေသွားတော့၏။

တစ်ချိန်က ရွှမ်ဟိုင်စန်းအားသုတ်သင်သည့်တိုက်ပွဲတွင် သူသည် ရှေ့တန်းမှပါဝင်ခဲ့၏။

ယခုမူ ရွှမ်ဟိုင်စန်းကိုကြောက်ပြီးထွက်ပြေးရန်ကြိုးစားနေမိပြီဖြစ်သည်။

သူ၏လုပ်ရပ်မှန်ကန်ပါ၏လော။

ရှောင်မာကစီတောက်ကိုလှမ်းကြည့်ပြီး....



"ရွှမ်ဟိုင်စန်း အသက်ထင်ရှားရှိနေတုန်းကတော့ တစ်စက်မှမကြောက်ဘဲ မကောင်းဆိုးဝါးဘဝကိုရောက်မှ ကြောက်ရမှာလားဗျာ၊ သူက တစ်ခါသေရတာကိုမကျေနပ်ဘူးဆိုရင် နှစ်ခါပြန်ပြီးသေအောင် ဆုံးမလိုက်တာပေါ့မဟုတ်ဘူးလား"

စီတောက်သည်တွေဝေနေရာမှ မျက်လုံးများဝင်းဝင်းလက်တောက်ပလာပြီး....

"ဟုတ်တယ်... မင်းပြောတာမှန်တယ်"

ရှောင်မာကိုပြုံးပြပြီး....

"ဟုတ်တယ်... ငါဘာကြောင့်ကြောက်ရမှာလဲ... ဟိုတုန်းကတောင် မကြောက်ခဲ့သေးတာဘဲ"

ရှောင်မာဝမ်းသာသွားသည်။

စီတောက်ကဲ့သို့ပင် ဝံဖြူကျေးရွာသားအားလုံးကိုစည်းရုံးသိမ်းသွင်းနိုင်မည်ဆိုလျှင် ရွှမ်ဟိုင်စန်းတစ္ဆေကို အမြန်ဆုံးဖော်ထုတ်ရှင်းနိုင်လိမ့်မည်ဟုယုံကြည်လာ၏။ စီတောက်ကသက်ပြင်းချရင်း....

"ငါဟာ ဘယ်တုန်းကမှ ကြောက်ရွံ့ခဲ့တာမဟုတ်ဘူးကွ၊ ဒါကြောင့်လည်း အန္တရာယ်များတဲ့မုဆိုးအလုပ်ကို တစ်သက်လုံးလုပ်လာခဲ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာက....

"ဟုတ်ပါတယ်... တော်ရုံတန်ရုံသတ္တိနဲ့ မုဆိုးတစ်ယောက်ဖြစ်မလာနိုင်ပါဘူး၊ မုဆိုးဆိုတာ သားရဲတိရစ္ဆာန်တွေနဲ့အမြဲရင်ဆိုင်နေရတာပဲလေ၊ တစ်ချက်ကလေးသတိလစ်တာနဲ့ မုဆိုးဘဝကနေသားကောင်ပြန်ဖြစ်သွားတာပဲမဟုတ်လား"

စီတောက်ခေါင်းညိတ်လိုက်သည်။

"အေးကွ... ငါ့ကိုယ်ငါ သတ္တိကောင်းတယ်လို့ တစ်သက်လုံးယုံကြည်လာခဲ့တာ ခုနောက်ပိုင်း ဘယ်လိုဖြစ်သွားမှန်းမသိပါဘူးကွာ၊ မရှင်မလန်းနဲ့ အလိုလိုနေရင်းကြောက်နေသလိုပဲ၊ ရှမ်ဟိုင်စန်းတစ္ဆေပေါ်လာတော့ပိုဆိုးတာပေါ့ကွာ၊ တစ်ခါတလေ အကြောက်လွန်ပြီးမူးလဲသွားတော့မယ်တောင်ထင်ရတယ်၊ ဒေါ်လေးကျင်စုဆီက ဆေးတောင်းပြီးသောက်နေရတယ်"

စီတောက်၏စကားတွင် ဒေါ်လေးကျင်စုပါလာပြန်၏။

ဒေါ်လေးကျင်စု၏ကျေးဇူးသည် ဝံဖြူတစ်ရွာလုံးအပေါ်သက်ရောက်နေချေသည်တကား။

"ဒေါ်လေးကျင်စုက ဆေးဝါးတွေအကြောင်းကိုလဲနားလည်ထားတယ်ဟုတ်လား"



ရှောင်မာကအမှတ်မထင်မေးမိ၏။

စီတောက်ခေါင်းညိတ်သည်။

"ဟုတ်တယ်... သူ့ဖခင်ဟာ တစ်ချိန်က တို့ချင်းဟိုင်တောင်ပေါ်ဒေသမှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ဆေးဆရာကြီးတစ်ဦးပေါ့၊ ဒါပေမယ့် သူလဲကံဆိုးရှာပါတယ်"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

မုဆိုးကြီးစီတောက်က....

"သူဟာ ဝေဒနာရှင်တွေကိုကုသပေးနိုင်ဖို့ ဆေးဝါးတွေကိုတစ်ချိန်လုံးစမ်းသပ်ဖော်ထုတ်နေတော့ သူ့ရဲ့ဦးခေါင်းထဲမှာ ဆေးဝါးအကြောင်းကလွဲရင် ဘာမှမရှိတော့ဘူးလေ၊ အအိပ်မမှန် အစားမမှန်နဲ့ နှစ်တွေကြာလေတော့ စိတ်ဖောက်ပြန်ရူးသွပ်သွားပြီး ကိုယ့်ကိုယ်ကိုအဆုံးစီရင်သွားတာပေါ့"

"ဩော်...."

ရှောင်မာစိတ်မကောင်းဖြစ်သွားသည်။

လူတော်လူကောင်းတစ်ယောက် အကျိုးမဲ့ဆုံးရှုံးသွားရခြင်းဖြစ်သည်ဟုလည်းနားလည်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးကျင်စုဟာ သူ့အဖေရဲ့ဆေးပညာအမွေကို ဆက်ခံရရှိထားတယ်လေ၊ သူညီမကျင်စန်းကရုပ်ကလေးဘန်းပြပြီး သူဌေးထင်းအိကိုအပိုင်ကြံလိုက်တာ ကိုယ့်ထက် အသက်ထက်ဝက်ကြီးတဲ့လူကိုယူကားတော့... အင်း...."

စီတောက်က စကားကိုတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်၏။ သူဆက်မပြောသော်လည်း သူဘာပြောမည်ကို ရောင်မာနားလည်လိုက်သည်။

ထင်းအိနှင့်ကျင်စန်းတို့၏ခြံဝင်းထဲ၌ အမျိုးသမီးတစ်ဦးနှင့်အမျိုးသားတစ်ဦးတို့မှောင်ရိပ်ခိုနေကြသည်ကို သူကိုယ်တိုင် တွေ့မြင်ခဲ့ရသည်မဟုတ်ပါလား။

ကျင်စန်းသည် အိပ်ရာထဲလဲနေရရှာသည့်ခင်ပွန်းသည်၏နောက်ကွယ်တွင် အခြားသူများနှင့် ဖောက်လွှဲဖောက်ပြန်ပြုလုပ်နေကြောင်း ယုံမှားဖွယ်ရာမရှိတော့ပြီ။

ကျင်စန်းအကြောင်းကို မနေ့တစ်နေ့ကမှရောက်လာသည့်ရောင်မာသည်ပင်လျှင်ရိပ်မိပါက ဝံဖြူရွာသားများက ပို၍ရိပ်မိကြမည်မှာသေချာသည်။။

ကျင်စန်း၏မကောင်းသတင်းကြောင့်....



တစ်ရွာလုံး၏ချစ်ခင်လေးစားခြင်းခံရသည့်...

စေတနာရှင်ဒေါ်လေးစု မည်သို့ရှိမည်နည်း။

မိန်းမချောလေးကျင်းကျင်းကော မည်သို့ရှိမည်နည်း။

ရောင်မာစိတ်မကောင်းဖြစ်မိသော်လည်း ဝံဖြူရွာ၏လူမှုရေးကိစ္စများတွင်ပါဝင်ပတ်သက်ခြင်းမပြုသင့်ဟု နားလည်ထား၏။

သူ၏အဓိကတာဝန်မှာ ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စကိုဖော်ထုတ်ရန်သာဖြစ်သည်မဟုတ်ပါလား။

"ကဲ... ကျုပ်တို့ပြန်ကြပါစို့"

ရောင်မာကပြောလိုက်ရာ...

ဤတစ်ကြိမ်တွင်တော့... စီတောက်လည်း ငြင်းဆန်ခြင်းမပြုတော့ချေ။ ရောင်မာနှင့်အတူ နောက်ကြောင်းပြန်လှည့်ခဲ့လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com

နေရောင်ပျောက်ကွယ်သွားပြီဖြစ်သည်။

တစ်နေ့တာအချိန်ကုန်ဆုံးခဲ့ပြီဖြစ်သည်။

တစ်ညတာအချိန်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သည်။

ရှောင်မာနှင့်စီတောက်တို့သည် စကားကောင်းနေကြသဖြင့် အချိန်ကုန်ဆုံးသွားသည်ကိုပင် သတိမပြုမိခဲ့ကြချေ။

ပြန်တော့မည်ဟန်ပြင်ကာမှ အချိန်လင့်နေပြီဖြစ်ကြောင်း သတိပြုမိကြတော့၏။ ထိုစဉ်မှာပင်....

"ဝုတ်... ဝုတ်... ဝုတ်... ဝူး... ဝူး"

ခွေးအူသံများ... ရုတ်တရက်ဆွဲဆွဲငင်ငင်ထွက်ပေါ်လာရာ စီတောက်ကိတ်ထိတ်ပျာပျာဖြစ်သွား၏။

"ငါတို့ မြန်မြန်ပြေးမှထင်တယ်"

စီတောက် ထိတ်ထိတ်ပျာပျာဖြစ်နေသလောက် ရှောင်မာကား အေးတိအေးစက်ရှိနေလေသည်။



"ဘာဖြစ်လို့လဲ ရွှမ်ဟိုင်စန်းတစ္ဆေထွက်လာမှာကို စိုးရိမ်လို့လားဗျ"

ရှောင်မာက မထုံတက်တေးအမူအရာနှင့် ပြန်မေးလိုက်သည်။ စီတောက်က....

"အေး... ရွှမ်ဟိုင်စန်းတစ္ဆေက ငါ့ကိုကျေနပ်မှာမဟုတ်ဘူး၊ သတ်ပစ်လိမ့်မယ်၊ ငါ... ငါ..."

စီတောက်သည် ပြောရင်းမျက်စိမျက်နှာပျက်လာ၏။ စကားလည်းထစ်ထစ်ငေါ့ငေါ့ဖြစ်လာသည်။

ရှောင်မာကစီတောက်ကိုအကဲခတ်ရင်း....

"ဦး... ကြောက်နေတာလား"

စီတောက်ကလည်း မကွယ်မဝှက်ဝန်ခံသည်။

"ဟုတ်တယ်ကွ... အလိုလိုနေရင်းငါကြောက်လာတယ်၊ တစ်စုံတစ်ခုဖြစ်တော့မယ်လို့လဲ စိတ်ထဲကထင်မိတယ်"

ရှောင်မာကနှစ်သိမ့်ပြုံးပြုံးလိုက်၏။

"ကျုပ်တစ်ယောက်လုံးရှိနေတာပဲဗျာ... ကျုပ်က...."

သို့သော် ရှောင်မာ၏စကားသည် တစ်ပိုင်းတစ်စဖြင့်ရပ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား သူကိုယ်တိုင်လည်း ရင်ထဲ၌စိုးရိမ်မှုပန် စိတ်များဖြစ်ပေါ်လာခြင်းကြောင့်တည်း။

တစ်စုံတစ်ယောက်က ရန်ပြုလာတော့မည်ဟုထင်မှတ်လာသည်။ ထိုထင်မှတ်စိတ်ကြောင့်ပင် ကြောက်စိတ်များလည်း ထူးခြားစွာဖြစ်ပေါ်လာလေသည်။

ထိုစဉ်မှာပင်....

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ ရုတ်တရက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့၏။

ဝဝဝဝ



နဖူးတွေဒူးတွေ

---

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာ၏။

ထိုမြင်းခွာသံသည် ညောင်ကျုပ်တောအုပ်အတွင်းမှထွက်ပေါ်လာခြင်းဖြစ်သည်။ ရုတ်တရက်မို့ စိတ်ထဲထင်ယောင်မိခြင်းလားဟု ဇဝေဇဝါဖြစ်သွားမိသည်။

သို့သော် မြင်းခွာသံသည် ပျောက်ကွယ်မသွားဘဲ ဆက်လက်ထွက်ပေါ်လာသည်ကိုကြားရ၏။

"ခွမ်ဟိုင်စန်းတရွေ...."

စိတောက်သည် မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ လွှတ်ခနဲရေရွတ်လိုက်သည်။ ရှောင်မာက....

"တစ်ခြားတစ်ယောက်လည်းဖြစ်နိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သည်။

စီတောက်ကခေါင်းတွင်တွင်ခါသည်။

"မဟုတ်ဘူး... ဒီမြင်းခွာသံကို ငါမှတ်မိတယ်၊ ရွှမ်ဟိုင်စန်းစီးတဲ့မြင်းနက်ကြီးရဲ့ခွာသံပဲ"

စီတောက်ကအခိုင်အမာပြောလေသည်။

"ကောင်းတာပေါ့ဗျာ... သူလာပြီဆိုရင် မရှာရတော့ဘူးပေါ့၊ ဦးကဒူးလေးနဲ့ပစ်ချလိုက်"

ရှောင်မာ၏စကားကြောင့် မုဆိုးကြီးစီတောက် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ငါ... ငါ..."

ရှောင်မာက အားပေးလိုက်၏။

"ဘာမှမကြောက်ပါနဲ့... သူမခံနိုင်ပါဘူး၊ ဒီတစ်ခါ လူကိုထိအောင် ပစ်ချလိုက်စမ်းပါ"

ရှောင်မာက ယင်းသို့တိုက်တွန်းလိုက်ရာ စီတောက်သည် တုန်တုန်ယင်ယင်ဖြင့် ဒူးလေးကိုဆွဲယူလိုက်သည်။ ရှောင်မာလည်း ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားသည်။ သို့သော် တကယ်တမ်းတွင် သူ၏ရင်ထဲလှုပ်ရှားနေ၏။



ကြောက်ရွံ့စိတ်များက အံ့ဩစရာကောင်းလောက်အောင် သူ့အားချောက်လှန့်နေ၏။

အမှန်တော့...

သူသည် ဟန်ရေးတပြင်ပြင်နှင့်သာပြောနေရသည်။

နောက်ကြောင်းပြန်လှည့်ပြေးချင်စိတ်ကို မနည်းပင် ထိန်းချုပ်နေရ၏။

မြင်းခွာသံများကတစ်စထက်တစ်စကျယ်လာ၏။ မကြာမီ ညောင်ကျပ်တောအုပ်ထဲမှ မြင်းစီးသမားတစ်ဦး ဘွားခနဲပေါ်လာသည်ကိုတွေ့မြင်လိုက်ရတော့၏။

လရောင်အောက်တွင် သန်မာထွားကျိုင်းလှသည့်မြင်းနက်ကြီးတစ်ကောင်....

မြင်းပေါ်တွင် ဦးခေါင်းမပါ ကိုယ်ချည်းသက်သက်ရှိသော တိုက်ပွဲဝင်ချပ်ဝတ်တန်ဆာများနှင့်မြင်းစီးသမား...

အရောင်တဖိတ်ဖိတ်တောက်ပနေသောဓားတစ်လက်....

"ရွှမ်ဟိုင်စန်း"

မှန်သည်။

ရွှမ်ဟိုင်စန်းတစ္ဆေထွက်ပေါ်လာပြီဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာသည် ကပျာကယာနောက်ဆုတ်ပြီး ငေးကြည့်နေမိသည်။ စိတောက်လည်းသွေးပျက်သွားပြီဖြစ်သည်။

"တခွေကောင် မလာနဲ့... သွား... သွား"

စိတောက်သည် တိုက်ခိုက်ရန်သတိမရတော့။

ဒူးလေးကိုပစ်ချကာသွေးရူးသွေးတမ်းအော်ဟစ်လျက် တစ်ချိုးတည်းထွက်ပြေးလေတော့၏။

"ခွပ်ခွပ်... ခွပ်ခွပ်"

ရွှမ်ဟိုင်စန်းတခွေသည် မြင်းကို လေးညှို့မှပစ်လိုက်သောမြားတစ်စင်းပမာ တစ်ဟုန်ထိုးစီးနင်းလျက် ရှောင်မာ၏အနီးမှဖြတ်ကျော်ကာ စိတောက်နောက်သို့လိုက်သွားလေသည်။

စိတောက်က ကြောက်အားလန့်အားဖြင့် ပြေးသော်လည်းအသက်ကြီးရင့်နေပြီဖြစ်ရာ ပြေးအားမသန်တော့ပေ။

နောက်သို့လှည့်ကြည့်လှည့်ကြည့်ဖြင့်ပြေးခြင်းဖြစ်၍ မကြာပါချေ။ ခလုတ်တိုက်ကာ ဝုန်းခနဲလဲကျသွားတော့သည်။

ကပျာကယာလူးလှိမ့်ထကာ ဆက်၍ပြေးလွှားရန်ဟန်ပြင်လိုက်စဉ် ရွှမ်ဟိုင်စန်းတခွေသည် အနီးသို့ရိပ်ခနဲရောက်ရှိလာပြီး ဓားဖြင့်ခုတ်ပိုင်းချလိုက်လေတော့၏။



"ကယ်တော်မူကြပါ"

စိတောက်ကကြောက်လန့်တကြားအော်လိုက်သည်။

"ဒုတ်..."

ဓားချက်သည် သူ၏လည်ဂုတ်ပေါ်ကျရောက်သွားသည်နှင့်အော်သံတိတ်ဆိတ်ပျောက်ကွယ်သွားတော့၏။

"ဝုန်း...."

ဦးခေါင်းမပါသော စိတောက်၏ခန္ဓာကိုယ်ကြီးသည် မြေပေါ်လဲကျသွားလေ၏။ ရှောင်မာသည် ပါးစပ်အဟောင်းသားဖြင့်ငေးကြည့်နေမိသည်။

"ဖုတ်...."

ဦးခေါင်းသည် သူ၏ခြေထောက်နှစ်ချောင်းကြားသို့ရောက်ရှိလာရာ....

"အမယ်လေး...."

သူ စူးစူးရှရှအော်ဟစ်ကာမြေပေါ်ဖင်ထိုင်ကျသွား၏။

ထိုအချိန်မှာပင်....

"ဟီး... ဟီး... ဟီး"

မြင်းဟီသံကျယ်လောင်စွာထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်ဟိုင်စန်းတစ္ဆေသည် မြင်းနက်ကြီးကိုဇက်ကြိုးတင်းတင်းဆွဲကာ ပဒပ်ရပ်လိုက်စေပြီး ဓားကိုဝင့်ကာဝင့်ကာဖြင့်ဝှေ့ယမ်းလိုက်၏။ ထို့နောက်....

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းကိုဒုန်းစိုင်းနှင်ကာအဝေးသို့ထွက်ခွာသွားတော့၏။

ရှောင်မာသည် အသားများ တဆတ်ဆတ်တုန်လျက် မယုံနိုင်စွာဖြင့်ငေးကြောင်ကျန်ရစ်ခဲ့လေတော့၏။

ဝဝဝဝ



## ဇာတိသွေး

ရှောင်မာသည် မိစ္ဆာဓားရှင်(ခေါ်) ရွှမ်ဟိုင်စန်းတစ္ဆေနှင့် နဖူးတွေ့ဒူးတွေ့ခဲ့သည်မှာ နှစ်ကြိမ်ရှိသွားပြီဖြစ်သည်။

ပထမအကြိမ်တွင် တိုက်ခိုက်မည့်ဟန်ဖြင့်ခြောက်လှန့်ခဲ့၏။

ဒုတိယအကြိမ်ကား မျက်စိရှေ့မှောက်၌ပင် စီတောက်အားရက်ရက်စက်စက်သုတ်သင်သွားခဲ့သည်။

ရှောင်မာသည် ရွှမ်ဟိုင်စန်းတစ္ဆေကို နှစ်ကြိမ်တိုင်တိုင်တွေ့ခဲ့ရပြီး ဒုတိယအကြိမ်တွင် ဆိုးရွားလှသောဖြစ်ရပ်ကိုမျက်ဝါးထင်ထင်မြင်တွေ့လိုက်ရခြင်းဖြစ်ရာ....

သူခံနိုင်ရည်မရှိတော့ပါ။ ထိတ်လန့်တုန်လှုပ်ပြီး အပြင်းဖျားဖျားပြန်လေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ရှောင်မာသည် ခုတင်ပေါ်၌ကျုံ့ကျုံ့ကလေးထိုင်နေပြီး ရင်ဘတ်ထိအောင် ဝွမ်းစောင်လွှမ်းခြုံထား၏။ သူ၏မျက်လုံးများက ပြူးကြောင်ကြောင်ဖြင့် ကျိုးကန်းတောင်းမှောက်ဖြစ်နေ၏။

သူသည် ငှက်ဖျားရောဂါဝေဒနာခံစားနေရသူတစ်ယောက်ပမာ တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်နေလေ၏။

သူ အကြောက်ကြီးကြောက်နေပြီဖြစ်သည်။

ထိုစဉ်....

"ကျွိ...."

အခန်းတံခါးပွင့်သွားလေသည်။

"အမယ်လေး...."

ရှောင်မာလွှတ်ခနဲအော်လိုက်သည်။

"အစ်ကို...."

ချိုလွင်သောအသံလေးထွက်ပေါ်လာသည်။ ကျင်းကျင်းက စားသောက်ဖွယ်ရာများထည့်ထားသည့် လင်ဗန်းတစ်ချက်ကိုကိုင်ကာ အခန်းတွင်းသို့ဝင်ရောက်လာသည်။ ကျင်းကျင်းကိုတွေ့လိုက်ရမှ ရှောင်မာစိတ်သက်သာရာရသွားတော့၏။



"ညီ... ညီမ"

ကျင်းကျင်းက ပြုံးပြရင်း....

"အစ်ကိုနေမကောင်းဖြစ်ပြီး သွေးလေချောက်ချားနေတာဖြစ်ပါလိမ့်မယ်... နွားနို့ပူပူလေးသောက်ပါဦးရှင်"

ကျင်းကျင်းက အသင့်ယူလာဆောင်သောနွားနို့တစ်ခွက်ကို ရှောင်မာအားတိုက်ကျွေးလိုက်လေသည်။

"ကျေးဇူးပါပဲ ညီမရယ်"

နွားနို့ပူပူလေးသောက်ရသည်မှာ အရသာရှိလှသည်။

ချက်ချင်းပင် အားအင်များ ပြည့်ဖြိုး၍လန်းဆန်းလာသည်ဟုခံစားလိုက်ရ၏။ သူနေမကောင်းစဉ်ကာလတစ်လျှောက်လုံး ဒေါ်လေး ကျင်စုကစားသောက်စရာများကို အထူးတလည်စီမံပေးသည်။ သူသည် ဒေါ်လေးကျင်စုနှင့်ကျင်းကျင်းတို့အား ကျေးဇူးတင်မဆုံးအောင်ဖြစ်နေရတော့၏။

"အစ်ကို သက်သာရဲ့လားဟင်"

ကျင်းကျင်းကကြင်နာစွာမေးရာ ရှောင်မာကခေါင်းညိတ်လိုက်၏။

"သက်သာပါတယ်ညီမရယ်... ညီမနဲ့ဒေါ်လေးကျင်စုတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်လို့မဆုံးတော့ဘူး"

ကျင်းကျင်းကပြုံးလိုက်သည်။

"ကျွန်မတို့ကကိစ္စမရှိပါဘူးရှင်၊ အစ်ကိုကြည့်ရတာ သိပ်အားမရဘူး"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲညီမရဲ့"

"အစ်ကို နေကောင်းတယ်သာပြောတယ်... သိပ်ကျန်းမာပုံမရဘူး၊ ရောဂါတစ်ခုခုခံစားနေရသလိုမျိုးရှိနေတယ်... အစ်ကိုက ကျွန်မတို့ဒေသရဲ့ရာသီဥတုနဲ့မတည့်ဘူးထင်တယ်"

ရှောင်မာသက်ပြင်းချလိုက်သည်။

ကျင်းကျင်းကဆက်ပြောလိုက်၏။

"အစ်ကိုကြည့်ရတာ ရောက်ခါစနဲ့မတူဘူး... မျက်ကွင်းတွေချိုင့်ပြီး မေးရိုးတွေငေါထွက်အောင်ပိန်ကျသွားတယ်၊ အသားအရေကလဲ ဖြူဖပ်ဖြူရော်နဲ့ ဘကယ့်ပိုးဟပ်ဖြူတစ်ကောင်လိုပဲ"

ထိုစကားကြားသည့်အခါ ရှောင်မာသည် ဘိန်းစားပုကျူးကိုပြေးမြင်လိုက်မိသည်။

ပုကျူးသည်လည်း ပိုးဟပ်ဖြူနှင့်တူနေသည်မဟုတ်လား။



ပုကျူးက ဘိန်းစားဖြစ်၍ ထိုသို့ဖြစ်သည်မှာ အဆန်းမဟုတ် သော်လည်း သူ့အနေနှင့်မူ....

"ငါ အကြောက်လွန်နေလို့ပဲဖြစ်မယ်"

သူသည် တွေးရင်းရှက်ရွံ့လာသည်။

ကျင်းကျင်းကို မဝံ့မရဲကြည့်ကာ....

"ကျုပ် အကြောက်လွန်နေလို့ ခုလိုဖြစ်တာနေမှာပေါ့"

ကျင်းကျင်းခေါင်းခါလိုက်သည်။

"မဆိုင်လိုက်တာရှင်... ရွှံမ်ဟိုင်စန်းကိုမကြောက်တဲ့လူ ဘယ်နှစ်ယောက်များရှိလို့လဲ၊ အားလုံးက ကြောက်ကြတာချည်းပဲ၊ အဲဒီလူတွေက ဘာဖြစ်လို့ အစ်ကို့လိုမဖြစ်တာလဲ"

မှန်သည်။ မိမိ၏ကျန်းမာရေး ထူးခြားစွာချို့ယွင်းသွားခြင်းသည် ရွှမ်ဟိုင်စန်းတစ္ဆေကိုကြောက်ရွံ့ခြင်းကြောင့်မဖြစ်နိုင်။

ကျင်းကျင်းထံမှ စကားသံ ထပ်မံထွက်ပေါ်လာပြန်၏။

"အစ်ကို့ကိုသိပ်ကံကောင်းတယ်လို့ တစ်ရွာလုံးက ချီးကျူးနေကြတာ"

ကံကောင်းသည်ဆိုသောစကားကိုကြားရပြန်ပြီ ဖြစ်၏။

အမှန်တော့ ကံကောင်းခြင်းမဟုတ်။ ကံဆိုးခြင်းသာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သူယုံကြည်ထားသည်။ သူသာ တကယ်ကံကောင်းလျှင် ရွှမ်ဟိုင်စန်းတစ္ဆေအား ဖော်ထုတ်နိုင်မည်မဟုတ်ပါလား။

ယခုမူ ဖော်ထုတ်ခြင်းမပြုနိုင်သည့်အပြင် ကြောက်ဖျားပင် ဖျားနေရပြီဖြစ်၏။ ကျင်းကျင်းက....

"ရွှမ်ဟိုင်စန်းတစ္ဆေဟာ ကျွန်မတို့ကိုဒုက္ခပေးနေတယ်ဆို တာအစ်ကိုယုံကြည်ပြီမဟုတ်လား၊ အစ်ကိုထင်သလို ဒီကိစ္စက တစ်ရုံ တစ်ယောက်ကလုပ်ကြံဖန်တီးနေတာမဟုတ်ပါဘူး၊ ရွှမ်ဟိုင်စန်းဟာ အသက်ရှင်စဉ်ကဖြစ်ရပ်တွေကို မကျေနပ်လို့ မကောင်းဆိုးဝါးဘဝ ကိုရောက်တဲ့အခါမှာတောင် အခဲမကျေဘဲ အခုလို လက်စားလာချေ တာပါ၊ တစ္ဆေတစ်ကောင်ကို ဘယ်လိုလုပ်ပြီးအရေးယူနိုင်မလဲ"

ရှောင်မာငူငူကြီးဖြစ်သွားသည်။

ဝံဖြူရွာသားများပြောသည့် ရွှမ်ဟိုင်စန်းတစ္ဆေအကြောင်း ကို မယုံ၍မရတော့သလိုဖြစ်နေပေပြီ။

ကျင်းကျင်းက ဆက်ပြောပြန်၏။

"ချင်းဟိုင်တောင်တန်းမှာ သောင်းကျန်းနေတာ ရွှမ်ဟိုင် စန်းတစ္ဆေဆိုတာ အစ်ကိုလက်ခံတယ်ဆိုရင် မြို့ဝန်မင်းဆီ အမှန် အတိုင်းတင်ပြလိုက်လို့ရပါတယ်၊ ဒီကိစ္စကိုဖြေရှင်းဖို့ဆိုတာ...."



သူမ၏စကားမဆုံးမီ ရှောင်မာကကြားဖြတ်ပြောသည်။

"ဒီကိစ္စကိုမဖြေရှင်းလို့ မရဘူး"

ရှောင်မာ၏စကားကြောင့်....

ကျင်းကျင်းမျက်မှောင်ကုပ်သွားသည်။

"အစ်ကိုသဘောက...."

"လူသတ်မှုတွေရဲ့တရားခံဟာ လူပဲဖြစ်ဖြစ် တစ္ဆေပဲဖြစ်ဖြစ် ဖြေရှင်းနိုင်စရာနည်းလမ်းတစ်ခုခုတော့ ရှိရမှာပေါ့၊ ကျုပ်ကမင်းမှု ထမ်းတစ်ယောက်ပါ... ဆုံးခန်းတိုင် မစုံစမ်းရသေးဘဲ လွယ်လွယ်နဲ့ လက်မလျှော့နိုင်ပါဘူး၊ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ရပါ လိမ့်မယ်"

ရှောင်မာက တည်ကြည်သောမျက်နှာထားဖြင့်ပြောသည်။

ကျင်းကျင်းက သူ့အားအံ့သြစွာကြည့်သည်။

ရှောင်မာကဆက်ပြော၏။

"တရားခံဟာ မကောင်းဆိုးဝါးကောင်မဟုတ်ဘဲ လူဖြစ်နေ တယ်ဆိုရင် ဖမ်းဆီးအရေးယူပြီး ထိုက်တန်တဲ့အပြစ်ဒဏ်ပေးရမှာပါ၊ တကယ်လို့ မကောင်းဆိုးဝါးကောင်ဖြစ်နေမယ်ဆိုရင်လည်း အပြစ် ပေးနိုင်မယ့်နည်းလမ်းတစ်ခုခုတော့ရှိရမှာပေါ့၊ ဘယ်သူမဆို ဒုစရိုက်

www.burmeseclassic.com

www.burmeseclassic.com



မှုကျူးလွန်တယ်ဆိုရင် ထိုက်တန်တဲ့အပြစ်ဒဏ်ခံရမှာပါပဲ”

ရှောင်မာသည် ကြောက်လန့်နေသည့်သဘော၊ မကျန်းမာသည့်သဘောရှိသော်လည်း သူ၏စိတ်ထဲ၌ တာဝန်ဝတ္တရားအတိုင်းဆောင်ရွက်လိုစိတ်ရှိကြောင်းထင်ရှားပေသည်။

သူသည် အသက်သေဆုံးသွားသည့်တိုင် တာဝန်ဝတ္တရားကို ကျေပွန်အောင်ထမ်းဆောင်သွားမည့်သူဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။

သူသည် ကျင်းကျင်းအားစိုက်ကြည့်ပြီး....

“ကျုပ် နတ်ဝင်သည်လောင်ရှိကိုသွားတွေ့လိုက်ဦးမယ်”

ထိုစဉ်မှာပင်....

“ဆရာလေး... သက်သာရဲ့လား”

စကားသံနှင့်အတူ... အိမ်ထိန်းကြီးဝူစု အခန်းထဲဝင်ရောက်လာသည်ကိုတွေ့မြင်ရ၏။

ဝူစုသည် ရှောင်မာအနီးသို့ရောက်လာ၏

သူသည် ရှောင်အားဦးညွတ်လိုက်ပြီး...

“ဆရာလေးနဲ့တိုင်ပင်ဆွေးနွေးစရာရှိတယ်လို့ လူငယ်ခေါင်းဆောင်ဝမ်စိမ်းကပြောပါတယ်၊ ‘အခု သူရောက်နေပါတယ်”



ရှောင်မာအံ့သြသွားသည်။

ဝမ်စိမ်းသည် မိမိအား အမြဲတမ်းလိုလို မလိုလား မနှစ်မြို့သည့်သဘောပြသလေ့ရှိသည်မဟုတ်ပါလား။

အဘယ်သို့သောကိစ္စကြောင့် မိမိအားတွေ့လိုရပါသနည်း။

ရှောင်မာသက်ပြင်းချလိုက်သည်။

“ကောင်းပြီ... ကျုပ်လာခဲ့ပါ့မယ်”

ပြောပြောဆိုဆိုပင်.... ရှောင်မာသည် လဲလျောင်းနေရာမှ လူးလဲထလိုက်လေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းအတွင်းသို့ ရောင်မာရောက်ရှိသွားသောအခါ....

ဝမ်စိမ်းက အခန်းနံရံ၌ချိတ်ဆွဲထားသည့်ရှာသူကြီး ရိလုံ၏ ပုံတူပန်းချီကားကြီးကိုကြည့်နေသည်ကိုတွေ့ရ၏။

ရိလုံ၏ပုံတူပန်းချီကားနံဘေးတွင်....

"ချင်းဟိုင်တောင်တန်းကြီးကဲ့သို့ ချင်းဟိုင်တောင်ပေါ်သား တို့၏ဗွဲသတ္တိကိုလည်းထင်ရှားစေမည်"

ဟူသောစာတန်းရေးထားသည်။

ချင်းဟိုင်တောင်ပေါ်သားတို့၏ ဇာတိသွေး ဇာတိမာန်ကို ဖော်ကျူးထားသောစာတန်းပင်ဖြစ်သည်။

"အဟမ်း...."

ရောင်မာက ချောင်းတစ်ချက်ဟန့်လိုက်မှ ဝမ်စိမ်းက လှည့် ကြည့်လာသည်။ ရောင်မာကိုတွေ့သည့်အခါ ပြော်ဟုရေရွတ်လိုက် လေသည်။



"ထိုင်ကြပါ"

ဂူစုကနေရာထိုင်ခင်းပေးသည်။

နှစ်ဦးသားမျက်နှာချင်းဆိုင်မိသည်နှင့်....

"ကျုပ်ကိုတွေ့ချင်တယ်လို့ပြောတယ်ဆို"

ရောင်မာကစကားစလိုက်၏။

ဝမ်စိမ်းကခေါင်းညိတ်ပြသည်။

"ဟုတ်တယ်... ခင်ဗျားနဲ့တိုင်ပင်ဆွေးနွေးစရာရှိလို့ပါ"

ရောင်မာဆတ်ခနဲခေါင်းညိတ်ကာ....

"ကောင်းပြီ... ပြောပါ"

"ရွှမ်ဟိုင်စန်းတစ္ဆေကို ခင်ဗျားဘယ်လိုသဘောရသလဲ"

မမျှော်လင့်သည့်မေးခွန်းကြောင့် ရောင်မာ ကြောင်သွား လေသည်။ မည်သို့ပြန်ပြောရမှန်းမသိဖြစ်သွား၏။

ဝမ်စိမ်းက....

"တစ္ဆေတစ်ကောင်က လူတွေကိုကောင်းကောင်းကြီးဒုက္ခ ပေးနေတယ်ဆိုတာ ခင်ဗျားလက်ခံပြီလား"

ရောင်မာအနည်းငယ်စဉ်းစားလိုက်ပြီး....

"လက်ခံပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့်ပြောလိုက်သည်။

ဝမ်စိမ်းက...

"လူသတ်မှုတွေကျူးလွန်နေတဲ့တရားခံဟာ လူမဟုတ်ဘဲ တစ္ဆေတစ်ကောင်ဖြစ်နေတာမို့ ခင်ဗျားဘယ်လိုလုပ်အရေးယူမလဲ"

ဝမ်စိမ်း၏အမေးကို ရှောင်မာက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ....

"လူပဲဖြစ်ဖြစ် တစ္ဆေပဲဖြစ်ဖြစ် ပြစ်မှုကျူးလွန်ရင် ကျူးလွန်တဲ့ပြစ်မှုအလျောက် အပြစ်ပေးအရေးယူခံရမှာပါပဲ၊ အရေးယူနိုင်မဲ့နည်းလမ်းလဲရှိလာမှာပါ"

ထိုအခါ ဝမ်စိမ်းက....

"နည်းလမ်းရှာနေတုန်းဆိုရင် ကျုပ်ကအကောင်းဆုံးနည်းလမ်းတစ်ခုကိုပြောပြချင်တယ်"

ဝမ်စိမ်း၏စကားကို ရှောင်မာစိတ်ဝင်စားသွားသည်။

ဝမ်စိမ်းသည် ဝံဖြူကျေးရွာအတွက် အားကိုးရသည့်လူငယ်တစ်ယောက်ဖြစ်ကြောင်း နားလည်ထားသည်မဟုတ်ပါလား။

"ပြောပါဗျာ"

ဝမ်စိမ်းက သူ၏အကြံကိုပြောသည်။



"ရွှမ်ဟိုင်စန်းတစ္ဆေသောင်းကျန်းစဉ်တုန်းက ညောင်ကျုပ်တောအုပ်ထဲဝင်ပြီး ကျုပ်တို့လိုက်ရှာပြီးပြီ... မတွေ့ခဲ့ရဘူး၊ ကျုပ်တို့လူစုလူဝေးနဲ့သွားတိုင်း ဘယ်တော့မှမတွေ့ရဘူး၊ ဒါကြောင့် လက်လျှော့ထားလိုက်ကြတာ၊ သူက ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့သောင်းကျန်းနေရာက အခုဆိုရင် အတော့်ကိုအတင့်ရဲလာပြီ၊ မကြာခင် ရွာထဲဝင်လာပြီးသောင်းကျန်းတော့မှာသေချာတယ်၊ ဒါကြောင့် ကျုပ်တို့လူစုလူဝေးနဲ့ ကျေးရွာကာကွယ်ရေးလုပ်ဆောင်ရမယ်၊ လုံခြုံရေးအတွက်ကင်းစောင့်ကြရမယ်... ရွှမ်ဟိုင်စန်း ရွာထဲဝင်တာနဲ့ဝိုင်းတိုက်ကြမယ်... ဒီလိုလုပ်ရင် ရွှမ်ဟိုင်စန်းဘယ်ပြေးမလဲ"

ဝမ်စိမ်းက စိတ်အားထက်သန်စွာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ သူ့စကားကိုရှောင်မာသဘောကျသွားသည်။

"သိပ်ကောင်းတဲ့အကြံပဲဗျာ... အားလုံး ညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်ကြမယ်ဆိုရင် ဘယ်လိုအန္တရာယ်မျိုးကိုမဆိုရင်ဆိုင်ကျော်လွှားနိုင်မှာအမှန်ပါပဲ"

ဝမ်စိမ်းကရှောင်မာ့ကိုကြည့်လိုက်သည်။

"ဘယ်လိုလဲ... ကျုပ်ပေးတဲ့နည်းလမ်းကို ခင်ဗျား လက်ခံတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာကမဆိုင်းမတွပင်....

"ဟာ... လက်ခံရမှာပေါ့၊ ဒီထက်ကောင်းတဲ့နည်းလမ်းမှ မရှိဘဲ"

အိမ်ထိန်းကြီးဂူစုသည် ဝမ်စိမ်းနှင့်ရှောင်မာတို့ ရင်းရင်းနှီးနှီး ဖြစ်လာသည်ကိုတွေ့သည့်အခါ ဝမ်းသာအားရဖြစ်သွားလေသည်။

"ဒီကိစ္စကို ဆရာလေးပဲဦးဆောင်စေချင်ပါတယ်"

ဂူစုကပြောလိုက်ခြင်းဖြစ်သည်။

ရှောင်မာက....

"ကျုပ် ဦးဆောင်တာထက် မိတ်ဆွေဝမ်စိမ်းဦးဆောင်တာ ပိုကောင်းပါလိမ့်မယ်၊ မိတ်ဆွေပဲတာဝန်ယူလိုက်ပါဗျာ"

ရှောင်မာကသူ့အားဦးစားပေးလိုက်သဖြင့် ဝမ်စိမ်းကျေနပ် သွားလေသည်။

လက်နှစ်ဖက်ဆုပ်လိုက်ပြီး....

"ကောင်းပါပြီဗျာ... ရွာထဲကလူငယ်လူရွယ်တွေကိုစုစည်း ဖို့... ခြံစည်းရိုးကာရံဖို့... လုံခြုံရေးကင်းတွေစောင့်ဖို့... ကျုပ်တာဝန် ယူစီစဉ်လိုက်ပါ့မယ်၊ ဒါပေမယ့် မိတ်ဆွေကြီးကကြီးကြပ်ကွပ်ကဲပေး စေချင်ပါတယ်"



ဝမ်စိမ်းလည်း ရှောင်မာ့ကိုတလေးတစားပြန်လည်ဆက် ဆံလာသည်။

"ကောင်းပါပြီဗျာ"

ရှောင်မာက ခေါင်းညိတ်ရင်း မရှင်းလင်းသည့်ကိစ္စတစ်ခုကို မေးမြန်းလိုက်သည်။

"ဒါထက် ခင်ဗျားကြည့်ရတာ ထူးခြားမှုတစ်ခုခုရှိနေသလိုပဲ၊ ကျုပ်သိခွင့်ရရင် သိပါရစေလား"

ဝမ်စိမ်းက....

"ခင်ဗျားဘယ်လိုယူဆသလဲ"

ဟုပြန်မေးလိုက်ရာ....

ရှောင်မာက....

"ရပ်ရွာလုံခြုံရေးကို အပူတပြင်းဆောင်ရွက်ချင်တဲ့ကိစ္စ ရုတ်တရက်ပေါ်လာတာကိုမေးတာပါ"

ဝမ်စိမ်းသက်ပြင်းချလိုက်သည်။

"ရွှမ်ဟိုင်စန်းတစ္ဆေက မကြာခင် ရွာထဲဝင်လာပြီး သောင်း ကျန်းတော့မယ်လေဗျာ"

ထိုစကားကြောင့် ရှောင်မာမျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စကိုဘယ်သူပြောတာလဲ"

ဝမ်စိမ်းက....

"နတ်ဝင်သည်လောင်ရှိပြောတာပေါ့"

ရှောင်မာစိတ်ပျက်သွားသည်။

"သူပြောတဲ့အတိုင်းဖြစ်ရမှာလားဗျာ"

ဝမ်စိမ်းကချက်ချင်းခေါင်းညိတ်၏။

"ဖြစ်တာပေါ့... ရှမ်ဟိုင်စန်းတစ္ဆေနဲ့ပတ်သက်ပြီး သူ့ရဲ့ဟော ပြောချက်တွေအားလုံးမှန်ခဲ့တာချည်းပဲ၊ တစ်ခုမှမလွဲဘူး၊ ဒါကြောင့် သူပြောတဲ့စကားကိုအရေးမထားလို့မရဘူး"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"နေပါဦး... သူပြောတဲ့အတိုင်းဖြစ်လာတာချည်းပဲလား"

ဝမ်စိမ်းကခေါင်းညိတ်လိုက်၏။

"ဖြစ်လာတာပေါ့"

"သူက...."

"လောင်ရှိဟာ နတ်ဝင်သည်တစ်ယောက်ဆိုတော့ ဝိညာဉ် လောကနဲ့ဆက်သွယ်လို့ရတယ်လေဗျာ၊ ရှမ်ဟိုင်စန်းတစ္ဆေပူးဝင်ပြီး ပြောတာပေါ့"



ထိုစကားကိုရှောင်မာလက်မခံလိုပါချေ။

ရှမ်ဟိုင်စန်းတစ္ဆေအား မျက်ဝါးထင်ထင်မြင်ခဲ့ရသည့်တိုင် စိုးရွံ့ကြောက်လန့်မှုများကြီးစိုးခဲ့သည့်တိုင် တစ္ဆေတစ်ကောင်သောင်း ကျန်းနေသည်ဆိုသောကိစ္စကို ရှောင်မာ့အနေဖြင့် မည်သို့မျှလက်မခံ နိုင်အောင်ဖြစ်နေလေသည်။

မည်သို့ဆိုစေ ဝမ်စိမ်းနှင့်အခြေအတင်မပြောလိုသဖြင့်....

"ကောင်းပြီလေ... သူပြောတဲ့အတိုင်း ရွာထဲဝင်လာတော့ လဲ ဝိုင်းပြီးဆုံးမလိုက်ကြတာပေါ့ဗျာ"

သူတို့၏ဆွေးနွေးပွဲ ဤတွင်ပြီးဆုံးပြီဖြစ်သည်။

သို့သော် ဝမ်စိမ်းက ထမသွားသေးဘဲထိုင်နေသဖြင့် တစ် စုံတစ်ခုပြောလိုသေးကြောင်းထင်ရှားနေ၏။ ထို့ကြောင့် ရှောင်မာက ဘာပြောရန်ကျန်သေးသနည်းဟုမေးရန်ဟန်ပြင်လိုက်သည်။

သို့သော် သူကမေးရန်ဟန်ပြင်လိုက်စဉ်မှာပင် ဝမ်စိမ်းက စကားစလာလေသည်။

"ရှမ်ဟိုင်စန်းတစ္ဆေကိုမြင်လိုက်ရတော့ ခင်ဗျားကြောက် လန့်သွားတယ်မဟုတ်လား"

ထိုမေးခွန်းကို ရှောင်မာမဖြေပါ။

www.burmeseclassic.com

www.burmeseclassic.com



မကြောက်ပါဟုလိမ်ပြောလိုက်လျှင် မည်သူကမျှ ယုံကြည်ကြမည်မဟုတ်ပါ။

အမှန်အတိုင်းဝန်ခံလျှင်လည်း ဂုဏ်သိက္ခာကျသွားပြီး ကဲ့ရဲ့လှောင်ပြောင်ခြင်းခံရမည်ဖြစ်သည်။ ထို့ကြောင့် အသာအယာပင် နှုတ်ဆိတ်နေလိုက်ခြင်းဖြစ်ပေသည်။

ဤတွင် ဝမ်စိမ်းကပြောလိုက်၏။

"ကျုပ်ကတော့ ရွှမ်ဟိုင်စန်းတစ္ဆေကိုမြင်လိုက်ရတဲ့အချိန်မှာ အတော့်ကိုကြောက်လန့်ခဲ့တယ်ဆိုတာဝန်ခံရဲပါတယ်ဗျာ"

ရဲဝံ့သောသတ္တိကောင်းသော သူရဲကောင်းတစ်ယောက်ဟု ထင်ရှားနေသည့်ဝမ်စိမ်းသည်လည်း ရွှမ်ဟိုင်စန်းတစ္ဆေအား ကြောက်ရွံ့ထိတ်လန့်ခဲ့သည်ဆိုခြင်းကြောင့် ရှောင်မာ အံ့သြသွားရလေသည်။

ဝမ်စိမ်းကဆက်ပြောပြန်၏။

"ကျုပ်က ရန်သူနဲ့ရင်ဆိုင်ရရင် အသက်စွန့်ရမှာ ဘယ်တုန်းကမှမကြောက်ခဲ့ပါဘူး၊ ဒါပေမယ့် ရွှမ်ဟိုင်စန်းနဲ့ရင်ဆိုင်ဖို့ကိုတော့ အလိုလိုနေရင်း ကြောက်နေမိတယ်ဆိုတာ ဝန်ခံပါတယ်ဗျာ"

ရှောင်မာနှုတ်ဆိတ်နေမိသည်။

ဝမ်စိမ်းကဆက်၍ပြောပြန်သည်။



"ရွှမ်ဟိုင်စန်းရဲ့အရှိန်အဝါက အတော်ကြီးပါတယ်... တစ္ဆေဘဝကိုရောက်နေတာတောင် အားလုံးကြောက်လန့်အောင် ဒုက္ခပေးခြောက်လှန့်နိုင်တယ်၊ ကျုပ်ကသူ့ကိုကြောက်တယ်၊ ဒါပေမယ့် သူ့ကိုရင်ဆိုင်ချင်တယ်"

ဝမ်စိမ်းကိုရှောင်မာကကြည့်ပြီး....

"ခင်ဗျားကြောက်ရွံ့သွားတာကို အပြစ်မတင်ပါဘူးဗျာ၊ လူတိုင်းကြောက်နေကြတာပဲမဟုတ်လား... ခုဆိုရင် ခင်ဗျားဟာ ကျုပ်တို့အပေါ် ကိုယ်ချင်းစာတတ်သွားပြီလို့ ယုံကြည်ပါတယ်၊ ကျုပ်တို့ကလဲ ခင်ဗျားကို ကျုပ်တို့နဲ့ဘဝတူဖြစ်သွားပြီလို့သဘောထားလိုက်ပြီ"

ဝမ်စိမ်း၏စကားကြောင့် ရှောင်မာ၏ရင်ထဲ၌ ရှင်းရှင်းလင်းလင်းဖြစ်သွားလေသည်။

"စိတ်ချပါဗျာ... ကျုပ်ကို ဘုရင့်မင်းမှုထမ်းတစ်ယောက်လို သဘောမထားဘဲ ဝံဖြူရွာသားလိုသဘောထားကြပါ၊ ဝံဖြူကျေးရွာအပေါ်ကျရောက်လာမယ့်အန္တရာယ်မှန်သမျှကို မိတ်ဆွေတို့နဲ့ လက်တွဲပြီးတွန်းလှန်သွားမယ်လို့ ကျုပ်ကတိပေးပါတယ်ဗျာ"

ရှောင်မာကလှိုက်လှိုက်လှဲလှဲပြောလိုက်ရာ...

ဝမ်စိမ်းကျေနပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ"

ဝမ်စိမ်းက တစ်ချက်ရယ်မောပြီးစကားဆက်လိုက်၏။

"ရွှမ်ဟိုင်စန်းဆိုတာနဲ့ကြောက်စိတ်တွေက အလိုလိုပေါ်လာတာ အတော့်ကိုအံ့ဩစရာကောင်းတယ်ဗျာ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ပေါ့ စုပေါင်းတွန်းလှန်မယ်ဆိုရင် သူဘာတတ်နိုင်မှာလဲ"

ဤတွင် အိမ်ထိန်းကြီးဝူစုကဝင်ပြော၏။

"တစ်ချိန်က သူသောင်းကျန်းခဲ့တုန်းကလဲ အစပိုင်းမှာ အားလုံးကကြောက်လန့်ခဲ့ကြတာပဲ၊ ဒါပေမယ့် ချင်းဟိုင်တောင်ပေါ်ဒေသပျက်စီးရတော့မယ့်ကိန်းဆိုက်လာတဲ့အခါ အားလုံးသွေးစည်းညီညွတ်လာကြတယ်၊ ကြောက်စိတ်တွေဖယ်ပြီး အသက်စွန့်ရင်ဆိုင်ဖို့သတ္တိတွေဝင်လာကြတယ်၊ ဒါဟာ အစဉ်အလာတစ်ရပ်လိုဖြစ်နေပါပြီလေ၊ နောက်ဆုံး အားလုံးညီညီညွတ်ညွတ်နဲ့စုပေါင်းရင်ဆိုင်ကြမယ်ဆိုရင် ရွှမ်ဟိုင်စန်းတစ္ဆေကိုသေချာပေါက်နှိမ်နင်းပစ်နိုင်မှာပါ"

သူတို့သည် ခဏမျှဆက်လက်ပြောဆိုပြီးနောက် ဝမ်စိမ်းက ပြန်ရန်နှုတ်ဆက်သည်။

ရှောင်မာနှင့်ဝူစုတို့က အိမ်အပြင်သို့ရောက်သည့်တိုင်လိုက်လံပို့ဆောင်ပေးကြလေသည်။



ဝမ်စိမ်းထွက်သွားပြီးနောက် ရှောင်မာကအိမ်ထဲလှည့်ဝင်ရန်ဟန်ပြင်လိုက်စဉ် ရွာတောင်ဘက်မှ မီးခိုးများထွက်ပေါ်နေသည်ကိုမြင်လိုက်ရသည်။

ရှောင်မာမျက်မှောင်ကုပ်သွားပြီး....

"မီးခိုးတွေပါလား"

ဟုပြောလိုက်၏။ ထိုအခါမှ ဝူစုလည်းသတိပြုမိပြီး သေချာအကဲခတ်လိုက်၏။ ပြီးမှ...

"ဒါ... ဒေါ်လေးကျင်စုရဲ့ခြံဝင်းကထွက်ပေါ်လာတာပါ"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ဘာတွေချက်ပြုတ်နေလို့ ဒီလောက်တောင်မီးခိုးတွေထွက်နေရတာလဲ"

ဝူစုကတည်ကြည်သောမျက်နှာထားဖြင့်ရှင်းပြလေ၏။

"ရွှမ်ဟိုင်စန်း ရွာထဲဝင်လာပြီးသောင်းကျန်းလိမ့်မယ်ဆိုလို့ ရွာသူရွာသားတွေကြောက်လန့်နေကြတယ်လေ၊ ဘယ်သူမှအလုပ်ဖြောင့်အောင်မလုပ်နိုင်ကြတော့ဘူး၊ ဆင်းရဲနွမ်းပါးသူတွေဆိုရင် အလုပ်မလုပ်နိုင်လို့ စားရမဲ့သောက်ရမဲ့ဘဝမျိုးတောင်ရောက်နေကြတယ်၊ ဒေါ်လေးကျင်စုက ရွာသူရွာသားတွေဒုက္ခရောက်နေတာကို

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရက်တာနဲ့ ကိုယ်တိုင်ချက်ပြုတ်ပြီး တစ်ရွာလုံးကိုဝေငှကျွေးမွေးနေတာလေ”

ရှောင်မာသည် ဒေါ်လေးကျင်စု၏စေတနာကိုမချီးကျူးဘဲ မနေနိုင်အောင်ဖြစ်လာရလေသည်။ တစ်ချိန်ချိန်တွင် ဒေါ်လေးကျင်စုနှင့်သွားတွေ့ရန်ဆုံးဖြတ်လိုက်လေသည်။

ယခုမူ....

၀၀၀၀



## နတ်ဝင်သည်

နေ့လည်နေ့ခင်းဖြစ်သော်လည်း ဝံဖြူတစ်ရွာလုံး အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ယခင်က ကြက်ပျံမကျစည်ကားခဲ့သောဝံဖြူကျေးရွာသည် ယခုကား သုသာန်တစပြင်ပမာရှိနေလေပြီ။

ဝံဖြူရွာသားအတော်များများသည်လည်း အမှန်တကယ်ပင် ရွာအပြင်သင်္ချိုင်းသို့သွားရောက်ခဲ့ကြပြီဖြစ်လေသည်။

ရှောင်မာသည် သင်္ချိုင်းမြေကိုလှမ်းကြည့်ပြီး လောက်ဝီးကို ဖျတ်ခနဲသတိရမိလိုက်၏။ သင်္ချိုင်းမြေတွင် လောက်ဝီးနှင့် စတွေ့ခဲ့ရသည်မဟုတ်ပါလား။

ရှောင်မာက နံ့ဘေးမှယှဉ်၍လိုက်လာသည့်ကျင်းကျင်းကို ကြည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ညီမ... တစ်ရွာလုံးတိတ်ဆိတ်နေတာပဲနော်၊ အိမ်ထဲက အိမ်ပြင်ထွက်ဝံ့သူရှားတယ်... ညီမကကျုပ်နဲ့အတူလိုက်လာတာ ရွှမ်ဟိုင်စန်းတစ္ဆေကိုမကြောက်လို့လား"

ကျင်းကျင်းက....

"ဘယ်လိုပြောလိုက်တာလဲအစ်ကိုရယ်၊ ကျွန်မလဲ ကြောက်တာပေါ့၊ နတ်ဝင်သည်လောင်ရှီဆီကို အစ်ကိုသွားချင်တယ်ဆိုလို့သာ ကျွန်မလိုက်ခဲ့ရတာ၊ အမှန်ပြောရရင်... နတ်ဝင်သည်လောင်ရှီကိုလဲ ကျွန်မကြောက်တယ်"

ပြောရင်း ကျင်းကျင်းကပခုံးလေးကျုံ့လိုက်ရာ ယုန်ဖြူလေးတစ်ကောင်နှင့်ပင်တူနေတော့၏။ ရှောင်မာက...

"နတ်ဝင်သည်လောင်ရှီကို ကျုပ်သွားတွေ့ရတဲ့အကြောင်း ဘယ်သူမှမသိစေချင်တာနဲ့ ညီမကိုအကူအညီတောင်းရတာပါ၊ အခု ကျုပ်တို့လာတာ ဘယ်သူမှမသိကြဘူးမဟုတ်လား"

ကျင်းကျင်းခေါင်းညိတ်သည်။

ပြီးနောက် နားမလည်နိုင်ဟန်ဖြင့်....

"ဟုတ်ပါတယ်... ဒါနဲ့ လောင်ရှီနဲ့သွားတွေ့တာ ဘာကြောင့် လူသိမခံချင်ရတာလဲ"



ရှောင်မာကတည်ကြည်သောမျက်နှာထားဖြင့်....

"ကျုပ်က မင်းမှုထမ်းတစ်ယောက်ပါ... ပြဿနာတစ်ခုကို ဖြေရှင်းရာမှာ အားစိုက်မထုတ်ဘဲ လောင်ရှီတစ်ယောက်ကိုမေးမြန်းရတယ်လို့ အပြောခံရမှာစိုးရိမ်လို့ပါ"

"အစ်ကိုက ရွှမ်ဟိုင်စန်းအကြောင်းစုံစမ်းဖို့ပဲမဟုတ်လား"

"ဟုတ်ပါတယ်... ရွာသူရွာသားတွေအထင်မှားမှာကိုစိုးရိမ်တာပါ၊ ကျုပ်ကိုယ်တိုင်ကလောင်ရှီကိုဂရုမစိုက်ဘူးဆိုမှ ရွာသူရွာသားတွေရဲ့အယူသည်းမှုတွေကို တဖြည်းဖြည်း ချေဖျက်သွားလို့ရမယ်မဟုတ်လား"

ကျင်းကျင်းခေါင်းညိတ်လိုက်သည်။

"ဒါ မှန်ပါတယ်အစ်ကို"

— နှစ်ယောက်သား စကားတပြောပြောဖြင့်လျှောက်လာခဲ့ကြရာ သချိုင်းမြေနှင့်တစ်စထက်တစ်စနီးကပ်လာ၏။

သူတို့သည် သချိုင်းမြေသို့သွားရာလမ်းနှင့် မလှမ်းမကမ်းတောင်ကုန်းလေးသို့သွားရာလမ်းခွဲသို့ရောက်သည့်အခါ ခြေလှမ်းရပ်လိုက်ကြသည်။

"အစ်ကို... ကျွန်မ,မလိုက်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျင်းပြောလိုက်ရာ....

"ခုလိုလိုက်ပို့တာကျေးဇူးပါပဲညီမရယ်... ညီမတစ်ယောက်တည်း ပြန်လို့ဖြစ်ပါ့မလား"

ရောင်မာအနေဖြင့် ကျင်းကျင်းကိုစိတ်ချပုံမရပါ။

"ကိစ္စမရှိပါဘူးအစ်ကို ညီမတစ်ယောက်တည်းဖြစ်ပါတယ်၊ အစ်ကိုသာမြန်မြန်ပြန်လာခဲ့ပါ"

နေ့လည်နေ့ခင်းအချိန်ဖြစ်ရာ ရွှမ်ဟိုင်စန်းထွက်ပေါ်လာရန်အကြောင်းမရှိသည့်အပြင် ကျင်းကျင်းမှာလည်း ဝံဖြူရွာဇာတိဖြစ်၍ ပူပန်စရာအကြောင်းမရှိဟုတွေးပြီး....

"ဒါဖြင့် ကျုပ်သွားမယ်"

ရောင်မာက ကျင်းကျင်းကိုနှုတ်ဆက်ကာ ထွက်လာခဲ့လေ၏။ မကြာပါချေ။ လောင်ရှီ၏ အိမ်ကလေးဆီသို့ရောက်ရှိသွားလေတော့သည်။

၀၀၀၀



လောင်ရှီ၏အိမ်သည် သေးငယ်သော်လည်း သန့်ရှင်းသပ်ရပ်လှသည်ကိုတွေ့ရ၏။ အိမ်ရှေ့တွင် ရွှေရောင်ငွေရောင်တောက်ပနေသော ထူးခြားသည့်နှယ်ပင်အချို့စိုက်ပျိုးထားသည်။

အိမ်တံခါးပေါ်၌ အင်းကွက်များချထားသလို လူအရိုးလော တိရစ္ဆာန်အရိုးလော... မည်သည့်အရိုးမှန်းမသိနိုင်သော အရိုးများချိတ်ဆွဲထားသည်ကိုလည်းတွေ့ရလေ၏။

အိမ်တံခါးတစ်ခြမ်းဖွင့်ထားပြီး အတွင်းဘက်မှမီးရောင်များကိုမြင်ရသဖြင့် လောင်ရှီမှာ အိမ်ထဲ၌ရှိနေကြောင်း ရောင်မာ အကဲခတ်မိလိုက်သည်။

ရောင်မာသည် အိမ်ရှေ့သို့ရောက်သည်နှင့်တံခါးကိုခပ်ဖွဖွလေးခေါက်လိုက်သည်။

"ခေါက်... ခေါက်... ခေါက်"

တံခါးခေါက်သံထွက်ပေါ်လာပြီးမရှေးမနှောင်းပင်....

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခဲ့"

ချိုလွင်သောစကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ရှောင်မာ အိမ်ထဲလှမ်းဝင်လိုက်၏။ မီးလင်းဖိုကြီး တစ်ခုအနီး၌ အလုပ်ရှုပ်နေသောအမျိုးသမီးကြီးတစ်ယောက်ရှိနေသည်ကိုမြင်ရလေသည်။

ထိုအမျိုးသမီးကြီးသည် ငှက်မွေးများဖြင့်ချုပ်ထားသော အဝတ်အစားများဝတ်ထား၏။ တိရစ္ဆာန်အစွယ်များကို အပေါက်ဖောက်ပြီး ကြိုးဖြင့်သီ၍လည်ပင်း၌ဆွဲထားသည်။

မျက်နှာပြားပြား မျက်လုံးပေါက်ကျဉ်းကျဉ်း နဖူးမောက်မောက် နှာယောင်ကောက်ကောက်နှင့်အရုပ်ဆိုးအကျည်းတန်သူဖြစ်ပေသည်။

ထိုအမျိုးသမီးကြီးကား နတ်ဝင်သည်လောင်ရှိပင်ဖြစ်ပေတော့သည်။

လောင်ရှိသည် ရှောင်မာရောက်ရှိလာသည်ကို တစ်ချက်စောင်းငဲ့ကြည့်ပြီး မီးလင်းဖို၌ ထင်းများထိုးပေးကာ လုပ်စရာရှိသည်ကိုဆက်လက်လုပ်ကိုင်နေသည်။ သူမသည်အသီးအရွက်များကိုပြုတ်နေခြင်းဖြစ်၏။



အိမ်ထဲသို့ရောက်သွားမှ စိမ်းရွှေရွှေအနံ့များကိုရှူရှိုက်မိပြီး ရှောင်မာနှာခေါင်းရှုံ့လိုက်သည်။

"ထိုင်"

နတ်ဝင်သည်လောင်ရှိက စကားတစ်လုံးတည်းသာပြောပြီး အူခွေလိုက်ကြီးများကိုပြုတ်အိုးထဲထည့်နေ၏။

ဆိတ်အူလော...

အမဲအူလော မသိနိုင်ပေ။

အိမ်ထဲတွင် စားပွဲရှည်တစ်လုံးနှင့် ကုလားထိုင်များကိုတွေ့ရသဖြင့် ထိုင်ခုံတစ်လုံး၌ရှောင်မာကဝင်ထိုင်လိုက်သည်။

စားပွဲပေါ်၌ စာအုပ်များ၊ ပန်းကန်ခွက်ယောက်များ၊ သံချွန်များ၊ ဖယောင်းတိုင်များ၊ အစွယ်အစားအမျိုးမျိုးရှိသောအရိုးများစသည်စသည်ဖြင့်ရှုပ်ပွနေသည်။

ရှောင်မာ ကြာကြာမစောင့်ရပါ။ မွှေးကြိုင်သောဟင်းနံ့များထွက်ပေါ်လာသည်။ နတ်ဝင်သည်လောင်ရှိက ပြုတ်အိုးကို မီးဖိုပေါ်မှချပြီး ရှောင်မာ့ထံသို့လှမ်းလာသည်။

ရှောင်မာနှင့်မျက်နှာချင်းဆိုင်ဝင်ထိုင်ပြီး....

"လုံ့ရှန်မြို့ကလာတဲ့ဆရာလေးရှောင်မာဆိုတာ မင်းလား"

www.burmeseclassic.com

www.burmeseclassic.com



မိမိမည်သူမည်ဝါဖြစ်ကြောင်း လောင်ရှိကသိနေသဖြင့် ရှောင်မာအံ့သြသွားသည်။

သို့သော်....

“ငါကမျက်နှာစိမ်းတစ်ယောက်ပဲ... ငါ ဒီရွာမှာရောက်နေတဲ့သတင်း သူကြားထားမှာပေါ့၊ ဒါကြောင့် ဒက်ခနဲပြောနိုင်တာဖြစ်ပါလိမ့်မယ်”

စိတ်ထဲကဖြေသိမ့်တွေးတောလိုက်သည်။

“ရွှမ်ဟိုင်စန်းအကြောင်းစုံစမ်းဖို့ ငါ့ဆီကိုရောက်လာတာ မဟုတ်လား”

နတ်ဝင်သည်လောင်ရှိကမေးလာပြန်သည်။

ရှောင်မာခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ... ရွှမ်တိုင်စန်းအကြောင်း ခင်ဗျားရဲ့ ဟောပြောချက်တွေမှန်လွန်းလို့ ကျုပ်လာပြီးစုံစမ်းတာပါ”

နတ်ဝင်သည်လောင်ရှိ ရယ်လိုက်သည်။

သူမ၏ရယ်သံသည် ငှက်ဆိုးထိုးသံပမာရှူးရှူးရှဲရှဲလှ၏။

“ကောင်းပြီ... ငွေတစ်ရာလာဘ်တင်ပြီး မင်းသိချင်တာကို မေးပါ”



“ငွေတစ်ရာလာဘ်တင်ရမယ် ဟုတ်လား”

ရှောင်မာကပြန်မေးလိုက်သည်။

နတ်ဝင်သည်လောင်ရှိက....

“ဟုတ်တယ်... ငွေတစ်ရာလာဘ်တင်ရမယ်”

“ကောင်းပြီ”

ရှောင်မာက တစ်ရာတန်ငွေလွှဲလက်မှတ်တစ်ရွက်ထုတ်ပေးလိုက်သည်။ လောင်ရှိက ငွေလွှဲလက်မှတ်လေးကို သေချာစစ်ဆေးကြည့်ပြီးမှလက်ခံလေသည်။

ထို့နောက် ရှောင်မာ့ကိုစိုက်ကြည့်လိုက်ပြီး...

“ကဲ... မင်းဘာသိချင်သလဲ”

ဟုမေးလိုက်၏။

ရှောင်မာက....

“ခင်ဗျားဟာ ရွှမ်ဟိုင်စန်းရဲ့ ဝိညာဉ်နဲ့ဆက်သွယ်လို့ရတယ်လို့ ကျုပ်သတင်းကြားမိတယ်... အဲဒါ အမှန်ပဲလား”

ဤတွင် လောင်ရှိသည် စိတ်ဆိုးမာန်ဆိုးဖြစ်သွားကာ...

“ဘာလဲ...မင်းကမယုံလို့လား၊ ဒါဆို မင်းရဲ့ငွေကိုယူပြီး ပြန်ပေတော့”

www.burmeseclassic.com

www.burmeseclassic.com



နတ်ဝင်သည်လောင်ရှိက ဒေါသတကြီးပြောလိုက်သည်။

ရှောင်မာက....

"ကျုပ်က သူများပြောတိုင်းယုံတတ်တာမဟုတ်ဘူး"

နတ်ဝင်သည်လောင်ရှိ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... မင်းကိုလက်တွေ့ပြမယ်"

သူမသည် ရှောင်မာ၏စိန်ခေါ်မှုကိုလက်ခံလိုက်၏။

ထို့နောက်... စားပွဲပေါ်၌ ဖယောင်းတိုင်သုံးတိုင်ကို မီးထွန်းလိုက်၏။ ပြီးနောက် အရိုးခေါင်းတစ်ခုကိုသိမ်းဆည်းထားရာမှ ထုတ်ယူပြီး စားပွဲပေါ်တင်လိုက်သည်။

ဓာပဝါတစ်ထည်ကို မျက်နှာတွင်အုပ်လိုက်၏။

ချွန်ထက်နေသော ဓားမြှောင်တစ်လက်ကိုလည်း ထုတ်ယူလိုက်သည်။ နတ်ဝင်သည်လောင်ရှိပြုလုပ်သမျှကို ရှောင်မာကမျက်တောင်မခတ်ကြည့်နေလိုက်လေသည်။

သူမသည် နှုတ်ခမ်းတလှုပ်လှုပ်ဖြင့်ရေရွတ်နေ၏။

လက်နှစ်ဖက်ကိုလည်း အရိုးခေါင်းပေါ်ဆန့်တန်းထားလိုက်လေသည်။ သူမ၏ရေရွတ်သံမှာ တစ်စထက်တစ်စကျယ်လောင်လာ၏။ ခန္ဓာကိုယ်မှာလည်းတုန်တုန်ယင်ယင်ဖြစ်လာ၏။



သူမ ဘာတွေရေရွတ်သည်ကို ရှောင်မာနားမလည်ပါ။

နတ်ဝင်သည်တစ်ယောက်အဖြစ် သဏ္ဍာန်လုပ် သရုပ်တူအောင် ပြုလုပ်ပြနေသည်ဟုသာ သဘောထားလိုက်သည်။

"ရွှမ်ဟိုင်စန်း... လာလော့... လာလော့"

နတ်ဝင်သည်လောင်ရှိသည် ပီပီသသကြီးရေရွတ်လျက်ဓားမြှောင်တစ်လက်ကိုကိုင်ကာ အရိုးခေါင်းပေါ်သို့တဒေါက်ဒေါက်မြည်အောင်ခေါက်လိုက်လေသည်။

ထို့နောက် ဓားမြှောင်ကိုပြန်ချပြီးလက်ဝှေ့ယမ်းလိုက်ရာ....

"ဝုန်း...."

အံ့ဩစရာကောင်းလောက်အောင် ဖယောင်းတိုင်သုံးတိုင်မှ မီးတောက်ကြီးဝုန်းခနဲထွက်ပေါ်လာသည်။

ရှောင်မာရင်ထိတ်သွားပြီး ခန္ဓာကိုယ်ကိုပင် နောက်သို့ယို့မိလိုက်လေသည်။

လောင်ရှိ၏အိမ်ကလေးသည် ရုတ်ခြည်းပင် ကြောက်မက်ဖွယ်ကောင်းသည့်အနေအထားသို့ပြောင်းလဲသွားသည်ဟုထင်ရ၏။

ထို့ပြင် လျှောင်လှုပ်သည့်ပမာ တစ်အိမ်လုံးတသိမ့်သိမ့်လှုပ်ခါလာသည်ဟုထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နံရံတွင်ချိတ်ထားသောခွက်ဇလုံများ၊ တိရစ္ဆာန်အရိုးများတလှုပ်လှုပ်ဖြစ်လာသည်။

စားပွဲပေါ်ရှိပစ္စည်းများလည်း ပုစွန်ဆိတ်ခုန်သလိုခုန်လာလေသည်။ ထူးခြားသောပြောင်းလဲမှုများဖြစ်ပေါ်လာခြင်းတည်း။

အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

ထိုစဉ်....

"ဟား... ဟား... ဟား"

ကျယ်လောင်သောရယ်မောသံကြီးတစ်သံ ထွက်ပေါ်လာလေတော့သည်။

oooo



ရယ်မောသံကြီးသည် တစ်အိမ်လုံး သိမ့်သိမ့်လှုပ်မျှ ကျယ်လောင်စွာထွက်ပေါ်လာသည်။ ထိုရယ်သံသည် ယောကျ်ားတစ်ယောက်၏အသံသြသြကြီးဖြစ်၏။

လောင်ရှိ၏နှုတ်ဖျားမှထွက်ပေါ်လာခြင်းလည်းဖြစ်၏။

ရှောင်မာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ယောကျ်ားကြီးတစ်ယောက်၏ရယ်မောသံမျိုး....

နတ်ဝင်သည်လောင်ရှိထံမှထွက်ပေါ်လာခြင်းဖြစ်သည်။

ရှောင်မာသည် လောင်ရှိကို မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်ကြည့်မိတော့သည်။ လောင်ရှိကား လောင်ရှိမဟုတ်တော့ပါ။

ရှမ်ဟိုင်စန်းတစ္ဆေ ဝင်ပူးနေပြီဖြစ်သည်။

"ငါ့ကိုသတ်ပစ်ကြတဲ့ ဝံပြုရွာသားတွေကို ငါဘယ်တော့မှမကျေဘူးဟေ့"

"ဝံပြုတစ်ရွာလုံးကိုသတ်ပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီည ရွာထဲဝင်ပြီးသောင်းကျန်းပြမယ်... မှတ်ထား"

ကြောက်မက်ဖွယ်အသံကြီးဖြင့်ပြောသည်။

ရောင်မာသည် ကြောက်ရွံ့စိတ်ကိုထိန်းချုပ်ကာ...

"ခင်ဗျား ရွှမ်ဟိုင်စန်းတစ္ဆေလား"

ဦးခေါင်းငိုက်စိုက်ချထားကာ တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်နေသောလောင်ရှီသည် ဆတ်ခနဲခေါင်းထောင်လာပြီး....

"ရောင်မာ... မင်းမှာ အဆောင်ကောင်းလက်ဖွဲ့ရှိနေတာ သိပ်ကံကောင်းတယ်၊ မင်းကိုသတ်ပစ်ချင်နေတာကြာပြီ... မင်းရဲ့အဆောင်လက်ဖွဲ့ကြောင့် မင်းကံကောင်းနေတယ်ဆိုတာမှတ်ထား"

ချောက်ချားဖွယ်အသံကြီးဖြင့်ပြော၏။

ရောင်မာသည် ကြောက်ရွံ့စိတ်ကတစ်ဖက်....

ပြဿနာကိုရင်ဆိုင်ဖြေရှင်းလိုစိတ်ကတစ်ဖက်....

လွန်ဆွဲနေသည်။

"ခင်ဗျားဘယ်သူလဲ"

မေးရင်း လက်ကို လျှပ်တစ်ပြက်ဆန့်ထုတ်ကာ လောင်ရှီ၏ မျက်နှာပေါ်တွင်ဖုံးအုပ်ထားသောပဝါကိုဖယ်ရှားပစ်လိုက်သည်။

ဤတွင် လောင်ရှီ၏မျက်လုံးများသည် ကြောက်မက်ဖွယ်



ကောင်းအောင်ပြူးထွက်နေပြီး မျက်နှာတစ်ခုလုံးလည်း လူသေအလောင်း၏မျက်နှာပမာ ညိုပုပ်ပုပ် ပြာနှမ်းနှမ်းဖြစ်နေသည်ကို တွေ့ရလေသည်။

လက်နှစ်ဖက်ကိုဆန့်ထုတ်လိုက်သောအခါ အရိုးခြောက်လက်များသဖွယ် အရိုးငေါငေါရှိနေပြီး မည်းနက်သောလက်သည်းရှည်ကြီးများလည်းရှိနေ၏။

လောင်ရှီ၏ရုပ်သွင်ကား မကောင်းဆိုးရွားတစ်ကောင်ပမာပြောင်းလဲနေပြီတည်း။ လောင်ရှီသည် လက်နှစ်ဖက်ကိုဆန့်ထုတ်ကာ ရောင်မာ၏လည်ပင်းကိုညှစ်ရန်ဟန်ပြင်လိုက်ရင်း....

"ငါ့ဦးခေါင်းပြန်ပေး... ငါ့ဦးခေါင်းပြန်ပေး"

လောင်ရှီ၏လက်နှစ်ဖက်က ရောင်မာ၏ဦးခေါင်းကိုလုယူတော့မည့်အသွင်ရှိနေသည်။

ရောင်မာ စိတ်မထိန်းနိုင်တော့ပါ။ ထိုင်ရာမှ ဝုန်းခနဲထကာ အိမ်အပြင်ဘက်သို့တစ်ဟုန်ထိုးပြေးထွက်သွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အကျင့်ပျက်သူအမှုဖက်သူ

လောင်ရှိ၏အိမ်သည် အနောက်ဘက်ခပ်ဝေးဝေးတွင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ရှောင်မာ လောင်ရှိ၏အိမ်ထဲမှ ဒရောသောပါးပြေးထွက်လာခဲ့သည်။ ရွှမ်ဟိုင်စန်းတစ္ဆေဝင်ပူးသောလောင်ရှိ၏ ရုပ်ပျက်ဆင်းပျက်ကြောက်စရာကောင်းသည့်အသွင်ကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသည့်အခါ ရှောင်မာသည် ကြောက်ရွံ့စိတ်ကိုထိန်းမရတော့ဘဲ ဒရောသောပါးထွက်ပြေးခဲ့ခြင်းဖြစ်ပေသည်။

"အစ်ကို...."

"အစ်ကို...."

ကျင်းကျင်း၏ခေါ်သံထွက်ပေါ်လာမှ ရှောင်မာ သတိပြန်ဝင်လာကာခြေလှမ်းရပ်လိုက်သည်။



ကျင်းကျင်းက သူ့အနီးသို့ရောက်လာပြီး....

"အစ်ကို နတ်ဝင်သည်လောင်ရှိနဲ့တွေ့ခဲ့သလား"

ဟုမေးလာသည်။

"တွေ့ခဲ့တယ်... ကျုပ်... ကျုပ်...."

ရှောင်မာသည် မည်သည့်စကားမျှမပြောနိုင်တော့ဘဲ ခေါင်းခါနဲ့ထိုးအန်ချလိုက်တော့သည်။

"အို... ဘယ်လိုဖြစ်လာရတာလဲအစ်ကိုရယ်"

ကျင်းကျင်း ညည်းတွားလိုက်သည်။ ရှောင်မာက....

"ရွှမ်ဟိုင်စန်းတစ္ဆေ ဒီညရွာထဲဝင်ပြီးသောင်းကျန်းလိမ့်မယ်လို့ပြောတယ်"

"ရှင်...."

"ကျုပ်တို့သွားရအောင်ညီမ"

ရှောင်မာက ခပ်သွက်သွက်လှမ်းသွားရာ ကျင်းကျင်းက အပြေးတစ်ပိုင်းဖြင့်နောက်မှလိုက်ခဲ့ရသည်။ ရှောင်မာမှာ စိတ်လှုပ်ရှားကာ မည်သို့ပြုလုပ်ရမှန်းမသိအောင်ဖြစ်နေသည်။

အတော်လေးကြာအောင်လှမ်းလာပြီးမှ လှုပ်ရှားနေသောစိတ်များ တဖြည်းဖြည်းတည်ငြိမ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စိတ်များလည်း တဖြည်းဖြည်းလျော့ပါးလာ၏။ ရှောင်မာသည် ကိုယ့်ကိုယ်ကိုတည်ငြိမ်အောင်ထိန်းချုပ်ရင်း....

"လူငယ်ခေါင်းဆောင်ဝမ်စိမ်းနဲ့တွေ့မှဖြစ်မယ်... ဒီည ရွှမ်ဟိုင်စန်းတစ္ဆေ ရွာထဲကိုဝင်လာရင် ဟန့်တားချေမှုန်းနိုင်အောင် သူနဲ့တိုင်ပင်ပြီးဆောင်ရွက်ရမယ်"

"နတ်ဝင်သည်လောင်ရှိဟာ ဝိညာဉ်လောကနဲ့ဆက်သွယ်တယ်ဆိုတာ အစ်ကိုလက်ခံပြီပေါ့နော်"

ကျင်းကျင်းကမေးရာ ရှောင်မာခေါင်းညိတ်လိုက်လေသည်။

"ခုကိစ္စမှာ တရားခံဟာလူမဟုတ်ဘဲ တစ္ဆေသရဲတစ်ကောင်ဖြစ်နေတယ်ဆိုတာကတော့ တဖြည်းဖြည်းပေါ်လွင်လာပါပြီ၊ သူ့ကိုဟန့်တားနိုင်ဖို့ဆိုတာ...."

ရှောင်မာသည် စကားတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်ပြီးမှ သက်ပြင်းချကာဆက်ပြောလိုက်သည်။

"လုံရှန်ဝန်အမတ်မင်းကို အကျိုးအကြောင်းတင်ပြရလိမ့်မယ်... အမတ်မင်းကဒီကိစ္စဖြေရှင်းနိုင်မှာပါ"

ဤတွင်... ကျင်းကျင်းက ရှောင်မာမျှော်လင့်မထားသော စကားကိုပြောလာလေသည်။



"အစ်ကိုက လုံရှန်မြို့ပြန်သွားမယ်ဆိုရင် ကျွန်မကိုခေါ်သွားနိုင်မလားဟင်"

ထိုစကားကြောင့်....

"ဟင်...."

ရှောင်မာကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ကျင်းကျင်းက သူ၏လက်မောင်းကိုဆုပ်ကိုင်ကာ....

"အစ်ကို... ကျွန်မကိုခေါ်သွားပါနော်"

ကျင်းကျင်းက အားကိုးတကြီးဖြင့်ထပ်မံပြောဆိုလာပြန်လေသည်။ ရှောင်မာက....

"ဒီရွာမှာညီမရဲ့မိဘတွေ... အဒေါ်တွေနဲ့ ပြည့်ပြည့်စုံစုံနေနိုင်တာပဲမဟုတ်လား၊ ဘာကြောင့် ဇာတိရပ်ရွာကိုစွန့်ပြီး လုံရှန်မြို့ကိုသွားချင်ရတာလဲ"

သူမ၏မျက်နှာလေးညှိုးသွားလေသည်။

"ထင်းအိန့်ကျင်စန်းတို့ဟာ ကျွန်မရဲ့မိဘအရင်းတွေ မဟုတ်ကြပါဘူးရှင်၊ ကျွန်မမိဘတွေဟာ ထင်းအိအိမ်ကအလုပ်သမားတွေဖြစ်ခဲ့ကြပါတယ်၊ ကျွန်မငယ်ငယ်ကတည်းက မိဘတွေဆုံးပါးသွားတော့ ထင်းအိကမွေးစားထားခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာငိုင်သွားလေသည်။

ကျင်းကျင်းသည် သူဌေးထင်းအိ၏မွေးစားသမီးသာဖြစ်ကြောင်း အမှန်အတိုင်းသိလိုက်ရပြီမဟုတ်ပါလား။

သူမက....

"တစ်ချိန်က ထင်းအိအိမ်ကို ဓားပြဝင်စီးတုန်းက ကျွန်မရဲ့မိဘတွေဟာခုခံတိုက်ခိုက်ရင်း အသက်ပေးခဲ့ကြရတာပါ၊ ဒီကျေးဇူးကြောင့် ကျွန်မကိုမွေးစားထားခဲ့ကြပေမယ့် ထင်းအိကကြည်ဖြူလှတယ်မဟုတ်ပါဘူး၊ ဒေါ်လေးကျင်စန်းဆိုရင် ပိုဆိုးပါသေးတယ်"

ရှောင်မာမျက်မှောင်ကုပ်သွားသည်။

"ဒေါ်လေးကျင်စန်း ဘာဖြစ်လို့လဲ"

"သူဟာ ထင်းအိနာတာရှည်ရောဂါနဲ့အိပ်ရာထဲလဲနေချိန်မှာ သူစိမ်းယောကျ်ားတွေနဲ့ဖောက်လွှဲဖောက်ပြန်ပြုနေပါတယ်ရှင်"

သူမ၏မျက်နှာတစ်ခုလုံးနီရဲလာကာ ခေါင်းငုံ့ထားလိုက်၏။ ရှောင်မာသည် သူမ၏အခြေအနေကို နားလည်သဘောပေါက်သလိုရှိလာတော့သည်။

ကျင်းကျင်းသည် ပါးပြင်ပေါ်စီးကျလာသောမျက်ရည်များကိုသုတ်ပစ်လိုက်ရင်း....



"ဒေါ်လေးကျင်စန်းဟာ သူ့ရဲ့ဖောက်ပြန်မှုတွေမလုံမလဲဖြစ်ပြီး ကျွန်မကို အမြဲတမ်းအပြစ်ရှာရန်လုပ်နေပါတယ်၊ အဆိုးဆုံးကတော့ ကျွန်မကိုပါ သူ့လိုမကောင်းတဲ့ဘဝမျိုးရောက်အောင်သိမ်းသွင်းနေတာပဲရှင့်.... ဟိုတစ်နေ့ကတောင်...."

"ညီမ... ဘာဖြစ်လို့လဲပြောစမ်းပါဦး"

သူကအလောတကြီးမေးမိ၏။

"ဒေါ်လေးကျင်စန်းဟာ သူနဲ့ဖောက်ပြန်နေတဲ့ဝမ်စိမ်းနဲ့ ကျွန်မကိုအောင်သွယ်ပေးဖို့ကြိုးစားခဲ့ပါသေးတယ်၊ ကျွန်မက ဘယ်နည်းနဲ့မှလက်မခံနိုင်မှန်းသိလို့ လက်လျှော့သွားတာ... ကျွန်မ ဒီမှာဆက်နေရင် ဒုက္ခရောက်ပါလိမ့်မယ်... ကျွန်မကိုကယ်ပါရှင်"

ကျင်းကျင်းသည် သူမ၏ဘဝကိုဝမ်းနည်းကြေကွဲကာ သူ၏ရင်ခွင်ထဲတိုးဝင်ရင်းရှိုက်ကြီးတငင်ငိုကြွေးလိုက်သည်။

သူ စိတ်မကောင်းဖြစ်သွားရ၏။

ရုပ်ထွေးနက်နဲသောအိမ်ထောင်ရေးပြဿနာတစ်ခုနှင့် ကြုံလိုက်ရပြီဖြစ်ကြောင်းနားလည်လိုက်သည်။ ကြားက မြေစာပင်ဖြစ်သော သူမအတွက်စိတ်မကောင်းဖြစ်မိလေ၏။

"မငိုပါနဲ့ ကျုပ်အစွမ်းကုန်ကူညီမယ်လို့ ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်....

"ကျင်းကျင်း...."

မိုးခြိမ်းသံပမာ ကျယ်လောင်သောခေါ်သံကြီးထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

သူတို့လှမ်းကြည့်လိုက်ကြသောအခါ....

အမျိုးသမီးကြီးတစ်ဦး လှမ်းလာနေသည်ကိုတွေ့မြင်လိုက်ရလေတော့၏။

၀၀၀၀



အမျိုးသမီးကြီးတစ်ဦး ခြေစောင့်နင်းကာရောက်ရှိလာ၏။

ကျင်းကျင်းသည် ရောင်မာ၏ရင်ခွင်ထဲမှ ကပျာကယာရုန်းထွက်လိုက်ပြီး ချက်ချင်းပင် အမျိုးသမီးကြီးရှေ့၌ ဒူးထောက်ချလိုက်၏။

"ဒေါ်လေးကျင်စု...."

ထိုအမျိုးသမီးကြီးမှာ.... သူမ၏မွေးစားမိခင်ကျင်စန်း၏အစ်မ စေတနာရှင်အဒေါ်ကြီးကျင်စုဖြစ်ကြောင်းသိလိုက်ရ၏။

ကျင်စုက မျက်နှာထားခက်ထန်တင်းမာစွာဖြင့်....

"ကျင်းကျင်း ညည်းမှာအကျင့်စရိုက်ဆိုးတွေကူးဝင်နေပြီပေါ့လေ"

ဟုငေါက်ကာပါးရိုက်ချလိုက်သည်။

ဖြန်းခနဲမြည်သံနှင့်အတူ သူမ၏ပါးပြင်နီရဲသွား၏။

"အိမ်ပြန်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကျင်စုကဖေါ်လိုက်သည်နှင့် သူမသည် ဒူးထောက်ရာမှ ထကာ ပြေးထွက်သွားလေတော့၏။ ကျင်စုက ရှောင်မာအား ခြေဆုံးခေါင်းဆုံးမော့ကြည့်လိုက်ပြီး....

“မင်းက ရှောင်မာဆိုတာမဟုတ်လား”

ရှောင်မာခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ခင်ဗျာ... ကျွန်တော် ဝံဖြူကျေးရွာကိုရောက်တဲ့အချိန်ကစပြီး ခုချိန်ထိ စားရေးသောက်ရေးကိုတာဝန်ယူထားပြီး နေမကောင်းဟုန်းက ပြုစုစောင့်ရှောက်ခဲ့တာ ကျေးဇူးတင်ပါတယ်ခင်ဗျာ”

ရှောင်မာကပြောရင်း... လက်နှစ်ဖက်ဆုပ်၍ဦးညွှတ်လိုက်လေသည်။

ဒေါ်လေးကျင်စုက....

“မင်းဟာ ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စကိုဖော်ထုတ်ဖို့လာခဲ့တာမဟုတ်လား... တစ္ဆေကောင်နဲ့လဲတွေ့ပြီးပြီမဟုတ်လား၊ ဒါတောင်မင်း ဘာကြောင့်မပြန်သေးတာလဲ”

ရှောင်မာသက်ပြင်းချလိုက်သည်။

“ဒီကိစ္စဟာ....”



“တစ္ဆေတစ်ကောင်က ရန်ငြိုးရှိတဲ့လူတွေကို လိုက်ဒုက္ခပေးနေတာ မင်းဘာတတ်နိုင်မှာမို့လဲ၊ လုံရှန်မြို့ကိုပြန်ပြီး မြို့တော်ဝန်ကို အမှန်အတိုင်းပြောပြလိုက်ပေါ့”

“ဟုတ်ကဲ့... ကျွန်တော်ပြန်ပြီးအစီရင်ခံမှာပါ... ရွှမ်ဟိုင်စန်းကိုဆုံးမဖို့နည်းလမ်းလဲရှာကြံပါ့မယ်ခင်ဗျာ”

“တစ္ဆေကောင်ကိုနှိမ်နင်းဖို့နည်းလမ်း ခဲခဲယဉ်းယဉ်းရှာနေစရာမလိုပါဘူး၊ လွယ်လွယ်ကလေးပါ”

ကျင်စုစကားကြောင့် ရှောင်မာအံ့သြသွားသည်။

“လွယ်လွယ်လေးဟုတ်လား”

“ဟုတ်တယ်... ရွှမ်ဟိုင်စန်းသောင်းကျန်းနေရတဲ့အဓိက အကြောင်းရင်းဟာ ဝံဖြူရွာသားတွေကြောင့် သူ့ရဲ့ခန္ဓာကိုယ်နဲ့ကွဲကွာသွားခဲ့ရတဲ့ဦးခေါင်းကိုပြန်လိုချင်လို့ပဲ၊ သူ့ရဲ့ဦးခေါင်းကိုပြန်ရသွားရင် ကျေနပ်ပြီး နောက်ထပ်နှောင့်ယှက်တော့မဟုတ်ဘူး”

ရှောင်မာမျက်မှောင်ကြုတ်သွားသည်။

နတ်ဝင်သည်လောင်ရှီအား ရွှမ်ဟိုင်စန်းတစ္ဆေပူးကပ်ကာ ငါ့ဦးခေါင်းပြန်ပေးဟု ထပ်တလဲလဲတောင်းလိုက်သံကို နားထဲကြားယောင်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်စုက....

"မင်းကိုယ်တိုင်တွေ့ခဲ့ပြီဆိုတော့ ရွှမ်ဟိုင်စန်းတစ္ဆေရှိတယ်ဆိုတာကို မင်းယုံပြီမဟုတ်လား။ မြို့တော်ဝန်ဆီပြန်ပြီးအစီရင်ခံတဲ့အခါ ရွှမ်ဟိုင်စနန်းအကြောင်းပြည့်ပြည့်စုံစုံပြောပြနိုင်အောင် ငါကူညီမယ်ဆိုရင်ကော...."

ရှောင်မာဝမ်းသာသွားသည်။

"ဒေါ်ဒေါ်ရဲ့ကျေးဇူးကိုမမေ့ပါဘူးခင်ဗျာ"

"ကောင်းပြီ... ငါနဲ့လိုက်ခဲ့"

ပြောပြောဆိုဆို ဒေါ်လေးကျင်စုထွက်ခွာသွားရာ....

"ဟုတ်ကဲ့"

ရှောင်မာလည်း ဒေါ်လေးကျင်စုနောက်မှလိုက်ပါသွားလေတော့၏။

၀၀၀၀



## နောက်ကြောင်းပြန်

ဒေါ်လေးကျင်စု၏အိမ်သည် ရွာတောင်ဘက်၌ရှိနေသည်။

သူမသည် ချမ်းသာကြွယ်ဝသူပီပီ အခိုင်အမာဆောက်လုပ်ထားသောနှစ်ထပ်အိမ်ကြီးတွင်နေထိုင်လေသည်။

ကျင်စုပိုင်ဆိုင်သောခြံဝင်းအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မြေပေါ်တွင် မီးဖိုကြီးဖိုကာ ထမင်းချက်နေသူသုံးလေးဆယ်ခန့်ရှိနေသည်ကိုတွေ့မြင်ရလေသည်။ ဒေါ်လေးကျင်စုက....

"ရွာထဲကလူတွေအတွက် ညနေစာချက်နေတာလေ... ရွှမ်ဟိုင်စနန်းကြောင့် လူတွေကြောက်လန့်ပြီး အလုပ်ပျက်အကိုင်ပျက်ဖြစ်နေကြပြီ၊ တစ်ချို့ ထမင်းတောင်နပ်မှန်အောင်မစားရဘူး၊ ဒါကြောင့် ကျုပ်ပိုင်တဲ့ပစ္စည်း တစ်ပြားတစ်ချပ်မှမကျန်အောင်ကုန်ခမ်းသွားပါစေ၊ တစ်ရွာလုံးကိုကျွေးမွေးထောက်ပံ့ဖို့ကျုပ်ဆုံးဖြတ်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးကျင်စုရဲ့ စေတနာနဲ့မေတ္တာတရားဟာ ချီးကျူးစရာကောင်းလှပါတယ်ဗျာ"

ရှောင်မာကပြောလိုက်ခြင်းဖြစ်၏။

"ကဲ... လာ"

ဒေါ်လေးကျင်စုသည် ရှောင်မာကိုခေါ်သွားပြီး ညှော်ခန်းထဲ၌ နေရာထိုင်ခင်းပေး၍ နွားနို့များ မုန့်များဖြင့်ဧည့်ခံကျွေးမွေးလေသည်။

ရှောင်မာကငြင်းသော်လည်း အတင်းကျွေးမွေးနေသဖြင့် အားနာပြီး စားသောက်လိုက်ရသည်။

ဒေါ်လေးကျင်စုတိုက်သောနွားနို့မှာ အချိုမကဲဘဲ စိမ့်သောအရသာရှိသဖြင့် သောက်၍ကောင်းလှသည်။

တစ်ခွက်သောက်ပြီး နောက်တစ်ခွက်သောက်လိုစိတ်များပင်ဖြစ်ပေါ်လာသည်။

သို့ရာတွင်...

မိမိသည် စားသောက်ရန်လာခြင်းမဟုတ်။

ရွှမ်ဟိုင်စန်းအကြောင်းစုံစမ်းရန် အမိကထားပြီးလိုက်လာခဲ့ခြင်းဖြစ်ကြောင်းဆင်ခြင်ကာ....



"ရွှမ်ဟိုင်စန်းအကြောင်း ဒေါ်လေးကျင်စု ဘာတွေများသိထားသလဲဆိုတာပြောပြပါလားဗျာ"

ဟုမေးမြန်းလိုက်သည်။

ဒေါ်လေးကျင်စုက....

"အင်း... ကျုပ်ပြောပါ့မယ်၊ တကယ်ဆိုရင် ဒီကိစ္စမှာ ကျုပ်တို့ညီအစ်မနှစ်ယောက်ဟာ အဓိကကျတဲ့နေရာကပါဝင်ခဲ့ကြတာပါ။ ကျုပ်တို့ကြောင့် ရွှမ်ဟိုင်စန်းကိုသုတ်သင်ပစ်နိုင်ခဲ့ကြတယ်လို့ ဆိုနိုင်ပါတယ်"

ရှောင်မာစိတ်ဝင်စားသွားသည်။

"ဘယ်လိုများဖြစ်ပျက်ခဲ့တာလဲဗျာ"

ကျင်စု၏မျက်နှာသည် တည်ကြည်လေးနက်သွား၏။

သူမသည် အတိတ်မှဖြစ်ရပ်များကိုပြန်လည်မြင်ယောင်လာဟန်ရှိလေသည်။

"ရွှမ်နယ်ခြားသားတွေကို ရွှမ်ဟိုင်စန်းက ဦးဆောင်ပြီး ဝံဖြူကျေးရွာကိုတိုက်ခိုက်ဖျက်ဆီးဖို့လာခဲ့ကြတယ်... ဒါပေမယ့် ကြိုတင်သတင်းရထားတဲ့ဝံဖြူကျေးရွာသားတွေက လမ်းခုလတ်ကနေ ချုံခိုတိုက်ခိုက်ပြီးအောင်ပွဲခံနိုင်လိုက်ကြတယ်၊ ရွှမ်ဟိုင်စန်းကိုယ်တိုင်လဲ

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရပြီး ညောင်ကျပ်တောအုပ်ထဲဝင်ပြေးသွားခဲ့ရတယ်၊ ညောင်ကျပ်တောအုပ်ဟာတောနက်တစ်ခုဖြစ်တော့ ရွှမ်ဟိုင်စန်းဟာ တောထဲဝင်ပုန်းပြီးလွတ်မြောက်တော့မလိုဖြစ်ခဲ့ရပေမယ့် မမျှော်လင့်တဲ့အကြောင်းတစ်ခုကြောင့်....”

ဒေါ်လေးကျင်စုသည် အတိတ်မှဖြစ်ရပ်များကို ပြန်ပြောင်းပြောပြလိုက်လေတော့သည်။

၀၀၀၀



နှစ်ပေါင်းများစွာအေးချမ်းသာယာနေခဲ့သော ဝံဖြူကျေးရွာလေးသို့ မျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုသည် လေပြင်းမွှေ့သလိုဝင်ရောက်လာလေသည်။

ရွှမ်ဟိုင်စန်းခေါင်းဆောင်သောနယ်ခြားသားများ....

ဝံဖြူကျေးရွာသို့ တိုက်ခိုက်လုယက်ရန်ရောက်ရှိလာခဲ့ကြခြင်းပင်ဖြစ်ပေသည်။

သို့သော် ရွှမ်ဟိုင်စန်းတို့မှာအငိုက်မိသွားကြသည်။

သူတို့သည် ချင်းဟိုင်တောင်တန်းတစ်ဝိုက် အောင်ပွဲအလီလီရရှိခဲ့ကြသူများဖြစ်ရာ ဝံဖြူကျေးရွာကိုလည်း အလွယ်တကူတိုက်ခိုက်အနိုင်ယူနိုင်လိမ့်မည်ဟု ထင်မှတ်ယုံကြည်ထားခဲ့ကြသည်။

သို့သော် ကြိုတင်သတင်းရထားကြသောဝံဖြူရွာသားများက လမ်းခုလတ်မှဆီးကြိုတိုက်ခိုက်ကြသဖြင့် ရွှမ်ဟိုင်စန်းတို့ အငိုက်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ပြီး ရွှမ်ဟိုင်စန်းတို့လူစုအသေအပျောက်များခဲ့သည်။ ရွှမ်ဟိုင်စန်းကိုယ်တိုင်လည်း ဒဏ်ရာပြင်းစွာရလျက်လွှက်ပြေးတိမ်းရှောင်သွားရသည်။

ဝံဖြူကျေးရွာသားများက အလွတ်မပေးဘဲ သဲကြီးမဲကြီးလိုက်လံရှာဖွေကြသည်။

တစ်ရက်... နှစ်ရက်... သုံးရက်.....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ရွှမ်ဟိုင်စန်းကိုမမိသေးသော်လည်း ရွှမ်နယ်ခြားသားတို့ပြိုကွဲသွားပြီဖြစ်ရာ ချင်းဟိုင်တောင်တန်းဒေသမှာ အေးချမ်းသာယာသွားပြီဖြစ်သည်။

အလုပ်ပျက်အကိုင်ပျက်ဖြစ်ခဲ့ကြသော ဝံဖြူရွာသူရွာသားများသည်ပင်လျှင် လုပ်ငန်းခွင်သို့ဝင်ရန် စိုင်ပြင်းနေကြပြီဖြစ်သည်။ အခြေအနေဆိုးကြုံတွေ့ခဲ့ရစဉ်က ရွာထဲမှရွာပြင် မထွက်ဝံ့ကြသော်လည်း ယခုမှ ထင်းခြောက်ကောက်ရန်၊ ဟင်းသီးဟင်းရွက်များခူးရန် ရွာပြင်သို့ထွက်နေကြပြီဖြစ်သည်။

ရွှမ်ဟိုင်စန်း လွတ်မြောက်နေသေးသရွေ့ သတိထားကြရန် ကျေးရွာလူကြီးများကသတိပေးကြသော်လည်း....



ရွာသူရွာသားများကား ကြောက်ရွံ့စိတ်မရှိတော့ပြီ။

ရွှမ်ဟိုစန်းအားသုတ်သင်ရန်... ဝံဖြူရွာသူရဲကောင်းများကတောနင်းရှာဖွေနေကြသည်မဟုတ်ပါလား။

ထိုသို့သောအချိန်ကာလတွင် ကျင်စုနှင့်ကျင်စန်းတို့ညီအစ်မနှစ်ယောက်သည်လည်း အများနည်းတူ ဟင်းသီးဟင်းရွက်များခူးရန် ထင်းခြောက်ကောက်ရန် ရွာအပြင်သို့ထွက်လာခဲ့ကြရင်း ညောင်ကျပ်တောအုပ်ထဲသို့ရောက်မှန်းမသိရောက်လာခဲ့ကြလေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com

ညောင်ကျပ်ပင်ကြီးကား အကိုင်းအခက်အရွက်များ ဝေဝေဆာဆာဖြင့် တောင်စောင်းလေးပေါ်၌ရှိနေသည်။

အခြေအနေအေးချမ်းငြိမ်သက်စဉ်ကာလက ကျင်စုတို့ညီအစ်မနှစ်ယောက်မှာ ထိုညောင်ကျပ်ပင်ကြီးအောက်သွားကာ ဆော့ကစားတတ်ခဲ့ကြပေသည်။

ရှမ်ဟိုင်စန်းသောင်းကျန်းလာသောအခါ မရောက်ဖြစ်ကြတော့ပါ။ ယခု အခြေအနေမှာ တဖြည်းဖြည်း အေးချမ်းသာယာလာပြီဖြစ်၍ ကျင်စုတို့ညီအစ်မနှစ်ယောက်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

နှစ်ယောက်သား ထင်းခြောက်များ ဟင်းသီးဟင်းရွက်များလည်း အတော်များများ ရထားကြပြီဖြစ်သည်။

ကျင်စုက....

"တို့တွေ ဒီနေရာ မရောက်တာတောင် အတော်ကြာပြီ၊ ခဏလောက်ကစားကြရင် မကောင်းဘူးလား"



ဟု ညီမဖြစ်သူကိုမေးလိုက်သည်။

ကျင်စန်းက....

"မလုပ်ပါနဲ့ဟာ... တော်ကြာ ရှမ်ဟိုင်စန်းဆိုတဲ့လူဆိုးကြီးနဲ့ တွေ့မှဒုက္ခရောက်နေပါဦးမယ်"

"အံမယ်... ညည်းကများ ကြောက်နေသေးတယ်၊ တို့ရွာက သူရဲကောင်းတွေလိုက်ပြီးတိုက်ခိုက်နှိမ်နင်းနေလို့ အဲ့ဒီလူဆိုးကြီးခွေးပြေးဝက်ပြေးပြေးနေရပြီ၊ ဘယ်မှာကြောက်စရာလိုတော့မှာလဲ"

ကျင်စုသည် ညီမဖြစ်သူကျင်စန်းထက် ပိုသတ္တိကောင်းပြီး အကြောက်အရွံ့ကင်းသူဖြစ်သည်။

ညီအစ်မနှစ်ယောက်ပြောဆိုနေကြစဉ်မှာပင်....

မလှမ်းမကမ်းမှစူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

"ခြွမ်း... ခြွမ်း... ခြွမ်း"

"ဝုန်း...."

"အား...."

ကျင်စုတို့ညီအစ်မနှစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်၏။ ကျင်စန်းက....

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ပွဲဖြစ်နေတယ်... ငါကြောက်တယ်"

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်ပြေးရန်ဟန်ပြင်လိုက်၏။

ကျင်စုက ညီမဖြစ်သူ၏လက်ကိုဆွဲထားလိုက်ပြီး...

"ခုချိန်မှထွက်ပြေးလို့အပိုပဲ၊ တော်ကြာ တွေ့သွားရင်ဒုက္ခရောက်နေမှာပေါ့၊ ကဲ... လာ... လာ"

ချက်ချင်းဆိုသလိုပင် သစ်ပင်တစ်ပင်နောက်ကွယ်သို့ဝင်ကာ ညီအစ်မနှစ်ယောက်သားပုန်းအောင်းနေလိုက်ကြသည်။

"ဝုန်း..."

"အား..."

"အမယ်လေး..."

စူးရှသောအော်ဟစ်သံများက ပို၍ကျယ်လောင်လာသည်။ မလှမ်းမကမ်း၌ဖြစ်ပေါ်နေသောတိုက်ပွဲကား ပြင်းထန်လှ၏။

မကြာမီမှာပင်...

"ပြေးပြီဟေ့"

"လိုက်ကြ.."

"မလွတ်စေနဲ့"

အော်ငေါက်သံ ပြေးလွှားသံများထွက်ပေါ်လာသည်။



ကျင်စုတို့ညီအစ်မနှစ်ယောက် ရင်တထိတ်ထိတ်ဖြင့်ရှိနေကြစဉ်မှာပင် ဒရောသောပါးပြေးလာသူတစ်ယောက်ကိုတွေ့လိုက်ရလေသည်။ ထိုလူသည် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားပြီး ရရှိထားသောဒဏ်ရာများကြောင့်တစ်ကိုယ်လုံး သွေးအလိမ်းလမ်းပေကျံနေ၏။ လက်ထဲ၌ ဓားတစ်လက်ကိုင်ထားသလို ဒယီးဒယိုင်ဖြင့်ပြေးရင်း ကျင်စုတို့အနီးသို့ရောက်လာသည်။

ထိုလူမှာ ဝံဖြူရွာသားမဟုတ်ဘဲ မျက်နှာစိမ်းတစ်ယောက်ဖြစ်နေသဖြင့် နာမည်ကြီးနေသည့် ရွှမ်ဟိုင်စန်းဖြစ်ကြောင်း ကျင်စုတို့ ရိပ်မိသွားကြသည်။ ကြောက်ရွံ့စွာဖြင့်ငေးကြည့်နေမိကြစဉ် ရွှမ်ဟိုင်စန်းကလည်း သူတို့အားတွေ့မြင်သွားလေသည်။ ရွှမ်ဟိုင်စန်းသည် မိမိတို့အားချမ်းသာပေးမည်မဟုတ်သည်ကိုသိသဖြင့် ကျင်စုတို့ညီအစ်မနှစ်ယောက် အကြီးအကျယ်တုန်လှုပ်သွားကြလေ၏။ ထိုစဉ်...

"ရှူး..."

ရွှမ်ဟိုင်စန်းသည် နှုတ်ခမ်းပေါ်လက်ညှိုးထောင်ကာ အသံမထွက်ဘဲတိတ်တိတ်နေရန် သတိပေးလာသည်။

ယင်းအခိုက်မှာပင် တစ်ယောက်တစ်ပေါက် စကားသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနားတစ်ဝိုက်ပျောက်သွားတာကွ"

"တစ်နေရာရာမှာပုန်းနေတာဖြစ်မယ်"

"တွေ့အောင်ရှာကြ"

"ဟုတ်တယ်... ဒီကောင့်ကို လုံးဝအလွတ်ပေးလို့မဖြစ်ဘူး၊ ဒဏ်ရာတွေလဲရထားပြီဆိုတော့ ဝေးဝေးမပြေးနိုင်ပါဘူး"

စကားသံများ၊ ခြေသံများနှင့်တောနင်းရှာဖွေသံများထွက်ပေါ်လာသည်။ ဝံဖြူရွာမှသူရဲကောင်းများက ရှမ်ဟိုင်စန်းအားလိုက်ယံရှာဖွေနေကြခြင်းဖြစ်သည်။

သို့သော် ရှာဖွေနေသူများသည် ကျင်စုနှင့်မလှမ်းမကမ်း၌ပုန်းနေသည့်ရှမ်ဟိုင်စန်းအားမမြင်ဘဲ အဝေးသို့ထွက်သွားကြရန် ခြေလှမ်းပြင်လိုက်ကြသည်။ သူတို့ထွက်ခွာသွားကြတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ရှမ်ဟိုင်စန်းအနေဖြင့် မကြာမီလွတ်မြောက်သွားတော့မည်ဖြစ်သည်။ လွတ်မြောက်ရန်လက်မတင်လေးအလိုတွင်....

"ဖြောက်...."

သစ်ကိုင်းကျိုးသံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာသည်။ ရန်သူ့အခြေအနေကိုအကဲခတ်နေသည့်ရှမ်ဟိုင်စန်းကိုယ်တိုင်ပင် ထိုအသံကြောင့်ထိတ်လန့်သွားလေသည်။



အမှန်တော့ ထိုအသံကား ကျင်စုကဖန်တီးလိုက်သည့်အသံသာဖြစ်ပေသည်။ သူမသည် ရှမ်ဟိုင်စန်းလွတ်မြောက်သွားမည်ကို မလိုလားသဖြင့် သစ်ကိုင်းခြောက်တစ်ခုကို လက်နှစ်ဖက်ဖြင့်ကွေးကာချိုးပစ်လိုက်ခြင်းဖြစ်ပေတော့သည်။

ထိုအသံကြောင့် ထွက်ခွာသွားတော့မည့်ဆဲဆဲ ဝံဖြူရွာမှသူရဲကောင်းများသည် ပြန်လှည့်လာကြပြီး...

"ဒီဘက်မှာဟေ့... မြန်မြန်လာကြ"

အော်ပြောသံများထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် ဝံဖြူရွာမှသူရဲကောင်းများပြေးလွှားရောက်ရှိလာကြ၏။ ထိုအချိန်တွင် ရှမ်ဟိုင်စန်းသည် အခြေအနေမဟန်မှန်းသိသဖြင့် ထွက်ပြေးရန်ပုန်းကွယ်နေရာမှထွက်လိုက်၏။

ထိုအခါ ဝံဖြူရွာသားများသည် သူ့အားတွေ့မြင်သွားကာ ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကား ကြောက်ခမန်းလိလိပြင်းထန်လှ၏။

ရွှမ်ဟိုင်စန်းသည် ထွက်ပြေးရန်မဖြစ်နိုင်မှန်းသိသည့်အခါ အကြောက်အကန်ခုခံတိုက်ခိုက်လေသည်။

ဝံဖြူရွာသူရဲကောင်းများကလည်း လုံးဝအလွတ်မပေးဘဲ တရကြမ်းတိုက်ခိုက်ကြလေသည်။

"ဝုန်း...."

"အား...."

"အမယ်လေး...."

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရွှမ်ဟိုင်စန်း၏လက်ချက်ကြောင့် ဝံဖြူရွာသားများ တစ်ယောက်ပြီးတစ်ယောက်လဲကျသွားကုန်၏။

ရွှမ်ဟိုင်စန်းသည်လည်း ဒဏ်ရာများရသွားပြီး အခြေအနေဆိုးလာသည်။ သို့တိုင်အောင်....



ဓားကိုင်ထားသောသူ၏လက်တစ်ဖက် အပေါ်သို့မြောက်တက်သွားသည့်အခါတိုင်း ဝံဖြူရွာသူရဲကောင်းတစ်ဦး ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲကာ မြေပေါ်သို့လဲကျသွား ရသည်။

တစ်ချိတွင် ဝံဖြူရွာသားတစ်ဦးသည် မြေပေါ်လိမ့်၍ရွှမ်ဟိုင်စန်းထံတိုးဝင်သွားသည်။ ရွှမ်ဟိုင်စန်းသည် မျက်နှာချင်းဆိုင်မှရန်သူကိုရင်ဆိုင်နေရသောကြောင့် မြေပေါ်လိမ့်ဝင်လာသူကို ချက်ချင်းရင်မဆိုင်နိုင်ဘဲ ရှေ့သို့ခြေတစ်လှမ်းတိုးကာရှောင်ပြီး....

မျက်နှာချင်းဆိုင်ရှိရန်သူကိုဓားဖြင့်ခုတ်ပိုင်လိုက်သည်။ တစ်ချိန်တည်းမှာပင် မြေပေါ်လိမ့်လာသူကခုန်ထလာပြီး ရွှမ်ဟိုင်စန်းကိုတိုက်ခိုက်လိုက်၏။ ရွှမ်ဟိုင်စန်းသည် ကြေးနီဖြင့်ပြုလုပ်ထားသည့်ကိုယ်ကျပ်အင်္ကျီဝတ်ထားသည့်တိုင် ဓားဦးသည် ချပ်ဝတ်တန်ဆာကိုပြင်းထန်စွာထိုးဖောက်သွား၏။ ပြင်းပြသောဝေဒနာကြောင့်....

"အား...."

သူ စူးရှစွာအော်ပြီး မြေပေါ်ဒူးထောက်ကျသွားသည်။

"ယား...."

ထိုအခါ ဝံဖြူရွာသားတစ်ယောက်က အခွင့်အရေးကိုလက်လွှတ်မခံဘဲ ဩသံပေးခုန်ဝင်လာပြီး ရွှမ်ဟိုင်စန်း၏လည်ကုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါးဖြင့်ခုတ်ချလိုက်သည်။ ခုခံသူများကို ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲသွားစေတတ်သည်ဟုသတင်းကြီးလှသောရွှမ်ဟိုင်စန်းသည်ယခုတစ်ကြိမ်၌ဝင်္ဂလည်သွားတော့သည်။

"ဝုန်း...."

ဦးခေါင်းမပါသောခန္ဓာကိုယ်ကြီးသည် မြေပေါ်ဝုန်းခနဲလဲကျသွားလေသည်။

"ဘုံး..."

"ခြွမ်း..."

သူ၏ဓားသည်လည်း အဝေးသို့လွင့်စဉ်သွား၏။

သတင်းကြီးလှသောရွှမ်ဟိုင်စန်းသည် မရှုမလှဓာတ်သိမ်းသွားရလေတော့သည်။

အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းပြောဆိုနေသော ကျင်စုသည် ရွှမ်ဟိုင်စန်းကျဆုံးသွားခဲ့ရပုံကိုပြောပြီး နိဂုံးချုပ်လိုက်လေသည်။ သူမ၏စကားအဆုံးတွင် ရှောင်မာသက်ပြင်းချလိုက်၏။

ရွှမ်ဟိုင်စန်း၏နောက်ဆုံးအခြေအနေကို သူသိလိုက်ရပြီဖြစ်ပေ သည်။ ရွှမ်ဟိုင်စန်းသည် မရှုမလှဓာတ်သိမ်းသွားခဲ့ရခြင်းပင် ဖြစ်သည်မဟုတ်ပါလား။



ကျင်စုက....

"ရွှမ်ဟိုင်စန်းရဲ့ဦးခေါင်းကိုလိုက်ရှာကြသေးတယ်... ဒါပေမယ့် အံ့ဩစရာကောင်းအောင် ဘယ်လိုမှရှာမတွေ့ခဲ့ကြဘူး၊ သူ့ရဲ့ဓားလည်းပျောက်ဆုံးသွားခဲ့တယ်၊ ဒါနဲ့ပဲ အင်္ဂါမစုံတဲ့ခန္ဓာကိုယ်ကြီးကိုညောင်ကျပ်ပင်ကြီးအောက်မှာပဲ မြှုပ်နှံသဂြိုဟ်လိုက်ကြတယ်"

လူသေအလောင်းတစ်လောင်းကိုမြှုပ်နှံရာတွင် ကိုယ်လက်မစုံပါက ထိုလူသည် မကျွတ်မလွတ်ဘဲရှိတတ်သည်ဟု ရှေးလူကြီးသူမများ၏ဆိုစကားရှိခဲ့ဖူးသည်။ ရိုးရာစွဲရှေးအစဉ်အလာများ၏လွှမ်းမိုးမှုခံရသောဝံဖြူရွာသားများသည် ရွှမ်ဟိုင်စန်းတစ္ဆေကိုယုံကြည်နေကြခြင်းမှာ အံ့ဩစရာမဟုတ်ဟုရှောင်မာတွေးလိုက်မိ၏။

"သူ့ရဲ့ဦးခေါင်းကိုတွေ့အောင်ရှာပြီး ခန္ဓာကိုယ်အရိုးစုနဲ့ အတူမြှုပ်နှံပေးလိုက်ရင် ရွှမ်ဟိုင်စန်းတစ္ဆေဆိုတာ ပျောက်ကွယ်သွားပါလိမ့်မယ်၊ တခြားနည်းလမ်းနဲ့တော့ သူ့ကိုဟန့်တားလို့ရမှာမဟုတ်ဘူးလို့ကျုပ်ပြောရဲတယ်၊ မင်းကြိုးစားနိုင်ပါ့မလား"

ကျင်စုကမေးလိုက်ရာရှောင်မာက....

"ရွှမ်ဟိုင်စန်းကိုဟန့်တားနိုင်ဖို့ ဘာမဆို ကျွန်တော်ဆောင်ရွက်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်စုခေါင်းညိတ်လိုက်သည်။

"ကောင်းပါပေတယ်ကွယ်... ဝံဖြူရွာရဲ့အကျိုးကိုဆောင်ရွက်ပေးတဲ့အတွက် မင်းကို အထူးပဲကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်တစ်ခုတော့သတိပေးချင်တယ်"

ရှောင်မာက...

"ဟုတ်ကဲ့... ပြောပါခင်ဗျာ"

ကျင်စု၏မျက်နှာတည်ကြည်လေးနက်သွားသည်။

"ကျင်းကျင်းနဲ့ကင်းအောင်နေပါ... ကျင်စန်းကမကောင်းပေမယ့် ကျင်းကျင်းကမိန်းမကောင်းလေးတစ်ဦးပါ"

ရှောင်မာကမဆိုင်းမတွပင်....

"ကျွန်တော် သူ့ကိုညီမလေးတစ်ယောက်လိုသဘောထားတာပါ၊ ကျွန်တော်လက်ထပ်မယ့်မိန်းကလေးဟာ လုံရှန်မြို့မှာရှိပါတယ်၊ စားသောက်ဆိုင်ပိုင်ရှင်ကောင်းလျှံရဲ့သမီး ကောင်းမေဆိုရင် လူတိုင်းသိကြပါတယ်"

ထိုအခါမှ ကျင်စု၏မျက်နှာကြည်လင်ဝင်းပသွားသည်။

ရှောင်မာအား ပြောဆိုမိခဲ့သည်ကိုပင် အားတုံ့အားနာဖြစ်သွားလေသည်။



"ကျုပ်ကစိုးရိမ်စိတ်နဲ့ပြောမိတာပါ... ခွင့်လွှတ်ပါကွယ်... ကျင်းကျင်းဟာ တကယ့်ကိုလိမ္မာရေးခြားရှိပြီးသနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ"

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကဲ... ကျွန်တော့်ကိုခွင့်ပြုပါဦး"

ရှောင်မာကထိုင်ရာမှထကာနှုတ်ဆက်လိုက်သည်။

ကျင်စုက...

"ဒီနေ့ည ရွှမ်ဟိုင်စန်းက ရွာထဲအထိဝင်ပြီးသောင်းကျန်းလိမ့်မယ်... မင်းသတိထားပါ"

"စိတ်ချပါခင်ဗျာ"

ကျင်စုက ခြံဝင်းအပြင်ဘက်သို့ လိုက်လံပို့ဆောင်ပေးလေသည်။ ရှောင်မာလည်း နှုတ်ဆက်ကာထွက်လာခဲ့လေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေအန္တရာယ်

---

ညဉ့်နက်နေပြီဖြစ်သည်။

ကောင်းကင်ပေါ်တွင်... လခြမ်းပဲ့ကလေးရှိနေသော်လည်း လရောင်သည် အမှောင်ထုကိုအံတုနိုင်စွမ်းမရှိဘဲဖြစ်နေ၏။

ဝံဖြူကျေးရွာသည် အမှောင်ထုအောက်၌ တိတ်ဆိတ်ငြိမ်သက်စွာရှိနေသည်။

ဝမ်စိမ်းသည် ကျော်ပေါက်မာ၊ အရှည်ကြီးတို့နှင့်အတူ ရွာထိပ်၌ကင်းစောင့်ရင်း ကျေးရွာလုံခြုံရေးဆောင်ရွက်လျက်ရှိ၏။ သုံးယောက်သားပိုင်းဖွဲ့ထိုင်နေရာမှ ကျော်ပေါက်မာက....

"လူပုကို သတိရလိုက်တာကွာ"

ဟုညည်းတွားလိုက်သည်။

သူတို့လေးယောက်သည် အစဉ်မခွဲ တတွဲတွဲနေခဲ့ကြသည့်



ငယ်သူငယ်ချင်းများ ဖြစ်ကြသည်မဟုတ်ပါလား။

"အေး နတ်ဝင်သည်လောင်ရှိပြောသလို စွမ်ဟိုင်စန်းတစ္ဆေ ရောက်လာပါစေလို့ဆုတောင်းရမှာပဲ၊ အဲဒါမှ... မှတ်လောက်သား လောက်ဖြစ်အောင် ဆုံးမလို့ရမှာ"

အရှည်ကြီးကပြောလိုက်ခြင်းဖြစ်၏။

ဝမ်စိမ်းကဘာမှမပြောဘဲငိုင်နေ၏။

ကျော်ပေါက်မာကတံတောင်နှင့်တွတ်လိုက်ပြီး....

"ဝမ်စိမ်း... ငါတို့ပြောတာတွေ ကြားရဲ့လား၊ မင်း ဘာတွေ တွေးနေတာလဲ... ပြောစမ်းပါဦး"

ဝမ်စိမ်းသက်ပြင်းချလိုက်သည်။

"ကြားပါတယ်ကွာ... ငါ့ရဲ့ဇနီးနဲ့ကလေးအကြောင်းတွေးနေ တာပါ"

ဤတွင်....

"အံမယ်... မင်းက အခုမှသတိရနေ အစ်မကြီးကျင်စန်းနဲ့ တွေ့ရင် တစ်လောကလုံးမေ့နေတာပဲမဟုတ်လား"

အရှည်ကြီးကအရွှန်းဖောက်လိုက်သည်။

ဝမ်စိမ်းခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီးကျင်စန်းဟာငါ့ရဲ့အလုပ်ရှင်... ငါတို့မိသားစုဟာ သူ့အပေါ်မှာမှီခိုနေရတာ၊ သူ့အလိုကိုမလိုက်လျှောရင် ဒုက္ခရောက်သွားလိမ့်မယ်၊ ငါလဲ ဇနီးနဲ့သားလေးအပေါ်မှာသစ္စာဖောက်သလိုဖြစ်နေတာကို ယူကြုံးမရဖြစ်မိပါတယ်ကွာ"

ဝမ်းနည်းကြေကွဲသံဖြင့် ညည်းတွားလေသည်။

"ဒီမိန်းမကြီးဟာ အတော့်ကိုကြောက်စရာကောင်းတယ်ကွ၊ တစ်ရွာလုံး ဘယ်သူ့ကိုမှအလွတ်ပေးချင်တာမဟုတ်ဘူး၊ သူ့ကြောင့် ဒေါ်လေးကျင်စုရဲ့ဂုဏ်သိက္ခာပါထိခိုက်ရတယ်၊ ဒေါ်လေးကျင်စုလည်း အတော့်ကိုဒေါသထွက်နေတယ်... ညီမမို့သည်းခံနေရတာ"

ကျောက်ပေါက်မာကမချင့်မရဲပြောရာ အရှည်ကြီးက....

"အေးကွာ... ဒေါ်လေးကျင်စုသနားပါတယ်၊ ခုတစ်လောသူချက်ပြုတ်ပြီး တစ်ရွာလုံးကိုဝေငှပေးနေတဲ့စားသောက်စရာတွေဟာအတော့်ကိုအရသာရှိတယ်၊ ငါတော့ မစားရရင်မနေနိုင်လောက်အောင်စွဲစွဲလန်းလန်းဖြစ်နေပြီ"

သူတို့ရောက်တတ်ရာရာပြောဆိုနေကြစဉ်မှာပင်....

"ဝုတ်... ဝုတ်... ဝူး"

အဝေးမှခွေးအူသံများကိုကြားလိုက်ရသည်။



သူတို့သုံးယောက်သား ထိုင်ရာမှထလိုက်ကြ၏။

ခွေးအူသံများထွက်ပေါ်လာသည့် ညောင်ကျပ်တောအုပ်ဆီသို့လှမ်းကြည့်မိလျက်ကြသည်။

"ငါ့နားထဲမှာ မြင်းခွာသံကြားနေရသလိုပဲ"

ကျောက်ပေါက်မာ၏စကားကြောင့် အရှည်ကြီးနှင့်ဝမ်စိမ်းတို့ ဂရုစိုက်ပြီးနားစွင့်လိုက်ကြသည်။

"ခွပ်ခွပ်... ခွပ်ခွပ်"

တိတ်ဆိတ်နေသောညဥ့်ယံတွင် မြင်းခွာသံသဲ့သဲ့ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

သုံးဦးသား တစ်ဦးကိုတစ်ဦးကြည့်မိလိုက်ကြသည်။

"သူ လာနေပြီ"

"ခြွမ်း... ခြွမ်း"

အရှည်ကြီးနှင့်ကျောက်ပေါက်မာတို့က ဓားကိုယ်စီဆွဲထုတ်လိုက်ကြလေသည်။ နတ်ဝင်သည်လောင်ရှိပြောသည့်အတိုင်း ရွှမ်ဟိုင်စန်းတစ္ဆေသည် ဝံဖြူကျေးရွာတွင်သောင်းကျန်းရန် ဝင်ရောက်လာချေပြီ။

"ခွပ်ခွပ်... ခွပ်ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ တစ်စထက်တစ်စကျယ်လောင်လာသည်။

ဝမ်စိမ်းတို့လူစု မျက်တောင်မခတ်စိုက်ကြည့်နေစဉ်မှာပင် ညောင်ကျပ်တောအုပ်ထဲမှမြင်းစီးသမားတစ်ယောက် ထွက်ပေါ်လာသည်ကိုတွေ့လိုက်ရတော့၏။

ရွှမ်ဟိုင်စန်းတစ္ဆေပင်ဖြစ်သည်။

"တို့ ဘယ်လိုလုပ်ကြမလဲ"

အရှည်ကြီးကမေးလာသည်။

ကျောက်ပေါက်မာကလည်း....

"တခြားကင်းအဖွဲ့တွေကိုခေါ်မလား... တို့သုံးယောက်ထဲ မဖြစ်ဘူးထင်တယ်"

သူတို့အားလုံး ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာကြောင်း ထင်ရှားနေပေတော့သည်။

ရွှမ်ဟိုင်စန်းတစ္ဆေနှင့်ပတ်သက်လာလျှင်....

အလွန်သတ္တိကောင်းသည်ဆိုသောလူသည်ပင် ကြောက်ဒူးတုန်သွားတတ်ကြသည်မဟုတ်ပါလား။

ဝမ်စိမ်းသည် အံကြိတ်ကာ ကြောက်ရွံ့စိတ်ကို မောင်းထုတ်ပစ်လိုက်၏။



ပြီးနောက်....

"အရှည်ကြီး... မင်း ဒီမှာစောင့်နေ... ကျောက်ပေါက်မာ မင်းက တခြားကင်းအဖွဲ့တွေကိုအကြောင်းကြားလိုက်"

ဟုတာဝန်ခွဲဝေပြီး သူကိုယ်တိုင်လည်း ဓားကိုဝှေ့ယမ်းကာ ရှေ့သို့ပြေးသွားလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်ခွပ်… ခွပ်ခွပ်"

"ခွပ်ခွပ်… ခွပ်ခွပ်"

မြင်းခွာသံက တစ်စထက်တစ်စကျယ်လောင်လာသည်။

ရွှမ်ဟိုင်စန်းတစ္ဆေသည် အမှောင်ထုထဲမှ ဘွားခနဲပေါ်လာပြီး ဝံမြုရွာသို့ဦးတည်ကာမြင်းကိုဒုန်းစိုင်းနှင်လာ၏။

"ယား…"

ဝမ်စိမ်းသည် ငြာသံပေးကာပြေးဝင်လာပြီးတိုက်ခိုက်လိုက်သည်။ ဓားကိုဝင့်ကာဝင့်ကာဖြင့် အပြင်းဒုန်းစိုင်းလာသောရွှမ်ဟိုင်စန်းတစ္ဆေနှင့်ထိပ်တိုက်ရင်ဆိုင်မိလိုက်လေသည်။

မသဲမကွဲလရောင်အောက်တွင် ဝင်းလက်တောက်ပသောဓားရောင်များထွက်ပေါ်လာ၏။

"ခြွမ်း…"

ကျယ်လောင်သောအသံတစ်ချက်ထွက်ပေါ်လာသည်။



ရွှမ်ဟိုင်စန်းတစ္ဆေ၏ဓားသည် အလွန်ထက်မြက်သောဓားကောင်းတစ်လက်ဖြစ်ကြောင်းထင်ရှားပေါ်လွင်လာ၏။

ဝမ်စိမ်း၏ဓားမှာထက်ပိုင်းပြတ်သွားတော့သည်။

ဓား,ဓားချင်း ပြင်းထန်စွာထိတွေ့မိလိုက်သောအရှိန်ဖြင့်….

"ဝုန်း…."

ဝမ်စိမ်းမှာမြေပေါ်ဖင်ထိုင်လဲကျသွားသည်။

ရွှမ်ဟိုင်စန်းတစ္ဆေက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရွာအဝင်လမ်းဆီသို့ဒုန်းစိုင်းနှင်သွား၏။ ရွာအဝင်လမ်းပေါ်တွင် အရှည်ကြီး၊ ကျောက်ပေါက်မာတို့ရှိနေကြသည်။ သူတို့သည် ဝမ်စိမ်းအတွက် စိုးရိမ်ကာစောင့်ကြည့်နေကြခြင်းဖြစ်၏။

ရွှမ်ဟိုင်စန်းတစ္ဆေသည် ဝမ်စိမ်းအားဖြတ်ကျော်ကာ သူတို့ထံသို့ဦးတည်လာနေသည်ကိုတွေ့သည့်အခါ ရင်ဆိုင်မှဖြစ်တော့မည်ဟုနားလည်လိုက်ကြသည်။

"ယား…."

နှစ်ယောက်သားငြာသံပေးကာ တစ်ဟုန်ထိုးပြေးဝင် ရင်ဆိုင်လိုက်ကြလေသည်။ ရွှမ်ဟိုင်စန်းတစ္ဆေသည် ဒုန်းစိုင်းလာသည့်အရှိန်ကိုမလျှော့ဘဲ ဓားကိုဝှေ့ယမ်းကာတိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြွမ်း... ခြွမ်း... ခြွမ်း"

ခား,ခားချင်း ပြင်းထန်စွာထိတွေ့မိသောအသံများ ထွက်ပေါ်လာ၏။ ကျောက်ပေါက်မာနှင့်အရှည်ကြီးတို့ကိုင်ဆောင်ထားကြသောဓားများ ထက်ပိုင်းပြတ်ကုန်တော့သည်။

ကျောက်ပေါက်မာတို့သည် ဝမ်စိမ်းထက်ပို၍ကံဆိုးသွားကြသည်မှာ ရှမ်ပဟိုင်စန်းတစ္ဆေက နောက်ထပ်ဓားတစ်ချက်ဝှေ့ယမ်းလိုက်ခြင်းဖြစ်သည်။

ထိုဝှေ့ယမ်းလိုက်သောဓားချက်က အရှည်ကြီးနှင့်ကျောက်ပေါက်မာတို့၏လည်ကုတ်ပေါ်သို့ ပြင်းထန်စွာကျရောက်သွားခြင်းဖြစ်ပေတော့သည်။ အော်ဟစ်သံများပင် ထွက်ပေါ်မလာနိုင်ပါ။

ကျောက်ပေါက်မာတို့မှာ အော်ဟစ်ရန်အချိန်ပင်မရလိုက်ဘဲ ဦးခေါင်းနှင့်ခန္ဓာကိုယ်အိုးစားကွဲကာ မြေပေါ်ဝုန်းခနဲဝုန်းခနဲလဲကျသွားကြခြင်းကြောင့်ဖြစ်သည်။

"ခွပ်ခွပ်... ခွပ်ခွပ်"

ရှမ်ပဟိုင်စန်းတစ္ဆေသည် အတားအဆီးမဲ့နေသော ဝံဖြူရွာထဲသို့ မြင်းကိုဒုန်းစိုင်းကာဝင်ရောက်သွားလေတော့၏။

၀၀၀၀



အခဲမကျေ

---

ဝမ်စိမ်း မြေပေါ်မှကပျာကယာလူးလိမ့်ထလိုက်သည်။

မြေပေါ်လဲကျနေသည့်ကျောက်ပေါက်မာနှင့် အရှည်ကြီးတို့ထံသို့ပြေးသွား၏။

"အရှည်ကြီး...."

"ကျောက်ပေါက်မာ...."

အသံကုန်ဟစ်ခေါ်လိုက်သော်လည်း အရှည်ကြီးတို့ကား မထူးနိုင်ကြတော့ပါ။ နှစ်ယောက်စလုံး တုတ်တုတ်မျှ မလှုပ်ကြတော့။ ခေါင်းနှင့်ကိုယ် အိုးစားကွဲလျက် သေဆုံးနေကြလေပြီ။

ဝမ်စိမ်း၏တစ်ကိုယ်လုံးဖောချွေးများပြန်ကာ ဒေါသအိုးပေါက်ကွဲသွားပြီဖြစ်သည်။

ကြောက်ရွံ့စိတ်များမြူမှုန်မျှမရှိ လွင့်စဉ်သွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ပေါက်မာနဲ့အရှည်ကြီး... မင်းတို့အတွက် တစ္ဆေစုတ်ကို ငါကိုယ်တိုင်သုတ်သင်ရှင်းလင်းပစ်မယ်"

"ဟေး...."

ဝမ်စိမ်းသည် အံတင်းတင်းကြိတ်လျက်....

ကျယ်လောင်စွာအော်ဟစ်ပြီး ရွာထဲဝင်သွားသည့်ရွှမ်ဟိုင်စန်းတစ္ဆေနောက်သို့ပြေးလိုက်သွားလေတော့သည်။

၀၀၀၀



ညဥ့်နက်ပြီဖြစ်သော်လည်း ရှောင်မာအိပ်မပျော်သေးပါ။

တစ်ကိုယ်လုံး ရှိန်းခနဲဖိန်းခနဲဖြင့်နေမကောင်းချင်သလိုဖြစ်နေ၏။ တဝါးဝါးသမ်းဝေကာမျက်ရည်များလည်းစီးကျလျက်ရှိသည်။

ခြေလက်များထုံကျဥ်နေသည်။ အားအင်ကုန်ခမ်းကာ မောပန်းသလိုဖြစ်နေ၏။

ညဘက်ရောက်သည်နှင့် အလိုလိုနေရင်း ကြောက်ရွံ့ထိတ်လန့်စိတ်များကြီးစိုးလာတော့သည်။

ဘာ့ကြောင့် ဤသို့ဖြစ်နေမှန်း သူနားမလည်နိုင်ချေ။

ဝံဖြူရွာသို့ရောက်လာပြီး ရက်ပိုင်းအတွင်းမှာပင်....

သူ၏ခန္ဓာကိုယ်သည် သိသိသာသာပိန်ချုံးသွားလေ၏။

အဘယ့်ကြောင့်ပါနည်း။

ရေပြောင်းမြေပြောင်းကြောင့်လား။

အစားအသောက်ကြောင့်လား။

www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ်....

ထိတ်လန့်တုန်လှုပ်ဖွယ်ဖြစ်ရပ်များကြောင့် အကြောက်လွန်ပြီးရောဂါဝင်ရောက်လာခြင်းလား။

သူ မည်သို့မျှနားမလည်နိုင်အောင်ဖြစ်နေရသည်။

ကျန်းမာရေးထိခိုက်ချို့ယွင်းသလိုဖြစ်လာသည်ကား အမှန်ပင်ဖြစ်ပေတော့သည်။ အဘယ်ကြောင့်ပါနည်း။

ရောင်မာသည် အတွေးပေါင်းစုံဖြင့် အိပ်ရာထဲ တလူးလူးတလိမ့်လိမ့်ရှိနေစဉ် ရွာထိပ်ဆီမှစူးရှသောအော်ဟစ်သံများကြားရသည်ဟုထင်ယောင်လာမိသည်။

ထို့ကြောင့် သူသည် ကပျာကယာလူးလိမ့်ထပြီး အခန်းထဲမှထွက်လာခဲ့လေသည်။ အိမ်ထိန်းကြီးဂူစုကား နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေပုံရသည်။ အရိပ်အရောင်ပင် မတွေ့ရချေ။

ရောင်မာကတံခါးဖွင့်ကာ အိမ်ပြင်ဘက်သို့ထွက်လာခဲ့၏။

တစ်ရွာလုံးတိတ်ဆိတ်ငြိမ်သက်နေ၏။

လမ်းပေါ်တွင် လူရိပ်လူရောင်မျှပင် မတွေ့ရချေ။

ရောင်မာသည် လမ်းပေါ်၌ယောင်ချာချာဖြစ်သွား၏။

ထိုအချိန်မှာပင်....



"အား...."

"အမယ်လေး..."

မလှမ်းမကမ်းနေရာမှ စူးရှသောအော်ဟစ်သံများထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့သည်။

ရောင်မာထိတ်ခနဲဖြစ်သွားသည်။ သို့သော် ရဲဆေးတင်ပြီးအသံထွက်ပေါ်လာရာသို့ ချက်ချင်းပြေးသွားလိုက်မိလေသည်။

ထိုအော်ဟစ်သံများသည် ဝမ်စိမ်း၏အိမ်မှထွက်ပေါ်လာသောအသံများဖြစ်ကြောင်း သိရှိလိုက်သောကြောင့်ဖြစ်သည်။

ဝမ်စိမ်းတို့လူစု အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်းယုံမှားဖွယ်မရှိချေ။ ထို့ကြောင့် ရောင်မာသည် ရေးကြီးသုတ်ပျာပြေးလွှားသွားခြင်းဖြစ်သည်။

ဝမ်စိမ်းအိမ်အနီးသို့ရောက်သည့်အခါ ဝမ်စိမ်း၏အိမ်သည် မီးရောင်များထိန်ထိန်လင်းနေပြီး အိမ်ရှေ့၌ မြင်းနက်ကြီးတစ်ကောင်ရပ်တန့်ထားသည်ကိုတွေ့လိုက်ရလေ၏။

မြင်းနက်ကြီးအား သူချက်ချင်းမှတ်မိလိုက်သည်။

"ရွှမ်ဟိုင်စန်းတချွေ..."

သူ၏နှုတ်မှလွှတ်ခနဲရေရွတ်လိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ထိုမြင်းနက်ကြီးသည် ရွှမ်ဟိုင်စိန်းတစ္ဆေ၏လက်စွဲတော်မြင်းကြီးပင်ဖြစ်ပေသည်။

ထိုစဉ်မှာပင်....

"ဒေါက်... ဒေါက်... ဒေါက်"

ခြေသံများကြားရပြီး အိမ်ထဲမှထွက်လာသောရွှမ်ဟိုင်စန်းတစ္ဆေကိုတွေ့မြင်လိုက်ရလေတော့၏။

သူ ပါးစပ်အဟောင်းသားဖြင့်ငေးကြည့်နေစဉ်မှာပင်....

"သေပေတော့"

အော်ငေါက်သံနှင့်အတူ ဝမ်စိမ်းပြေးလွှားရောက်ရှိလာပြီး တစ္ဆေအားတစ်ဟုန်ထိုးတိုက်ခိုက်လိုက်လေသည်။ ထိုအခါမှ ရှောင်မာလည်းသတိဝင်လာပြီး....

"ယား...."

ဗြာသံပေးကာ ဝမ်စိမ်းနှင့်အတူ လက်တွဲ၍ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

၀၀၀၀

ဝမ်စိမ်းသည် အံတင်းတင်းကြိတ်လိုက်၏။

သူ၏ဇနီးသည်နှင့် အပြစ်မဲ့ကလေးငယ်သည် ရွှမ်ဟိုင်စန်းတစ္ဆေ၏လက်ချက်မိသွားရှာပြီဖြစ်သည်။

ယနေ့ညတွင် မိမိအားပစ်မှတ်ထားပြီး သောင်းကျန်းလာခြင်းကြောင်း ယုံမှားဖွယ်မရှိပြီ။ ဝမ်စိမ်းသည် ဇနီးနှင့်ကလေးအတွက် ယူကြုံးမရဖြစ်ကာပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်၏။

သူသေကိုယ်သေရင်ဆိုင်ရန်ဆုံးဖြတ်ထားပြီးဖြစ်ရာ သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်၏။

ရှောင်မာသည် ဝမ်စိမ်းနှင့်အတူလက်တွဲ၍တိုက်ပွဲဝင်လိုက်လေသည်။

သူတို့နှစ်ယောက်တိုက်ခိုက်မှုမှာပြင်းထန်လှသဖြင့် ရွှမ်ဟိုင်စန်းတစ္ဆေအားချေမှုန်းပစ်နိုင်မည်ဟုယုံကြည်ထားကြ၏။

သို့သော် တကယ်တမ်းရင်ဆိုင်လိုက်သောအခါ....

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေသည် အံ့သြဖွယ်ကောင်းလောက်အောင် တိုက်ရေးခိုက်ရေးကျွမ်းကျင်နေသည်ကိုတွေ့ရလေ၏။

ရွှမ်ဟိုင်စန်းအသက်ထင်ရှားနေစဉ်က သူတစ်ဦးတည်းဖြင့် ရန်သူတစ်ရာကိုရင်ဆိုင်ချေမှုန်းနိုင်ခဲ့သည်ဟု သတင်းကြီးခဲ့လေ၏။ ရွှမ်ဟိုင်စန်းသည် တိုက်ခိုက်ရန်သက်သက် လူဖြစ်လာသူတစ်ဦးပေလားဟု ထင်မှတ်မှားဖွယ်ပင်ဖြစ်တော့သည်။

ရွှမ်ဟိုင်စန်းတစ္ဆေသည် အရောင်တဖိတ်ဖိတ်တောက်ပနေသောဓားကြီးကိုဝေ့ယမ်းပစ်လိုက်ရာ....

"ခြွမ်း... ခြွမ်း"

ရှောင်မာနှင့်ဝမ်စိမ်းတို့ ဒယီးဒယိုင်နောက်ဆုတ်ပေးလိုက်ကြရလေသည်။ ရွှမ်ဟိုင်စန်းတစ္ဆေသည် ရှောင်မာအား လုံးဝအရေးမစိုက်ဘဲ ဝမ်စိမ်းထံသို့လှမ်းသွားလိုက်လေ၏။

ဝမ်စိမ်းလည်း အခြေအနေကို ချက်ချင်းပင် သဘောပေါက်နားလည်လိုက်သည်။ ထို့ကြောင့်...

"ရပ်လိုက်"

အော်ငေါက်ကာ ရွှမ်ဟိုင်စန်းတစ္ဆေအား ပြေးဝင်တိုက်ခိုက်လိုက်လေ၏။



"ယား...."

ရွှမ်ဟိုင်စန်းတစ္ဆေကလည်း ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

ဝမ်စိမ်းသည် အသက်သေရမည်ကိုအရေးမစိုက်ဘဲ အပြင်းအထန်ရင်ဆိုင်တိုက်ခိုက်လိုက်၏။ သို့တိုင်အောင် ရွှမ်ဟိုင်စန်းတစ္ဆေအားနောက်ဆုတ်သွားစေရန်ပင် မတတ်နိုင်ခဲ့ချေ။

ရွှမ်ဟိုင်စန်းတစ္ဆေသည် ထိပ်တန်းသိုင်းသမားတစ်ယောက်ကဲ့သို့တိုက်ခိုက်ရေးကျွမ်းကျင်ပြီး အလွန်ပါးနပ်နေသည်ကိုအံ့သြဖွယ်တွေ့မြင်ရလေသည်။

ရွှမ်ဟိုင်စန်းတစ္ဆေသည် ဝမ်စိမ်းနှင့်ရှောင်မာတို့၏တိုက်ခိုက်မှုကို အသာအယာပင်ရှောင်တိမ်းကာ ဝမ်စိမ်းထံ လျှပ်တစ်ပြက်ခုန်ဝင်ပြီးဓားဖြင့်ပိုင်းချလိုက်လေသည်။

"ဝုန်း...."

ဝမ်စိမ်းမှာ မည်သို့မျှရှောင်တိမ်းနိုင်စွမ်းမရှိဘဲ ဓားချက်ထိမှန်ကာ မြေပေါ် အရုပ်ကြိုးပြတ်လဲကျသွားတော့၏။ ဝမ်စိမ်းသည် ရွှမ်ဟိုင်စန်းတစ္ဆေ၏သားကောင်အဖြစ် အသက်ပေးလိုက်ရပြန်လေပြီ။ မျက်စိတမှိတ်လျှပ်တစ်ပြက်အတွင်းမှာပင် ဝမ်စိမ်းတစ်ယောက်မရှုမလှတိုက်ခိုက်ခံလိုက်ရခြင်းဖြစ်ရာ....

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာ့အနေဖြင့် မည်သို့မျှမယုံနိုင်အောင်ဖြစ်သွားရလေသည်။ သူပါးစပ်အဟောင်းသားဖြင့်ငေးကြည့်နေစဉ်မှာပင် ရွှမ်ဟိုင်စန်းတဈေသည် ခြေတစ်လှမ်းချင်းလှမ်းကာ မြင်းနက်ကြီးအနီးသို့ ရောက်ရှိသွားလေ၏။

"ဟီး... ဟီး... ဟီး"

ရွှမ်ဟိုင်စန်းတဈေသည် လူတစ်ယောက်ပမာ မြင်းပေါ်လွှားခနဲခုန်တက်လိုက်၏။

ထို့နောက်....

"ခွပ်... ခွပ်... ခွပ်"

မြင်းခွာသံမြင်းဟီသံများကြားရပြီး ရွှမ်ဟိုင်စန်းတဈေသည်လည်း မြင်းနက်ကြီးနှင့်အတူအဝေးသို့ရောက်ရှိသွားလေတော့၏။

၀၀၀၀



## နတ်ဝင်သည်၏ဟောကိန်း

---

နတ်ဝင်သည်လောင်ရှီ၏ဟောကိန်းများသည် သွေးထွက်အောင်မှန်ကန်နေပြီဟုဆိုရပေတော့မည်။

လောင်ရှီ ကြိုတင်ဟောကိန်းထုတ်ခဲ့သည့်အတိုင်း ရွှမ်ဟိုင်စန်းတဈေသည် ဝံဖြူကျေးရွာအတွင်းသို့ဝင်ရောက်မွှေနှောက်သွားခဲ့ပြီမဟုတ်ပါလား။

ရပ်ရွာအကျိုးကို ရှေ့တန်းမှဆောင်ရွက်လေ့ရှိသောဝမ်စိမ်းနှင့်သူ၏မိသားစုတို့ သေဆုံးသွားသောအခါ မည်သူကမျှ ရွှမ်ဟိုင်စန်းတဈေအား ရင်မဆိုင်ဝံ့တော့ပါ။

ရွာသူရွာသားအားလုံးတုန်လှုပ်ချောက်ချားကာ ကြောက်ရွံ့နေကြပြီဖြစ်သည်။

ရှောင်မာ့ကိုလည်း မည်သူကမျှ အားမကိုးကြတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တခွေကိစ္စကိုဖြေရှင်းရန် သူ၏စုံစမ်းမေးမြန်းမှုများကိုလည်း မည်သူကမျှအရေးမစိုက်တော့ပါ။ သူ့ကိုလည်းအထင်မကြီးတော့ပါ။ သက်သက်မဲ့ အလုပ်ပို လာလုပ်နေသူဟုပင် ထင်မှတ်လာကြတော့၏။ အဆိုးဆုံးကား....

အိမ်ထိန်းကြီးဂူစုသည်ပင် သူ့ကိုဂရုမစိုက်တော့ခြင်းဖြစ်၏။ သူကိုယ်တိုင်က ရှောင်မာ့ကိုအထင်မကြီးတော့ပါ။ ရှောင်မာ့ကို ဟိတ်တစ်လုံးဟန်တစ်လုံးနှင့်ကြွားလုံးထုတ်နေသူဟုပင် ထင်မှတ်လာလေသည်။ ထိုအချိန်တွင်... နတ်ဝင်သည်လောင်ရှိထံမှ နောက်ထပ်ဟောကိန်းတစ်ခုထွက်ပေါ်လာပြန်လေသည်။

ထိုဟောကိန်းသည်ကား... ယနေ့ညတွင် သူဌေးထင်းအိတို့အား ရွှမ်ဟိုင်စန်းတခွေကလာရောက်သုတ်သင်ရှင်းလင်းပစ်လိမ့်မည်ဟူ၍ဖြစ်လေသည်။

နတ်ဝင်သည်လောင်ရှိ၏ဟောကိန်းအတိုင်း အမှန်တကယ်ဖြစ်လာနိုင်ပါမည်လော။

၀၀၀၀



နီရဲသောနေလုံးကြီးသည် အနောက်တောင်စွယ်၌ မေးတင်နေပြီဖြစ်သည်။ မကြာမီ နေရောင်ခြည်ပျောက်ကွယ်ပြီး အမှောင်ထုကလွှမ်းခြုံလာသည်။

ညအချိန်ရောက်လာသည့်အခါ... ဝံဖြူရွာသည် အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

အိမ်ဖိုင်းလိုလို၌ လူသူတစ်စုံတစ်ယောက်မျှရှိမနေတော့ပါ။

ရွာထဲမှရှိသမျှလူအားလုံးသည် ရွာလယ်ဘုံကျောင်းသို့စုရုံးရောက်ရှိနေကြပြီဖြစ်သည်။ အိမ်ထိန်းကြီးဂူစုကိုယ်တိုင်က မကောင်းဆိုးဝါးမိစ္ဆာများသည် ဘုံကျောင်းထဲသို့ဝင်ရောက်ခြင်းမပြုနိုင်သဖြင့် ဘုံကျောင်း၌သွားရောက်ခိုလှုံကြရန်လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။

တစ်ရွာလုံး လူသူမရှိတော့သဖြင့် ရှောင်မာသည်လည်း ဘုံကျောင်းအတွင်း၌သွားရောက်ခိုလှုံလိုက်ရတော့သည်။

ဘုံကျောင်းမှာ ကြီးမားလှသည်မဟုတ်သဖြင့် တစ်ရွာလုံးကလာရောက်ခိုလှုံသောအခါ နေရာမဆန့်အောင်ဖြစ်သွား၏။

ရွာသူရွာသားများသည် ဘုံကျောင်းထဲရှိသမျှ အခန်းအားလုံး၌ပြွတ်သိပ်ပြည့်ညပ်အောင်ပင် နေကြရသည်။ တစ်ညလုံးကျပ်ကျပ်သိပ်သိပ်ဖြင့် ဒုက္ခခံရတော့မည်ဟုရှောင်မာတွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလူတိုင်းသည် ကြောက်ရွံ့ထိတ်လန့်နေပြီး အသံပင် မထွက်ဝံ့အောင်ဖြစ်နေကြတော့သည်။

ရှောင်မာသည် ကျန်းမာရေးချို့ယွင်းကာ ကြောက်ရွံ့စိတ်များဖြစ်ပေါ်နေသဖြင့် ကိုယ့်ကိုယ်ကိုမကျေမနပ်ဖြစ်မိသည်။

"ငါဟာ ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စဖြေရှင်းဖို့လာတဲ့မင်းမှုထမ်းတစ်ယောက်ပဲ... ခုတော့ ဝံဖြူရွာသားတွေဒုက္ခရောက်နေတာကို ဘာမှလုပ်မပေးနိုင်ဘဲလက်ပိုက်ကြည့်နေရတယ်၊ ငါကိုယ်တိုင်လဲ ထိတ်လန့်နေမိတယ်၊ ငါ့လောက်အသုံးမကျတဲ့လူ ရှိပါဦးမလား"

ထိုသို့ ကိုယ့်ကိုယ်ကိုအားမလိုအားမရတွေးရင်း နံနက်မိုးစင်စင်လင်းသည်နှင့် လုံရှန်မြို့သို့ပြန်သွားရန်ဆုံးဖြတ်လိုက်သည်။

သူ ဘာမျှမတတ်နိုင်တော့သည့်အတူတူ လုံရှန်မြို့ဝန်မင်းထံ အကျိုးအကြောင်းတင်ပြကာ အကူအညီတောင်းရတော့မည်မဟုတ်ပါလား။ ရှောင်မာ ယင်းသို့တွေးတောနေစဉ်မှာပင်....

"ခင်ဗျားထွက်သွား"

"ရွှမ်ဟိုင်စန်းက ခင်ဗျားကိုအလိုရှိနေတာ ကျုပ်တို့နဲ့ဘာမှ မဆိုင်ဘူး၊ ခင်ဗျားကြောင့် ကျုပ်တို့ပါဒုက္ခရောက်လိမ့်မယ်... ခင်ဗျား ထွက်သွား"



"ဟုတ်တယ်... မောင်းထုတ်ကြဟေ့"

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကိုကြားရ၏။

ရှောင်မာလှမ်းကြည့်လိုက်သောအခါ လူတစ်စုက အဘိုးအိုတစ်ယောက်အား ဘုံကျောင်းထဲမှမောင်းထုတ်နေသည်ကိုတွေ့ရလေသည်။

"မလုပ်ကြပါနဲ့... မလုပ်ကြပါနဲ့"

အမျိုးသမီးတစ်ယောက်ကတောင်းပန်နေ၏။

"ထင်းအိနဲ့ကျင်စန်းတို့ဇနီးမောင်နှံပဲဖြစ်မယ်"

ရှောင်မာကတွေးမိသည်။

"သွား... သွား"

"ထွက်သွား"

ထင်းအိအားလက်မခံလိုသူများက ဘုံကျောင်းတံခါးကိုဖွင့်ကာအတင်းမောင်းထုတ်နေကြသည်။ ရှောင်မာ သတိဝင်လာပြီးဟန့်တားရန်ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

လူအများသည် အဘိုးအိုထင်းအိနှင့်ကျင်စန်းတို့အား....

ဘုံကျောင်းအပြင်သို့ တွန်းထုတ်ကာ တံခါးပြန်ပိတ်ထားလိုက်ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ကြပါနဲ့ဗျာ"

ရောင်မာကအော်ပြောပြီး ဘုံကျောင်းတံခါးဆီပြေးသွား၏။

ထိုစဉ်မှာပင်....

"ဟီး... ဟီး... ဟီး"

"ခွပ်ခွပ်... ခွပ်ခွပ်"

အပြင်ဘက်မှမြင်းခွာသံ မြင်းဟီသံများထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

ရောင်မာခြေလှမ်းတုံ့ခနဲရပ်သွား၏။

ခွမ်ဟိုင်စန်းရောက်လာပြီမဟုတ်ပါလား။

ရောင်မာငူငူကြီးဖြစ်သွားစဉ်မှာပင် အပြင်ဘက်မှမြင်းခွာသံများ မြင်းဟီသံများ တောင်းပန်တိုးလျှိုးသံများနှင့်ပြေးလွှားသံများ ထွက်ပေါ်လာသည်။

ထို့နောက်...

"အား..."

"အမလေး"

စူးရှသောအော်ဟစ်သံများ ဆင့်ကဲဆင့်ကဲထွက်ပေါ်လာသည်ကိုကြားရသည်။



မရှေးမနှောင်းမှာပင်...

"ဟီး... ဟီး... ဟီး"

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းဟီသံ မြင်းခွာသံများ ထပ်မံထွက်ပေါ်လာပြီး တဖြည်းဖြည်းဝေးသွားကာ တိုးတိတ်ပျောက်ကွယ်သွားလေတော့၏။

နတ်ဝင်သည်လောင်ရှီ၏ဟောကိန်းအတိုင်း ထပ်မံဖြစ်ပျက်လာခဲ့ပြီဟုဆိုရပေတော့မည်။ နောက်တစ်နေ့နံနက်တွင်....

ရောင်မာသည် အထုပ်အပိုးများပြင်ဆင်ကာ အိမ်ထိန်းကြီးဝူစုအားနှုတ်ဆက်လိုက်သည်။

"ကျုပ်ပြန်တော့မယ်... တစ္ဆေတစ်ကောင်သောင်းကျန်းနေတာ ဘယ်လိုမှဖြေရှင်းမပေးနိုင်တဲ့အတွက်ခွင့်လွှတ်ပါ။ မြို့တော်ဝန်ထံမှာ ဒီကိစ္စကိုတင်ပြပေးပါ့မယ်၊ မြို့တော်ဝန်ဟာ အမှန်တကယ်ဖြေရှင်းပေးနိုင်မယ့် ကျုပ်ထက်အရည်အချင်းရှိတဲ့လူတစ်ယောက်ကို စေလွှတ်ပေးမှာသေချာပါတယ်"

ဝူစုမျက်နှာမကောင်းချေ။

"ဆရာလေးပြန်တော့မယ်ဆိုရင်တော့ ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ခွမ်ဟိုင်စန်း ဘယ်လောက်ထိများသောင်းကျန်းနေဦးမယ်

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ ကြာရင် ရွာပျက်သွားလိမ့်မယ်... မြို့တော်ဝန်ဆီအကျိုးအကြောင်းတင်ပြပေးပါ"

"စိတ်ချပါဗျာ"

ရွှမ်ပိုင်စန်းကြောင့် ဝံဖြူရွာသားများထိတ်လန့်ချောက်ချားကာစိတ်ဝမ်းကွဲလျက်ရှိနေကြချေပြီ။ ကြာလျှင် ဂူစုပြောသကဲ့သို့ တစ်ရွာလုံးပျက်စီးသွားတော့မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပေတော့သည်။

ရောင်မာက ဂူစုအားနှုတ်ဆက်ကာထွက်သွားရန်ဟန်ပြင်လိုက်စဉ်မှာပင်....

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများထွက်ပေါ်လာကာ အိမ်ရှေ့သို့မြင်းလှည်းတစ်စီးဆိုက်ရောက်လာလေသည်။ ထိုမြင်းလှည်းမှာ လုံရှန်မြို့တော်ဝန်၏အမှတ်တံဆိပ်ပါသောမြင်းလှည်းဖြစ်သည်။

လုံရှန်မြို့မှလာသောမြင်းလှည်းဖြစ်သဖြင့် ရောင်မာနှင့်ဂူစုတို့က အိမ်ပြင်ဘက်သို့ ချက်ချင်းလှမ်းထွက်လိုက်ကြ၏။

မြင်းလှည်းသမားသည် လွှားခနဲခုန်ဆင်းလာပြီး ရောင်မာ့ကိုဦးညွှတ်လိုက်၏။



"မြို့တော်ဝန်က ဆရာလေးရောင်မာအတွက် စာတစ်စောင်ပို့ခိုင်းလိုက်ပါတယ်"

ရိုရိုသေသေပြောကာ စာတစ်စောင်ကမ်းပေးလိုက်သည်။

ရောင်မာ သက်ပြင်းချလိုက်သည်။ သူကဝံဖြူကျေးရွာသို့ရောက်လာပြီးနောက် မြို့တော်ဝန်ထံသို့အဆက်အသွယ်မလုပ်ဖြစ်ခဲ့သော်လည်း မြို့တော်ဝန်ကမူ သူ့အားမမေ့မလျော့ဆက်သွယ်လာပြီမဟုတ်ပါလား။

ရောင်မာကစာကိုဖောက်ဖတ်လိုက်သည်။

စာတွင်ရေးသားထားသည်မှာ....

*"ရောင်မာ....*

*နေပြည်တော်ကသတင်းတစ်ခုရောက်လာတယ်၊ ချုန်အန်းမြို့က နာမည်ကျော်လူဆိုးကြီးကောက်ဥ သေဒဏ်အပြစ်ပေးခံရမဲ့ဆဲဆဲ ကြေးတိုက်ကိုဖောက်ထွင်းပြီး ထွက်ပြေးလွတ်မြောက်သွားတယ်၊ ရွှမ်ပိုင်တောင်ပေါ်ဒေသဘက် ရောက်ကောင်းရောက်လာနိုင်တယ်၊ ဒါကြောင့် ရွှမ်ပိုင်စန်းတစ္ဆေကိစ္စကိုဖော်ထုတ်ရင်း ချုန်အန်းလူဆိုးကြီးကောက်ဥရဲ့ သတင်းကိုပါစုံစမ်းပါ။*

**အမတ်ကြီးကျိုးဂု"**

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာပခုံးတွန့်လိုက်သည်။

"တာဝန်တစ်ခုကိုတောင် ကျေပွန်အောင် မထမ်းဆောင်နိုင်တာပဲ... နောက်ထပ်တာဝန်တစ်ခုကိုဘယ်လိုထမ်းဆောင်နိုင်မှာတဲ့လဲ"

ဟုစိတ်ထဲမှရေရွတ်လိုက်၏။

ထို့နောက်....

"ကျုပ် မြို့တော်ဝန်နဲ့အရေးတကြီးတိုင်ပင်စရာရှိလို့ လုံ့ရှန်မြို့ကိုပြန်ဖို့စီစဉ်ထားတယ်... တစ်ခါတည်းလိုက်ခဲ့မယ်"

ဟုပြောလိုက်ရာ မြင်းလှည်းသမားကဦးညွှတ်လိုက်၏။

"ကောင်းပါပြီခင်ဗျာ... မြင်းလှည်းပေါ်ကိုကြွပါ"

မြင်းလှည်းတံခါးကိုဖွင့်ပေးလေသည်။ ရှောင်မာက ဝူစုကိုနှုတ်ဆက်ကာ မြင်းလှည်းပေါ်တက်လိုက်သည်။

ထို့နောက်တွင်....

ဝဝဝဝ



## လျှို့ဝှက်ချက်

"ခွပ်ခွပ်... ခွပ်ခွပ်"

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများသည် စည်းချက်ဝါးချက်ကျကျထွက်ပေါ်လာ၏။ ဝံဖြူရွာသည် ရွာပျက်ကြီးတစ်ခုပမာတိတ်ဆိတ်ခြောက်သွေ့နေလေသည်။ ရှောင်မာသည်... မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့်ငြိမ်သက်နေသောအိမ်လေးများကိုကြည့်ကာ စိတ်မကောင်းဖြစ်နေမိလေသည်။

"တစ္ဆေတစ်ကောင်သောင်းကျန်းနေတာကို ခေါင်းငုံ့ခံနေကြရတယ်... ဒီကိစ္စကိုငါမဖြေရှင်းနိုင်ဘူးလား"

သူသည် အမတ်ကြီးကျိကု၏ချီးမြှင့်မြှောက်စားခြင်းခံရသောအမှုထမ်းကောင်းတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်သောတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သည်ချည်းဖြစ်သည်။ ယခုမူ ရှောင်မာသည် ရှက်လွန်းသဖြင့် မျက်လုံးပိတ်ထားလိုက်လေ၏။

ထိုစဉ်မှာပင်....

"အစ်ကိုကြီး... အစ်ကိုကြီး"

တကြော်ကြော်ခေါ်သံများကိုကြားလိုက်ရ၏။

ရှောင်မာ မျက်လုံးဖျပ်ခနဲပြန်ပွင့်လာသည်။

မြင်းလှည်းပြတင်းပေါက်မှ ခေါင်းပြူကြည့်သောအခါ ပြေးလိုက်လာသည့်လောက်ဝီးအားတွေ့လိုက်ရသည်။ သူ မနေနိုင်တော့ဘဲ မြင်းလှည်းအိမ်ကိုလက်ဝါးဖြင့်ပုတ်ကာ....

"ခဏရပ်လိုက်ပါဦး"

မြင်းလှည်းသမားသည် ကြားသွားပြီး ချက်ချင်းအရှိန်သတ်ကာရပ်လိုက်သည်။ မြင်းလှည်းတံခါးဖွင့်လိုက်သည်နှင့် လောက်ဝီးကခုန်တက်လာသည်။

ရှောင်မာ၏လက်ကိုဆွဲရင်း....

"အစ်ကိုကြီး... မြို့ကိုပြန်တော့မလို့လား၊ ကျွန်တော့်ကိုခေါ်သွားမယ်ဆို"



ဟု ငိုမဲ့မဲ့လေးပြောလေသည်။

ရှောင်မာ စိတ်မကောင်းဖြစ်သွားသည်။

"ညီလေးရယ်... ဒီရွာဟာမင်းရဲ့ဇာတိမဟုတ်လား၊ မင်းဘာကြောင့်မနေချင်ရတာလဲ"

လောက်ဝီးက....

"အစ်ကိုကြီး ကျွန်တော်မနေရဲတော့ဘူး၊ ကျွန်တော့်ကိုခေါ်သွားပါနော်"

ရှောင်မာသက်ပြင်းချလိုက်သည်။

"ညီလေး... ငါ့မှာအရေးကြီးတဲ့ကိစ္စတွေရှိနေသေးတယ်၊ ဒါကြောင့် နောက်တစ်ခါမှလာခေါ်မယ်... ခုလောလောဆယ် နေစရာမရှိဘူးဆိုရင်ဒေါ်လေးကျင်စုဆီမှာအပ်ပေးထားခဲ့မယ်... သူနဲ့ငါ တွေ့ပြီးပြီ၊ ဒီလောက်မဆိုးပါဘူး၊ သဘောကောင်းပါတယ်... ညီလေးကိုစောင့်ရှောက်ထားပါလိမ့်မယ်"

လောက်ဝီး၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

"အမယ်လေး... ဒေါ်လေးကျင်စုဆီကိုမပို့ပါနဲ့၊ ကျွန်တော်မသွားချင်ဘူး"

လောက်ဝီး၏အကြောက်အကန်ငြင်းဆန်မှုကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မာအံ့သြသွားသည်။

"ညီလေး… ဘာကြောင့်မသွားချင်ရတာလဲ၊ ပြောပါဦး"

"သူ… သူက ပရဆေးခင်းထဲမှာ ကျွန်တော့်ကိုထားတယ်၊ သူ့ရဲ့မြင်းတွေကိုကျောင်းခိုင်းတယ်… သူခိုင်းတာကိုမလုပ်ရင် ရိုက်တယ်… သူဆေးဖော်စပ်တဲ့နေရာမှာ ကူလုပ်ရတယ်… သူဖော်စပ်ထားတဲ့ဆေးတွေကျွန်တော့်ကိုတိုက်တယ်၊ မသောက်ရင်ရိုက်တယ်"

ရှောင်မာအံ့သြသွား၏။ လောက်ဝီးသည် လိမ်ပြောမည့်သူ မဟုတ်ဟုယုံကြည်သည်။

ထို့ကြောင့်….

"နေပါဦး ပရဆေးတွေဖော်စပ်ပြီးညီလေးကိုတိုက်လို့လား"

လောက်ဝီးကမျက်နှာရှုံ့မဲ့ကာ….

"ဘာပရဆေးတွေလဲညီး ကျွန်တော်မသိဘူး… သောက်လိုက်ရင် မူးဝေသွားတယ်၊ ကြောက်လန့်တဲ့စိတ်တွေပေါ်လာတယ်"

"ဟေ…."

ရှောင်မာမျက်လုံးပြူးသွားသည်။

လောက်ဝီးကဆက်၍ပြော၏။

"သူ… သူ့ရဲ့မြင်းနက်ကြီးတွေကို…."



ရှောင်မာ၏ခေါင်းထဲ အလင်းရောင်လင်းလက်သွား၏။ ချက်ချင်းပင် မြင်းလှည်းပေါ်မှခုန်ဆင်းလိုက်၏။

"အစ်ကိုကြီး…."

လောက်ဝီးလည်းခုန်ဆင်းလာသည်။

"ဒေါ်လေးကျင်စုဆီကိုသွားကြမယ်"

ရှောင်မာသည် ပြောပြီး ရှေ့မှခပ်သုတ်သုတ်လျှောက်သွားလေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



နတ်ဝင်သည်လောင်ရှိသည် ရွှံ့ဟိုင်စန်းတစ္ဆေနှင့်ပတ်သက်ပြီး နောက်ထပ်ဟောကိန်းမထုတ်နိုင်တော့ပါ။ အကြောင်းကား လောင်ရှိသည် သူမ၏အိမ်ထဲ၌ မီးလင်းဖိုထဲခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားရခြင်းကြောင့်ဖြစ်သည်။

အဘယ်ကြောင့် ထိုသို့သေဆုံးသွားရသည်ကိုမသိနိုင်ကြပါ။ သူမသည် ရွှံ့ဟိုင်စန်းတစ္ဆေအကြောင်းသိရှိကာ ဟောကိန်းထုတ်နေခြင်းကြောင့် ထိုတစ္ဆေက သူမအား ဆုံးမလိုက်ခြင်းသာဖြစ်မည်ဟု ထင်မှတ်လိုက်ကြသည်။

ဝဝဝဝ

ဒေါ်လေးကျင်စုသည် သူမ၏အိမ်တွင်မရှိပါ။

သို့သော်... လောက်ဝီးက ကျင်စုရှိသောနေရာကိုသိရှိထားလေ၏။ ရောင်မာအား လမ်းပြခေါ်ဆောင်သွားသဖြင့် ကျင်စုထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားလေသည်။

ဝဝဝဝ



လေငွေ့ယမ်းတိုက်ခတ်လိုက်သောအခါ စိမ်းရွှေရွှေအနံ့များ ရှင့်ပျံလာ၏။ လောက်ဝီးသည် သစ်ပင်ချုံနွယ်များကြား၌စိုက်ပျိုးထားသောစိုက်ခင်းတစ်ခုကိုဖြတ်ကာ ရောင်မာအားခေါ်ဆောင်သွားခြင်းဖြစ်သည်။ ရောင်မာကစိုက်ခင်းကိုလှမ်းကြည့်ကာ...

"ဒါ ဒါ... ဒေါ်လေးကျင်စုစိုက်ပျိုးထားတဲ့ပရဆေးပင်တွေ ဟုတ်လား"

"ဟုတ်တယ်... အစ်ကိုကြီး ဟိုဘက်မှာမြင်းဇောင်းရှိတယ်"

"ကောင်းပြီ"

ရောင်မာသည် စိုက်ပျိုးထားသောပရဆေးပင်တစ်ပင်မှ အရွက်တစ်ခုကိုခူးယူကာစစ်ဆေးကြည့်လိုက်၏။

သူ၏မျက်လုံးများ ဝင်းလက်တောက်ပသွား၏။

ထို့နောက် သူသည် လောက်ဝီးနှင့်ဆက်လက်လိုက်သွားရာ မြင်းဇောင်းတစ်ခုကိုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းဇောင်းထဲ၌ ပိတုန်းရောင်မြင်းနက်ကြီးသုံးကောင်ရှိနေသည်ကိုတွေ့ရသည်။ မြင်းဇောင်းကို သွားရောက်စစ်ဆေးရန်ဟန်ပြင်လိုက်စဉ်....

"အမယ်လေး...."

စူးရှသောအော်ဟစ်သံကြီးတစ်သံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသဖြင့် ရှောင်မာ၏တစ်ကိုယ်လုံးတုန်ခါသွား၏။

"ကျင်းကျင်း...."

နှုတ်မှလည်း လွှတ်ခနဲအသံထွက်သွားသည်။

ရှောင်မာသည် လောက်ဝီးကိုပင်သတိမရတော့ဘဲ အော်ဟစ်သံထွက်ပေါ်လာရာဆီသို့ တစ်ဟုန်ထိုးမပြေးလွှားသွားလေတော့၏။

ဝဝဝဝ



စူးရှသောအော်ဟစ်သံများသည် သစ်လုံးအိမ်လေးတစ်လုံးအတွင်းမှပေါ်လာခြင်းဖြစ်၏။ ထိုအသံသည် ကျင်းကျင်း၏အသံဖြစ်သည်။ ရှောင်မာသည် တစ်ဟုန်ထိုးပြေးသွားရာ သစ်လုံးအိမ်လေးအနီးသို့ရောက်သည့်အခါ ခြေလှမ်းရပ်လိုက်၏။

ရှမ်ပတိုင်စန်းတစ္ဆေကိစ္စနှင့်ပတ်သက်၍ အလွန်ထူးခြားသည့်ဖြစ်ရပ်များနှင့်ကြုံတွေ့ခဲ့ရပြီဖြစ်ရာ... စိတ်လိုက်မာန်ပါမလုပ်သင့်ကြောင်းဆင်ခြင်မိလိုက်၍ဖြစ်သည်။

ရှောင်မာသည် စိတ်ကိုတည်ငြိမ်အောင်ထိန်းချုပ်လိုက်ပြီး သစ်လုံးအိမ်လေး၏ပြတင်းပေါက်အနီးသို့ချဉ်းကပ်၍ မသိမသာချောင်းကြည့်လိုက်သည်။ ထိုအခါ ကျင်းကျင်းသည် ကြမ်းပြင်ပေါ်၌ဒူးထောက်လျက်ရှိပြီး ဒေါ်လေးကျင်စုကကျာပွတ်တစ်ချောင်းကိုကိုင်၍ကျင်းကျင်း၏ရှေ့၌ရပ်နေသည်ကိုတွေ့လိုက်ရသည်။

ကျင်စု၏မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းအောင်ခက်ထန်နေသည်။

"ညည်းက... ကျင်စန်း လူတကာနဲ့ဖောက်ပြားတာကို အားကျပြီး ရှောင်မာနဲ့ပတ်သက်ချင်တာပေါ့ ဟုတ်လား၊ ကျင်စန်းကြောင့်ငါဘယ်လောက်သိက္ခာကျခဲ့ရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျင်းကျင်းအားကြိမ်းမောင်း၍ကျာပွတ်ဖြင့်ရိုက်ချရန်ဟန်ပြင်လိုက်ပြီးမှ မရိုက်သေးဘဲတစ်ဖက်သို့လှည့်ကာ....

"ရွှမ်ဟိုင်စန်း... ရှင်ဘာလုပ်နေတာလဲ၊ ရောင်မာ ဒီနေ့ မြို့ကိုပြန်သွားတယ်... ရှင်လိုက်ပြီးသုတ်သင်ပစ်လိုက်ပါ"

ရောင်မာကြောင်အမ်းအမ်းဖြစ်မိသည်။

အိမ်တိုင်တစ်လုံးကွယ်နေသဖြင့် အိမ်ထဲ၌ နောက်ထပ်ရှိနေသူတစ်ယောက်ကိုမတွေ့ရချေ။ ကျင်စု၏စကားသံဆုံးသွားပြီး မရှေးမနှောင်းမှာပင် လူတစ်ယောက်ထရပ်လာမှ သူမြင်တွေ့သတိပြုမိတော့သည်။ ထိုလူမှာ ခေါင်းမပါ ခန္ဓာကိုယ်ကြီးသက်သက်ရှိသော ရွှမ်ဟိုင်စန်းတစ္ဆေဖြစ်သည်။

ကျင်စုနှင့်ရွှမ်ဟိုင်စန်းတစ္ဆေတို့သည် မည်သို့ပတ်သက်နေခဲ့ကြပါသနည်း။

"ရောင်မာကိုမလွှတ်စေနဲ့"

ကျင်စု၏အမိန့်ပေးသံထွက်ပေါ်လာသည်။ ရွှမ်ဟိုင်စန်းတစ္ဆေသည်ထွက်သွားရန်ဟန်ပြင်လိုက်သော်လည်း မသွားသေးဘဲ ကျင်စုဘက်သို့ပြန်လှည့်သည်။

"ရှင်သွားတော့လေ... ဘာလုပ်နေတာလဲ"



ကျင်စုကငေါက်လိုက်သည့်တိုင် ရွှမ်ဟိုင်စန်းကထွက်မသွားချေ။ ကျင်စုသည် ဒေါသဖြစ်၍ အော်ငေါက်ရန်ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကိုသတိရသွားဟန်ဖြင့်မဲ့ပြုံးပြုံးလိုက်၏။

"ဘာလဲ... ရှင့်ခေါင်းကိုပြန်လိုချင်လို့လား"ဟု

ရွှမ်ဟိုင်စန်းသည် ဟုတ်မှန်ကြောင်း အဖြေပေးသည့်အနေဖြင့် ခန္ဓာကိုယ်ယိမ်းထိုးပြလိုက်သည်။

ကျင်စုကရယ်လိုက်သည်။

"ငါခိုင်းတာသာဖြစ်အောင်လုပ်စမ်းပါ... မင်းရဲ့ခေါင်းကို ငါပြန်ပေးမှာပေါ့"

ရွှမ်ဟိုင်စန်းကလက်ဝှေ့ယမ်းပြလိုက်သည်။ ကျင်စုအား မယုံနိုင်သည့်သဘော။ ထိုသို့ပြောပြီး တကယ်တမ်းမပေးဘဲ လိမ်ညာနေသည်ဟူသောသဘောမျိုးသက်ရောက်နေသည်။

ကျင်စုက....

"ဒီတစ်ခါ နောက်ဆုံးတစ်ကြိမ်မင်းကိုခိုင်းတာပဲ၊ ငါခိုင်းတာလုပ်ပြီးရင် မင်းလိုချင်တာပေးမယ်၊ မင်းဘာသာ လွတ်ရာကျွတ်ရာသွားပေတော့"

ရောင်မာ အသက်အောင့်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံဖြူ့ရွာသားများပြောနေကြသကဲ့သို့ ရွှမ်ဟိုင်စန်းသည် ခန္ဓာကိုယ်ချည်းသက်သက် မြုပ်နှံသဂြိုဟ်ခံလိုက်ရသဖြင့် မကျွတ်မလွတ်ဘဲ သူ၏ခေါင်းကို တစ္ဆေဘဝဖြင့်လိုက်ရှာနေခြင်းပေလော။

ရှောင်မာသည်တွေးရင်း အဖြစ်အပျက်များကိုနားလည်လာသကဲ့သို့ရှိလာသည်။ သူ၏ရင်ထဲမရှင်းလင်းသည့်အချက်တစ်ချက်သာလျှင်ကျန်တော့သည်။ ထို့ကြောင့် လှုပ်ရှားခြင်းမပြုဘဲ အခြေအနေစောင့်ကြည့်နေလိုက်သည်။

ထိုစဉ် ရွှမ်ဟိုင်စန်းသည် ကျင်စု၏ကတိစကားကို ကျေနပ်သွားဟန်ဖြင့်လှည့်ထွက်မည်အပြု....

"အစ်ကိုကြီး...."

လောက်ဝီး၏ခေါ်သံ ရုတ်တရက်ထွက်ပေါ်လာ၏။

ရှောင်မာထိတ်လန့်တကြားလှည့်ကြည့်လိုက်ရာ ပြေးလွှားလာနေသည့်လောက်ဝီးကိုတွေ့လိုက်ရ၏။ ရှောင်မာအနေဖြင့် ဟန့်တားရန်အချိန်မရလိုက်တော့ပါ။ အိမ်ထဲမှလှုပ်လှုပ်ရှားရှားအသံနှင့်အတူ ကျင်စုတို့ပြေးလာကြသည်ကိုတွေ့လိုက်ရတော့သည်။

ဝဝဝဝ



ဒေါ်လေးကျင်စုသည် လက်တစ်ဖက်ကကျင်းကျင်းအားဆွဲပြီး ကျန်တစ်ဖက်က လူအရိုးခေါင်းခွံတစ်ခုကိုင်ထား၏။ သူမသည် ရှောင်မာနှင့်လောက်ဝီးတို့ကိုတွေ့ရသည့်အခါ သဘောကျစွာရယ်မောလိုက်ပြီး....

"ရှောင်မာ... မင်း ထွက်မသွားသေးဘဲကိုး၊ သေချင်လို့ ဒီနေရာအထိလာခဲ့တာပဲ"

ရှောင်မာသည် လောက်ဝီးအား သူ၏နောက်ကျောဘက်သို့ပို့ထားလိုက်ပြီး....

"ခင်ဗျားအကြောင်းကို ကျုပ်သိပြီ... ခင်ဗျားရဲ့ မကောင်းတဲ့လုပ်ရပ်တွေကိုရပ်တန့်ကရပ်လိုက်တာကောင်းမယ်"

"မင်းကငါ့အကြောင်း ဘာတွေများသိထားလို့လဲ... ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ခင်ဗျားစိုက်ပျိုးထားတဲ့ဘယဆေးပင်တွေကိုတွေ့ခဲ့ပြီးပြီ၊ ဒီဆေးပင်တွေကဆေးရွက်တွေဟာ လူကိုမူးယစ်စေတယ်... ထိတ်လန့်ချောက်ချားတဲ့စိတ်တွေဖြစ်လာစေတယ်၊ အမြဲတမ်းထုံထိုင်းငေးမောနေအောင်အစွမ်းရှိတယ်... ဘယဆေးရွက်တွေကို အသုံးပြုပြီး တစ်ရွာလုံး အလိုလိုနေရင်း စိတ်ချောက်ချားအောင်လုပ်ခဲ့တယ်၊ ဒါမှ ရွှမ်ဟိုင်စန်းတစ္ဆေခြောက်တယ်လို့ တစ်ရွာလုံးက ယုံထင်ကြောင်ထင်ဖြစ်ပြီး လက်ခံလာကြမှာမဟုတ်လား"

ကျင်စုကမဲ့ပြုံးပြုံး၍....

"မင်းမဆိုးဘူး... ငါကစေတနာရှိလို့ကျွေးမွေးနေတယ်များမှတ်နေသလား၊ သူတို့စားမယ့်အစားအစာတွေထဲမှာ ဆေးခတ်ပြီးကျွေးတာ၊ တစ်ရွာလုံးရူးသွပ်သွားလေ ကောင်းလေပဲ"

"ခင်ဗျား ဘာကြောင့်ဒီလိုလုပ်ရတာလဲ... ပြောစမ်းပါဦး"

ကျင်စုကအံကြိတ်လိုက်သည်။

"ငါ့ညီမကျင်စန်းကအကျင့်မကောင်းဘူး၊ ဒါကိုအခွင့်အရေးယူတဲ့လူတွေကရှိသေးတယ်... တစ်ရွာလုံးကငါ့ကိုချစ်ခင်လေးစားကြသလောက်ကျင်စန်းကြောင့်ငါအရှက်ရခဲ့ရတယ်၊ ငါ့မျက်နှာဘယ်သွားထားမလဲ"



သူမသည် ဂုဏ်သရေရှိအမျိုးသမီးကြီးတစ်ယောက်ဖြစ်သလို တစ်ရွာလုံး၏ကြည်ညိုလေးစားခြင်းခံရသောစေတနာရှင်တစ်ဦးလည်းဖြစ်သည်။ ညီမဖြစ်သူကြောင့်အရှက်ကြီးရှက်ခဲ့ပြီး ကျင်စန်းနှင့်ပတ်သက်ခဲ့သူများအပေါ်မကျေမနပ်ဖြစ်ခဲ့ရသည်။

နှစ်ပေါင်းများစွာမျိုသိပ်လာခဲ့ရသည့် မကျေနပ်မှုများသည် အုံကြွပေါက်ကွဲလာသောအခါ မကြံစည်အပ်သည်များကိုကြံစည်ခဲ့ခြင်းဖြစ်လေသည်။ ရောင်မာသည် ရွှမ်ဟိုင်စန်းတစ္ဆေကိစ္စတွင် တစ်စုံတစ်ခုမှားယွင်းနေကြောင်းသတိပြုမိသော်လည်း....

လောက်ဝီးပြောသည့်ထူးခြားသောအာနိသင်ရှိသည့် ဘယဆေးပင်အကြောင်းကိုကြားသိလိုက်ရမှ ကြောက်ရွံ့ထုံထိုင်းမှုဖြစ်ရခြင်းသည် ဒေါ်လေးကျင်စုကျွေးမွေးခဲ့သောအစားအစာတို့၌ ဆေးခတ်ထားခြင်းကြောင့်ဖြစ်ကြောင်း နားလည်လာလေသည်။

ဒေါ်လေးကျင်စုသည် စေတနာရှင်အဖြစ်ဂုဏ်ယူဝင့်ကြွားလိုသော်လည်း ညီမကျင်စန်းကြောင့် အရှက်တကွဲအကျိုးနည်းဖြစ်ရသောအခါ....

ကြိတ်မနိုင်ခဲမရဖြစ်ပြီး သူမ၏ဒေါသကို ကျင်စန်းနှင့်ပတ်သက်ခဲ့သူများအပေါ်ပုံချခဲ့မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်းဟိုင်တောင်ပေါ်ဒေသ၌ အမုန်တကယ်ဖြစ်ပျက်ခဲ့သော ရွှမ်ဟိုင်စန်းကိစ္စကိုအခြေခံပြီး ရွှမ်ဟိုင်စန်းတစ္ဆေကိုဖန်တီးကာ သူမ မကျေနပ်သူများကိုသုတ်သင်ပစ်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဖန်.... သူမ၏လုပ်ရပ်များ ပေါ်ပေါက်သွားမည်ကိုကြောက်ရွံ့၍ သူမအကြောင်းသိနေပြီဟု သင်္ကာမကင်းဖြစ်မိသူများကိုထပ်မံလုပ်ကြံပြန်သည်။

သို့ဖြင့် သူမ၏လုပ်ကြံမှုသည် အတောမသတ်နိုင်တော့ဘဲ ရွှမ်ဟိုင်စန်းကိစ္စကိုဆက်လက်ဖန်တီးကာ လုပ်ကြံမှုသံသရာလည်နေတော့သည်။

တစ်ရွာလုံးထိတ်လန့်တုန်လှုပ်အောင် လောင်ရှီကိုအသုံးချကာ လုပ်ကြံသတင်းလွှင့်ခြင်းဖြင့် အထောက်အကူရယူခဲ့၏။

ထို့နောက်... နတ်ဝင်သည်ကဖော်ကောင်လုပ်မည်ကိုစိုးရိမ်ကာ သူမကိုယ်တိုင်ပင် နှုတ်ပိတ်ပစ်ခဲ့ခြင်းဖြစ်လေသည်။ ရှောင်မာသည် အတွေ့အကြုံရင့်ကျက်သူဖြစ်သည့်အလျောက်

ဒေါ်လေးကျင်စုအပေါ် မသင်္ကာစရာအကြောင်းတစ်ခုခုမြင်သည်နှင့် အဖြစ်အပျက်များကိုကျိုးကြောင်းဆင်ခြင်ဆက်စပ်၍ ဖော်ထုတ်နိုင်ခဲ့လေတော့သည်။



ဒေါ်လေးကျင်စု၏အကြံကား ဖော်ထုတ်ပေါ်ပေါက်ခဲ့ချေပြီ။ ရွှမ်ဟိုင်စန်းက မည်သို့ရှိပါသနည်း။

"သူ့ကိုသတ်ပစ်လိုက်စမ်း"

ဒေါ်လေးကျင်စု၏အသံထွက်ပေါ်လာသည်။

ရွှမ်ဟိုင်စန်းသည် တလှုပ်လှုပ်ဖြင့်ရှေ့တိုးလာတော့၏။

လှုပ်ရှားနေသောခန္ဓာကိုယ်ကြီး လက်ထဲမှအရောင်တဖိတ်ဖိတ်တောက်ပနေသည့်ဓားရှည်တစ်လက်....

ရွှမ်ဟိုင်စန်း၏လက်ချက်ကြောင့် ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲသွားကြရသူများ....

ရှောင်မာသည် ရွှမ်ဟိုင်စန်းကိုကြည့်ကာ ကြောက်စိတ်များဖြစ်ပေါ်လာသော်လည်း ဒေါ်လေးကျင်စု၏ဘယဆေးများကြောင့် ယခုလိုဖြစ်ရသည်ကိုသဘောပေါက်ထားပြီးဖြစ်ရာ ရင်ဆိုင်ရန်ဟန်ပြင်လိုက်လေ၏။

ထိုစဉ်....

"ဝုန်း...."

ကျင်းကျင်းသည် ဒေါ်လေးကျင်စု၏လက်ထဲမှ ဦးခေါင်းကို လုယူကာရှန်းထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင်....

"ရော့... ရှင့်ရဲ့ဦးခေါင်း"

ဟုအော်ပြောကာ ရွှမ်ဟိုင်စန်းထံပစ်ပေးလိုက်၏။

ရွှမ်ဟိုင်စန်းက လက်ထဲမှဓားကိုလွှတ်ချကာ ခေါင်းခွံကြီးကို ဖမ်းယူပြီး သူ၏လည်ပင်း၌တပ်ဆင်လိုက်၏။

"ပြန်ပေးစမ်း"

ဒေါ်လေးကျင်စုသည် စူးရှစွာအော်ဟစ်ပြီး ရွှမ်ဟိုင်စန်းထံသို့တစ်ဟုန်ထိုးပြေးဝင်သွားကာ ဦးခေါင်းခွံကိုလုယူလိုက်သည်။

နှစ်ယောက်သား ရုန်းရင်းဆန်ခတ်ဖြစ်သွားသည့်အချိန်ကို အခွင့်ကောင်းယူကာ ရှောင်မာသည် မြေပေါ်၌ကျနေသောဓားရှည်ကိုကောက်ယူပြီး အားကုန်ပစ်ပေါက်လိုက်သည်။

"ဝုန်း...."

ရွှမ်တိုင်စန်းက...

ဒေါ်လေးကျင်စု၏ဦးခေါင်းကို လက်ဝါးစောင်းဖြင့်ခုတ်ကာ အဆုံးစီရင်လိုက်သည်။

ဒေါ်လေးကျင်စု မြေပေါ်လဲကျသွားချိန်တွင် ရှောင်မာပစ်လိုက်သောဓားက သူ၏ရင်ဝသို့တိုးဝင်ထိုးဖောက်သွား၏။



"အား...."

စူးရှစွာအော်ပြီးမြေပေါ်လဲကျသွားတော့သည်။

ရွှမ်တိုင်စန်းသည် အဘယ်ကြောင့် စူးရှနာကြည်းစွာအော် ဟစ်လိုက်ရပါသနည်း။

၀၀၀၀

အကျဉ်းတိုက်ထဲမှထွက်ပြေးလာခဲ့သော ချန်အန်းလူဆိုးကြီး ကောက်ဉသည် ချင်းဟိုင်တောင်ဖေါ်ဒေသ၌လာရောက်ခိုအောင်းနေ ရင်း ဒေါ်လေးကျင်စုနှင့်တွေ့ဆုံပေါင်းဖက်မိပြီး ရွှမ်ဟိုင်စန်းတစ္ဆေအ ဖြစ်ဟန်ဆောင်လှုပ်ရှားခဲ့လေ၏။

လူဆိုးကြီးကောက်ဉသည် ဝံပြုရွာသားများကိုခြောက်လှန့် ကာပစ္စည်းဥစ္စာများလုယက်ရန်ကြံစည်ခဲ့သော်လည်း...

ဒေါ်လေးကျင်စု၏ဘယဆေးအစွမ်းကြောင့် ကိုယ့်သဘော နှင့်ကိုယ်မဟုတ်တော့ဘဲ ဒေါ်လေးကျင်စုခိုင်းသမျှ လုပ်ပေးရသည့် လက်ပါးစေဖြစ်လာခဲ့ရတော့သည်။

မှုးယစ်ထုံထိုင်းကာ စိတ်ချောက်ချားစေသောဘယဆေး များကို နေ့စဉ်တိုက်ကျွေးခံရသောအခါ ကောက်ဉ၏စိတ်များလည်း မှုမမှန်တော့ဘဲဖောက်ပြန်ရူးသွပ်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ရွှမ်ဟိုင်စန်းဖြစ်သည်ဟုထင်မှတ်လာတော့သည်။ ရွှမ်ဟိုင်စန်းတစ္ဆေသည် ခန္ဓာကိုယ်နှင့်ကင်းလွတ်နေသည့် ဦးခေါင်းခွံပြန်ရရန်လှုပ်ရှားနေသည်ဟု စိတ်ထဲ၌မှားယွင်းစွာစွဲမှတ်သွား၏။

သို့ဖြင့်... ထိတ်လန့်ချောက်ချားဖွယ်ကောင်းလှသည့်ရွှမ်ဟိုင်စန်းတစ္ဆေဖြစ်ရပ်သည် သေးငယ်သည့်အကြောင်းကိစ္စလေးတစ်ခုမှအစပြုကာ သွေးချောင်းစီးသွားသည်အထိဖြစ်ပေါ်စေခဲ့တော့သည်။ ရွှမ်ဟိုင်စန်းကိစ္စကိုဖော်ထုတ်ဖြေရှင်းလိုက်သည့်အခါ...

၀၀၀၀

BURMESE CLASSIC .com



တောက်ပသည့်နေရောင်ခြည်အောက်တွင် ချင်းဟိုင်ဒေသတစ်ခုလုံးသာယာလှပနေသည်။

ရှောင်မာသည် လုံရှန်မြို့သို့ပြန်တော့မည်ဖြစ်သည်။

ကျင်းကျင်းနှင့်လောက်ဝီးတို့က သူနှင့်အတူ မလိုက်ဖြစ်ကြတော့ပါ။ ထင်းအိနှင့်ဒေါ်လေးကျင်စုတို့ကျန်ရစ်ခဲ့သောပစ္စည်းဥစ္စာများကို ကျင်းကျင်းကအမွေဆက်ခံရမည်ဖြစ်ပြီး ပျက်စီးယိုယွင်းခဲ့ရသည့်ဝံဖြူရွာ ပြန်လည်ထူထောင်ရေးကိုဆောင်ရွက်သွားမည်ဖြစ်လေသည်။

လောက်ဝီးကိုလည်း မောင်လေးအရင်းပမာစောင့်ရှောက်သွားလိမ့်မည်ဖြစ်သည်။ အေးချမ်းသာယာသွားပြီဖြစ်သည့်ဇာတိဝံဖြူရွာတွင် တစ်သက်တာပျော်ရွှင်ချမ်းမြေ့စွာနေထိုင်သွားကြတော့မည်ဖြစ်သည်။

ရှောင်မာ မြင်းလှည်းဖြင့်ထွက်သွားသည့်အခါ...

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျင်းနှင့်လောက်ဝီးတို့သည် လက်ဝှေယမ်းပြကာ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျထွက်ပေါ်လာ၏။

ရှောင်မာအား သယ်ဆောင်သွားသည့်မြင်းလှည်းသည် တဖြည်းဖြည်းဝေးသွားကာ မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

*ပြီး၏။*

*တက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com

www.burmeseclassic.com